www.burmeseclassic.com

အသစ်စက်စက်သိုင်းစာစဉ်

တက္ကသိုလ်

# နေလင်းအောင်

## သိုင်းမာယာနှင့်သွေးသစ္စာ



၅

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်
# နေလင်းအောင်

သိုင်းမာယာနှင့်ဓားသွားသစ္စာ

စာစဉ် (၅)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၃၃၀၅၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၀၁၀၅၁၂

ပထမအကြိမ်
၂၀၀၆ ခုနှစ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ကျောက်စိမ်းပုံနှိပ်တိုက်
ဦးကျော်စိန် (၀၂၉၀၉)
အမှတ် - ၁၇၁၊ ၃၃-လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ တာဝန်ကျေသောတာဝန် ဖြစ်သည်။

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆၁)

### ရေလည်၍ အနှုရာယ်

'ငါ့ညီမတ အာဝ မိန်းတလေးပါလား၊ ညီမတို့ မျိုးရိုးတာ အစဉ်အလာကြီးမားတဲ့ မျိုးရိုးမှန်း သိပါတယ်၊ ဒါပေမယ့် တို့တ သုံးယောက်၊ ညီမတ တစ်ယောက်တည်း၊ ညီမမှာ ပိုင်ကွက် ဆိုတ်ကွက်တွေ ရှိနေလို့လား ဟင်းဟင်း. . .'

ဖက်ဖူးရောင်အမျိုးသမီး၏စကားသည် သံရော်ခဲသာ တားပင်၊ သူမစကားအတိုင်းဆိုလျှင် လေ့သမားသည်လည်း သူတို့လူပင်။

လီယွင်ဟုန်သည် ဓားကို တင်းခနဲ ကြိတ်လိုက်ပြီး မိုက်တန်း တန်း ပြောတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုပဲ ဖြစ်ဖြစ်လေ စမ်းသပ်တော့ ကြည့်ရမှာပဲ၊ တိုက်ပွဲ ဆိုတာက. . .'

လီယွင်ဟုန်သည် စကားကို ဆုံးအောင်မပြောနိုင်တော့ချေ။ အစိမ်းဝတ်အမျိုးသမီး၏ လျှပ်တစ်ပြက် တိုက်ခိုက်မှုကို ခံလိုက်ရတော့သည်။

မျက်စိတစ်မှိတ်အတွင်းမှာပင် သူမ၏ လက်တစ်ဘက် ဖမ်းချုပ်ခံထားရလေပြီ။

'ညည်းအရည်အချင်းလေးနဲ့ တို့ကို ယှဉ်လို့ မရပါဘူးအေ'

'ညည်းအတွက် လွတ်လမ်းဆိုတာ လုံးဝ မရှိတော့ပါဘူး'

လီယွင်ဟုန်သည် ဘာစကားမျှ ပြန်မပြောနိုင်ဘဲ ဘယ်ဘက်လက်ကောက်ဝတ်တစ်ခုလုံး ထုံကျင်သွားတော့သည်။ သူမ လုံးဝ မလှုပ်ရဲတော့ချေ။

ဖက်ဖူးရောင်ဝတ်အမျိုးသမီးသည် သူတို့အဖြစ်ကို ကြည့်ပြီး တဟင်းဟင်း ရယ်နေလေပြီ။

'ငါ့ညီမ အာတတ်နိုင်သေးလဲ၊ ဟင်းဟင်း. . . မင်ရှင်ကြယ်က နည်းမျိုးစုံသုံးပြီး ညည်းကို ကယ်တင်ခဲ့ပြီးပါပြီ။ ဒါပေမယ့် နောက်ဆုံးကျတော့ တို့လက်ထဲပဲ ပြန်ရောက်တော့တာပဲ၊ ညည်းချစ်သူက တို့လက်ထဲကို ဒီလို လွယ်လွယ် ပြန်ရောက်သွားလိမ့်မယ်လို့ ဘယ်ထင်ပါ့မလဲကွယ်၊ ကြည့်လေ၊ ဟိုကျူတောကမ်းစပ်မှာ မျှော်ငေးနေတုန်းပါပဲ. . . ဟင်းဟင်း'

လီယွင်ဟုန်သည် ရှက်လည်းရှက်၊ ဒေါသလည်း ထွက်လာသည်။



မင်ရှင်ကြယ်ကို လှမ်းအော်ပြောရန် ကြိုးစားသော်လည်း ဝါးစပ်ပလိုတ်စဉ်မှာပင် တစ်ကိုယ်လုံး ထုံကျင်လာသဖြင့် ငြိမ်နေလိုက်ရပြန်သည်။

ဖက်ဖူးရောင်ဝတ်အမျိုးသမီးသည် လီယွင်ဟုန့် အခြေအနေကို သဘောကျ ကျေနပ်သဖြင့် လှောင်သံနှင့် ပြောပြန်သည်။

'ညီမက ချစ်သူကို အကူအညီ တောင်းချင်နေတာကိုး၊ ခုတော့ လှမ်းခေါ်ခွင့် မပြုနိုင်သေးဘူးကွယ်၊ ဟိုဘက်ကမ်းရောက်မှ ကြိုက်သလို အော်ခေါ်ပါ။ ခုတော့ သည်းခံနေလိုက်ပါဦး. . . ဟင်းဟင်း'

လီယွင်ဟုန်သည် မခံမရပ်နိုင်အောင် ဒေါသဖြစ်နေသော်လည်း စိတ်ကိုပြန်ပြီး ထိန်းချုပ်လိုက်ရသည်။

ထို့နောက်. . .

'ရှင်တို့က ဘာတိစ္စနဲ့ ဒီလိုလုပ်ကြတာလဲ'

'မေးဖို့ လိုသေးသလားကွယ်'

'လိုလို့ မေးနေတာပေါ့'

'ဟင်းဟင်း. . . ဒီလိုဆိုလဲ ပြောပြရတာပေါ့၊ အစ်မခင်ပွန်းက သိပ်ချောသိပ်လှတဲ့ ညီမကို တပ်မက်စွဲလန်း နေတယ်တဲ့၊ ဒါကြောင့်မို့ ခုလို လုပ်ရတာပါ'

လီယွင်ဟုန်သည် ဖော်မပြနိုင်လောက်အောင် ဒေါသထွက်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေသည် သူတို့လက်မှ လွတ်နိုင်မည့်အခြေအနေ မရှိတော့ပေ။

ယခုနေ လွှပ်ရှားရှုန်းကန်ခြင်းသည် အချိန်နှင့်သာ ရင်ဆိုင်ရမည့် လှုပ်ရှားခြင်းသာ ဖြစ်ပေတော့မည်။

မထူးတော့၊ လိုအပ်သလို စုံစမ်းလေ့လာပြီး အတွက်တောင်း စောင့်ရတော့မည်။

အတန်ကြာအောင် ငြိမ်နေမိသောအခါ သွေးအေးလာ ဖြန်သည်။

'တဲ. . . ရှင်တို့ရဲ့ မဟုတ်တရုတ် အစီအစဉ်တွေကို ဆက်ပြောပါဦးရှင်'

'ပြောမှာပါ. . . ပြောမှာပါ၊ ညီမဟာ သိုင်းဝါကြီးရင့်တဲ့ မိသားစုရဲ့မျိုးဆက်ပါ၊ မျိုးရိုးကောင်းသလို ရုပ်ရည်လည်း ချောမောလှပလှပါတယ်'

'ဟင်းဟင်း. . . မိန်းမချင်း ကိုယ်ချင်းမစာ၊ ရှင်မို့ ပြောရက်တယ်ရှင်၊ ဒီကိစ္စဟာ မိန်းမချင်းတောင် ရှက်ရတဲ့ကိစ္စပါ'

'ဒါတော့ အစ်မလည်း ဘယ်တတ်နိုင်ပါ့မလဲ'

လီယွင်ဟုန်သည် ဖက်ဖူးရောင်ဝတ်အမျိုးသမီး၏ ယုတ်ညံ့သော အတွေးအခေါ်များနှင့် သဘောထားများကို စက်ဆုပ်မုန်းတီးနေလေပြီ။

ဖက်ဖူးရောင်ဝတ်အမျိုးသမီးက ယုတ်ကြမ်းသော စကားများကို ဖွဲ့နွဲ့ပြောနေသော်လည်း နားထဲ မဝင်အောက် ကြိုးစား



နေရသည်။

ထို့နောက် ထိုစကားကိုဖြတ်ပြီး စကားလမ်းကြောင်း ပြောင်းလိုက်ရသည်။

'နေပါဦး၊ ရှင်တို့က ကျွန်မတို့ရဲ့ ဖေးယွင်ရဲတိုက်ကြီးကို ဘာဖြစ်လို့ အပိုင်စီးထားကြတာလဲ'

'တိုယ့်အကြောင်းနဲ့ တိုယ်ပေါ့တွယ်၊ ရှင်းအောင်ပြောရရင်တော့ အစ်မယောကျ်ားဟာ သိုင်းလောပကကြီးမှာရှိနေတဲ့ ဂိုဏ်းဂဏနဲ့ ရဲတိုက်တွေကို ထိုက်သူစံပစ္စည်းတွေလို့ ယူဆထားလို့ ပေါ့တွယ် ဟင်းဟင်း'

လီယွင်ဟုန်သည် မကျေနပ်သော်လည်း စောဓတ တက်ခြင်း မပြုတော့ချေ။

ဖက်ဖူးရောင်ဝတ်အမျိုးသမီးကသာ ဆက်ပြီး ပြောလာ ပြန်သည်။

'နောက်တစ်ချက်က အစ်မယောကျ်ားဟာ သိုင်းလောကရဲ့ သရဖူကို ဆောင်းနိုင်ဖို့ ကြိုးစားနေသူပါ၊ တစ်နည်းပြောရရင် သိုင်းလောကရဲ့ စကြာရာဇ် ဦးသျှောင်ကြီး ဖြစ်ချင်နေသူပေါ့၊ သူ့အစီအစဉ်ကတော့ သိုင်းလောကထဲက ရဲတိုက်တွေ၊ ဝန်းတွေနဲ့ ဂိုဏ်းတွေကို တစ်ခုပြီးတစ်ခု သိမ်းပိုက်ပစ်မယ်၊ အောင်မြင်ရင် သိုင်းလောကရဲ့ သိုင်းသရဖူကိုဆောင်းပြီး သိုင်းစကြာရာဇ် ဦးသျှောင် လုပ်မယ်ပေါ့၊ ဒါဟာ ညီမကို ခင်လို့ ပွင့်ပွင့်လင်းလင်းပြောပြတာပါ၊ ဖေးယွင်ရဲတိုက် အသိမ်းခံရတာဟာ ပထမခြေလှမ်းပဲ ရှိပါသေး

www.burmeseclassic.com

www.burmeseclassic.com



တယ်'

'တော်တော်အကြကြီးနေကြတာကိုး၊ လောဘကြီးတဲ့လူဟာ ဆိုးရွားတဲ့ဘဝမျိုးနဲ့သာ အဆုံးသတ်ရလေ့ရှိပါတယ်ရှင်'

လီယွင်ဟုန်၏စကားကြောင့် ဖက်ဖူးရောင်ဝတ် အမျိုးသမီးကော အစိမ်းဝတ်အမျိုးသမီးပါ ဆတ်ခနဲ ဖြစ်သွားသည်။

'ညည်း ဘယ်လိုပြောလိုက်တာလဲ'

အစိမ်းဝတ်အမျိုးသမီးက ဒေါသသံနှင့် မေးသည်။

လီယွင်ဟုန်က အပြုံးမပျက် ပြန်ပြောသည်။

'လောကရဲ့ နိယာမသဘောကို ပြောနေတာပါ၊ ခါချဉ်ဟာ ဘယ်လောက်ပဲ မာန်ကြီးကြီး တောင်ကြီးတိုတော့ ဖြိုလို့မရပါဘူး နောက်ဆုံးမှာ သူ့မာန်ဒဏ် သူပြန်ခံရပြီး ခါးကျိုး သေရမြဲပါ၊ သိုင်းလောကက ရဲတိုက်တစ်ခုကို အပိုင်စီးနိုင်ရုံနဲ့ သိုင်းလောကတစ်ခုလုံးကို မသိမ်းပိုက်နိုင်ပါဘူး၊ ရဲတိုက်ကြီးတွေ၊ ဂိုဏ်းကြီးတွေကို ထပ်သိမ်းနိုင်ဖို့ မပြောနဲ့ လောလောဆယ်မှာ သိုင်းသမားနှစ်ယောက်ကိုတောင် ပိုင်ပိုင်နိုင်နိုင် မထိန်းချုပ်နိုင်သေးပါဘူး'

'ညည်း ဘယ်သူ့ကို ပြောနေတာလဲ'

ဖက်ဖူးရောင်အမျိုးသမီး၏လေသံ ပြောင်းသွားသည်။

လီယွင်ဟုန်သည် သူမဒေါသကို ဂရုမစိုက်တော့ချေ၊

'ကျို့ကုံးချွင်နဲ့ မင်ရင်ကြယ်လေ'

ဖက်ဖူးရောင်အမျိုးသမီးသည် ဘာကို သဘောကျသွားသည် မသိ၊ အဟင်းဟင်း ရယ်နေပြန်တော့သည်။



'ရယ်စရာကောင်းတယ်၊ သိုင်းလောကသားတွေဟာ အဓိပ္ပာယ်မရှိဘဲ ဒီနှစ်ယောက်ကို အထင်ကြီးနေတာပဲ၊ ညီမလည်း အဲဒီလူတွေလိုပါပဲ၊ ကျို့ကုံးချွင်နဲ့ မင်ရင်ကြယ်ဟာ အသေးအမွှားသတ္တဝါလေးတွေပါကွယ် . . . ဟင်းဟင်းဟင်း'

'ဒါက ရှင်တို့ရဲ့ မျက်ကန်းအမြင်ပါ၊ ကျို့ကုံးချွင်ဟာ ဓလ္လပွန် သိုင်းလောကရဲ့ နံပါတ်တစ် သိုင်းသမားပါ၊ ဒါကို ဘယ်သိုင်းဂိုဏ်းကမှ မငြင်းပယ်ခဲ့ကြပါဘူး၊ မင်ရင်ကြယ်ဆိုတဲ့လူကလဲ နာမည်ကြီးနေသူ မဟုတ်ပေမယ့် လူညံ့တစ်ယောက် မဟုတ်ပါဘူး'

'ညည်းပြောတာ မဆိုးဝါဘူး၊ ဒါပေမယ့် အဲဒီနှစ်ယောက်နဲ့ ဝန်ရှင်မော်ကို ယှဉ်လိုက်ရင် ဖွဲ့နဲ့ဆန်ကွဲချည်းပါကွယ်'

ဖက်ဖူးရောင်အမျိုးသမီးက ခပ်အေးအေးပြောသည်။

လီယွင်ဟုန်သည် ကြားရသောစကားကြောင့် တုန်ခနဲဖြစ်သွားသည်။

ဖက်ဖူးရောင်အမျိုးသမီးက ဆက်ပြောသည်။

'ကျို့ကုံးချွင်ဟာ သိုင်းလောက နံပါတ်တစ် သိုင်းသမားမို့ တော်တယ်လို့ ဆိုရမှာပဲ၊ မင်ရင်ကြယ် ဆိုတဲ့ လူကလဲ ခေတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် သူတို့ထက် အများကြီး သာလွန်ပြီး အများကြီး အစွမ်းထက်သူဟာ ဝန်ရှင်မော်ပဲ၊ ဒါပေမယ့် အဲဒီ ဝန်ရှင်မော်တောင် အစ်မယောက်ျား လက်ထဲက ရုန်းမထွက်နိုင်ခဲ့ဘူး၊ ကြည့်လေ. . သိုင်းလောကရဲ့ သရဖူဥသျှောင်လို့ ကျော်ကြားနေတဲ့လူဟာ အစ်မယောက်ျားရဲ့အစွမ်းကြောင့် အရက် တစ်ခွက်နဲ့

www.burmeseclassic.com



သဝေရှက်သွားရှာ မထုတ်လား။ ဗိနောက်မှာတော့ ကျို့တုံး ရှုင်တို့ ခင်ရှုံကြယ်တို့ဆိုတာ စာရင်းထဲတောင် ထည့်စရာ မလိုတော့ဘူး။ သူ့ချိတို့ အနိုင်ယူဖို့ဆိုတာ ဆယ်နှစ်ဆယ်မိုး ကြိုဆ ရမယ့်ကိစ္စ မထုတ်တော့ဘူး'

လီယွင်ဟုန်သည် အခြေအနေကို တောင်းကောင်း သဘော ပေါက်လာလေပြီ။

■



## အခန်း (၆၂)

### အကျဉ်းအကျပ်

'လက်စသတ်တော့ သူ့ရဲကောင်းကြီး ဝန်ရင်မော် ဒုက္ခ ရောက်သွားတာဟာ ရှင်တို့လက်ချက်ကိုး၊ အကြံပက်စက်ပါပေ့ရှင်'

'ဟင်းဟင်း. . . ညီမ သဘောပေါက်ပြီကိုး'

'ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးမနေပါနဲ့ရှင်၊ တရား မျှတမှု ဟာ မတရားမှုကို အနိုင်ယူစမြဲပါ၊ ဒါပေမယ့် အဲဒီ သူ့ရဲကောင်း ကြီး ဘယ်ရောက်နေမှန်း မသိတာ ခက်တယ်'

'တို့လည်း မသိပါဘူး၊ ကဲပါအေ. . . အပိုတွေ ပြောမနေပါ နဲ့တော့၊'

'ကျွန်မဖေဖေကြီး ဘယ်မှာရှိတယ်ဆိုတာကိုသာ ပြောပါ'

www.burmeseclassic.com

www.burmeseclassic.com



'မကြာခင် မြင်ရမှာပါကွယ်၊ အစ်မယောကျ်ားရဲ့ အကျိုးစီးပွားအတွက် အစ်မယောကျ်ားလက်ထဲမှာပါ၊ ဒီတော့မှ. . .'

'ဟင်းဟင်း. . . ဒီလိုလုပ်ချင်တိုင်း လုပ်လို့ရရင် လောကကြီး ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားမှာပေါ့ရှင့်၊ ရှင်ပြောတိုင်း ယုံရတော့မှာလား၊ ဖေဖေကြီးက. . .'

'ဘာလဲ၊ ညီမက ရဲတိုက်သခင်ကြီးကို တစ်စုံတစ်ယောက်ကယ်သွားပြီလို့ ယူဆနေသေးသလား'

'ဒါပေါ့ရှင့်'

'အဲဒီလိုထင်ရင် မှားမှာပေါ့ကွယ်၊ တကယ်တော့ ညီမဖေဖေကြီးဟာ တို့လက်ထဲမှာ ရှိနေဆဲပါ'

'ရှင် ဘယ်လိုပြောပြော မယုံနိုင်ပါဘူးရှင်၊ ကျွန်မတို့ကလေးလို သဘောထားရင် မှားသွားမှာပေါ့'

'မယုံလဲ နေပေါ့ကွယ်၊ ညီမ မယုံတာကို ယုံပါလို့ မပြောချင်ပါဘူး၊ ဘယ်သူပဲဖြစ်ဖြစ် ညီမဖေဖေကို မင်ရင်ကြွယ် ကယ်သွားပြီလို့ထင်မှာချည်းပဲ၊ ဒီလိုမထင်ပါနဲ့လို့ ဘယ်လိုတားဆီးနိုင်မှာလဲ'

'ဟင်းဟင်း. . . ကြံ့လုံစိုက်စခန်းထဲက အစောင့်တွေနဲ့ အကျဉ်းသားတွေကို မေးမကြည့်မိတာ နာတာပဲ'

'ညီမအမြင်က ပြောင်းပြန်အမြင်ပဲ၊ တို့ကို မရေရာမသေချာ သူတွေလို့ ယူဆတုန်းပဲထင်တယ်၊ အပြောင်းအလဲဆိုတာ ဘယ်လက်ကပစ္စည်းကို ညာလက်ထဲ ပြောင်းသလိုပါကွယ်၊ ဒီလိုမလုပ်နိုင်ရင် မင်ရင်ကြွယ့်မျက်စိကို မလှည့်စားနိုင်ဘူးလို့ တွက်



ထားပြီးသားပါ'

'ရှင် လျှာတိုသွားအောင်ပြောလဲ မယုံနိုင်ပါဘူးရှင်'

'ဒါက ညီမသဘောပါ၊ မယုံတာကို ယုံပါလို့ အတင်းမပြောပါဘူး၊ မကြာခင်မှာ ညီမဖေဖေနဲ့ ဆုံတွေ့ကြမှာပါ၊ အဲဒီတော့မှ သေသေချာချာ ထပ်မေးကြည့်'

ဖက်ဖူးရောင်အမျိုးသမီး၏ မင်သေသေ ပြောစကားကြောင့် လီယွင်ဟုန့်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

စောဒကတက်ပြီး ငြင်းခုန်ရန် ဟန်ပြင်လိုက်မိသော်လည်း ချက်ချင်း ပါးစပ်ပိတ်ပြီး ငြိမ်နေလိုက်မိပြန်သည်။

ဖက်ဖူးရောင်အမျိုးသမီးက. . .

'အစ်မပြောတာကို မယုံလဲ နေပါ၊ ဒီကိစ္စကို ဆက်ပြီးမပြောချင်တော့ပါဘူး၊ အဖြစ်မှန်ကို လက်တွေ့က အဆုံးအဖြတ်ပေးပါလိမ့်မယ်'

'ရှင်ပြောချင်သလို ပြောပါ၊ ကျွန်မကတော့ ကျွန်မဖေဖေကို မျက်စိနဲ့ တပ်အပ်မမြင်ရဘဲနဲ့ ရှင်ပြောတာကို ဘာမှမယုံဘူး'

'ရပါတယ် ညီမစိတ်နဲ့ ညီမပဲ၊ ယုံပါလို့ အတင်းမတိုက်တွန်းပါဘူး၊ ဒါဟာ ထပ်တလဲလဲ ပြောပြီးသား စကားပါ'

'ဟုတ်ပါတယ်၊ ကျွန်မကလဲ အခြေအနေကို သေချာအောင် စောင့်ကြည့်နေတဲ့သူပါ၊ ဖေဖေကြီးကိစ္စတင် မဟုတ်ဘူး၊ လောယန်က ကျုံးကျိုးကြံ့ခက် ကိစ္စကိုလဲ တကယ်ဟုတ်မဟုတ် လေ့လာဦးမှာပါ'

www.burmeseclassic.com

www.burmeseclassic.com



'အေး. . . အစ်မရှင်းအောင် ထပ်ပြောမယ်၊ ကျွန်တော်ကြုံခဲ့တဲ့ သေပြီဆိုတာ ခုထိတော့ တကယ်မဟုတ်သေးပါဘူး၊ ဒါပေမယ့် မကြာခင်မှာ စောစောကပြောတဲ့အတိုင်း တကယ်ဖြစ်လာပါလိမ့်မယ်'

'ရှင်တို့က ပြောတဲ့အတိုင်း တကယ်လုပ်ရဲလို့လားရှင် လုပ်နိုင်တဲ့အရည်အချင်းကော ရှိကြလို့လား'

လီယွင်ဟုန်၏အသံသည် ဒေါသခံစားမှုကြောင့် သိသိသာသာ မာလာသည်။

ဖက်ဖူးရောင်အမျိုးသမီးက အပြုံးမပျက်ချေ။

'ဟင်းဟင်း. . . တို့မလုပ်ဝံ့တာ၊ မလုပ်ရဲတာ ဘာမှ မရှိဘူးကွယ့်၊ ညည်းမကြာခင် ကိုယ်တွေ့မျက်မြင်ဖြစ်လာမှာပါ'

'ရှင်တို့ဟာ ဒုစရိုက်လုပ်ငန်းသမားတွေပဲ၊ ရှင်တို့ဟာ ရှင်တို့ရဲ့ အမမွေဒဏ်ကို လှုလှုကြီး ပြန်ခံကြရမယ့်လူတွေပဲ'

'တို့ကို သဘောတရားတွေနဲ့ ခြိမ်းခြောက်မနေစမ်းပါနဲ့ လောလောဆယ်မှာ ညီမဟာ တို့လက်ခုပ်ထဲက ရေပါ'

ထိုအချိန်၌ တရွေ့ရွေ့ လှော်ခတ်လာသည့်လှေသည် ကမ်းသို့ရောက်နေလေပြီ။

ဖက်ဖူးရောင်အမျိုးသမီးသည် ကမ်းပေါ်ကိုလှမ်းကြည့်လိုက်ပြီး. . .

'လှေဆရာကြီး လှေကို ကျူပင်တောမှာ ကပ်ပါ'

'ဟုတ်ကဲ့ခင်ဗျ'

လှေသမားသည် လှေကို လူသွားလူလာများသော ကမ်းသို့ ဦးတည်ထားရာမှ ကျူတောထဲ ပြန်လှည့်ပြီး တိုးဝင်လိုက်သည်။

ကျူတောသည် သန်စွမ်းထူထပ်သော ကျူတောဖြစ်သဖြင့် အများမြင်ကွင်းမှ ရုတ်ချည်း ကွယ်ပျောက်သွားသည်။

ထို့နောက် ကျူတောကမ်းစပ်အခြေအနေကို အကဲခတ်ပြီး အစိမ်းဝတ်အမျိုးသမီးနှင့် ဖက်ဖူးရောင်အမျိုးသမီးသည် လီယွင်ဟုန်ကိုတွဲပြီး ကမ်းပေါ်သို့ တက်လာခဲ့သည်။

ဖက်ဖူးရောင်အမျိုးသမီးသည် ကမ်းပေါ်သို့တက်မိသည်နှင့် ရိုသဲ့သဲ့ ပြောပြန်သည်။

'အင်း. . . လှေပေါ်မှာတုန်းကတော့ ညီမကို အခွင့်အရေးပေးဖို့ စိတ်ကူးပါသေးတယ်၊ ညီမချစ်သူကို လှမ်းအော်ပြီး နှုတ်ဆက်စကား ပြောနိုင်အောင်ပေါ့၊ ခုတော့ အစီအစဉ်ကို ပြောင်းရတော့မယ်၊ ဘာကြောင့်ပြောင်းသွားတယ်ဆိုတာ ညီမ သဘောပေါက်လား'

လီယွင်ဟုန်က ဘာမျှ မပြော။

တစ်စုံတစ်ရာ ပြောရန် စိတ်ကူးမိသော်လည်း ဟထားသောပါးစပ်ကို ချက်ချင်းပြန်ပိတ်လိုက်ရသည်။

ဖက်ဖူးရောင်အမျိုးသမီးသည် မကျေမနပ်ဖြစ်နေသည့် လီယွင်ဟုန်ကို လှည့်ကြည့်ပြီး ခစ်ခနဲ ရယ်လိုက်သည်။

'လောကကြီးမှာ ရှိနေတဲ့ ချစ်သူတွေဟာ ရှင်ကွဲ ကွဲရတာထက် သေကွဲကွဲရတာဟာ ပိုပြီး ရင်နာစရာကောင်းသတဲ့၊ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဟုတ်၊မဟုတ် သိရအောင် ဓာတ်ကွက်လေးတစ်ကွက် ဖန်တီးဖို့ စဉ်းစားမိလာတယ်၊ ဒါကြောင့်. . .'

ဖက်ဖူးရောင်အမျိုးသမီးသည် လီယွင်ဟုန်ကို ပြောနေရာမှ ကမ်းစပ်တွင်ရှိနေသော လှေသမားကို လှမ်းပြောလိုက်ပြန်သည်။

'လှေဆရာကြီး၊ ဟိုဘက်ကမ်းမှာ ရပ်စောင့်နေတဲ့ လူတို့ သွားခေါ်ခဲ့ပါဦး'

လှေသမားသည် လီယွင်ဟုန်ကို ပြောင်စပ်စပ်မျက်နှာမျိုးနှင့် လှမ်းကြည့်လိုက်ပြီး ဖက်ဖူးရောင်အမျိုးသမီးကိုပြန်ပြောသည်။

'စိတ်ချပါ မိန်းကလေး၊ စိတ်ချပါ'

တဆတ်တည်းတွင် လီယွင်ဟုန်ကိုပါ လှမ်းပြောသည်။

'ဗျို. . . လုံမလေး၊ လုံမလေး ချစ်သူကို မကြာခင် တွေ့ဆုံခွင့် ရတော့မှာပါ၊ ဟိုဘက်တမ်းမှာ ရပ်စောင့်နေတဲ့လူလဲ တော်တော်ချွေချောင်းရောပေါ့'

ထိုစဉ် ဖက်ဖူးရောင်အမျိုးသမီးက လီယွင်ဟုန်ကို ပြောပြန်သည်။

'ညီမ သိပ်လဲ စိတ်ပူမနေပါနဲ့ကွယ်၊ မကြာခင် ညည်းချစ်သူကို မြင်ရမှာပါ၊ မြင်ရမယ့် ပုံသဏ္ဌာန်ကတော့ ရေကူးကျွမ်း၊မကျွမ်းဆိုတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ လှေသမားကြီးက ညီမချစ်သူကိုခေါ်ပြီး ရေလယ်ကျရင် လှေကို မှောက်ပစ်လိမ့်မယ် သူကတော့ ဒီမြစ်ကို ခေါက်တုံ့ခေါက်ပြန်ကူးနိုင်တဲ့လူဆိုတော့ ဘာမှ ပူစရာမလိုဘူး၊ အဲဒီတော့ ညီမချစ်သူ ရေကူးကျွမ်း၊မကျွမ်းဆိုတာ



သေချာချာ ကြည့်ခွင့်ရလိမ့်မယ်၊ မြင်ရခဲ့တဲ့ မြင်ကွင်း တစ်မျိုးကွယ်. . . ဟင်းဟင်း'

လီယွင်ဟုန်သည် ကြားရသောစကားကြောင့် ကြက်သီးန်းဖြန်း ထသွားသည်၊ သူတို့အလစ်ဘွင် ထွက်ပြေးရန်း ကုန် ကြိုးစားရုန်းကန်လိုက်သည်။

သို့သော် အကျိုးမရှိပါ၊ အစိမ်းဝတ်အမျိုးသမီးသည် က်မြန်သည်၊ လျှပ်ပြက်သလို လှုပ်ရှားပြီး လည်ပင်းကို ညှိုးနှင့် ထိုးထားလိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆

### အကြံသမားနှင့် တွေ့ဆုံခြ

လီယွင်ဟုန် လှုပ်၍မရတော့၊ အော်ချင်သော်လည် အော်မရတော့၊ သူမ၏လက်များသည် လှုပ်ရှားရန်ပင် အ မရှိတော့။ ရင်ထဲက အပူသည် မီးတောက်ကြီးလို ဖြစ်လာသည်

ထိုစဉ် ဖက်ဖူးရောင်အမျိုးသမီး၏ စတားသံ ထွက် သည်။

'လှေဆရာကြီး၊ လှေလှော်တာ မြန်လိုက်တာ၊ ရေလ တောင် ကျော်သွားပါပကော'

လီယွင်ဟုန်သည် တစ်ဘက်ကမ်းကို လှမ်းမျှော်ရ မျက်ရည်များ ဝဲကျလာတော့သည်။



မြစ်လည်မှလှေသည် တရိပ်ရိပ်ပြေးနေဆဲဖြစ်သည်။

မင်ရင်ကြွယ်သည် ကမ်းစပ်တွင် ရပ်နေဆဲရှိသည်။

သည်ဘက်ကမ်းကို လှမ်းကြည့်ပြီး တစ်စုံတရာ တွေးနေ န် တူသည်။

လှေသည် တစ်ဘက်ကမ်းစပ်အနီးသို့ ရောက်သွားလေပြီ။

ထိုအခါကျမှ. . .

'လှေရမယ်၊ လှေရမယ်၊ ငှားကြဦးမလား၊ ငှားကြဦး မလား' အော်လိုက်သည်။

မင်ရင်ကြွယ်သည် တစ်စုံတစ်ရာကို လေးလေးနက်နက် ဉ်းစားနေရာမှ သက်ပြင်း ဟင်းခနဲချလိုက်သည်။

ထိုနောက် လှေကို လှမ်းကြည့်ပြီး ကူးရကောင်းမလား ူးဘဲ နေရကောင်းမလား ဒွိဟဖြစ်နေပြန်သည်။

လှေသမားသည် ဘာစကားမျှ မပြောသေးဘဲ လှေကို မ်းတွင် ထိုးစိုက်လိုက်သည်။

ထို့နောက် ခပ်ပိုင်ပိုင်အသံမျိုးနှင့်. .

'မိတ်ဆွေကြီး၊ ဟိုဘက်ကမ်း ကူးမလို့လား၊ လှေပေါ်တက် လေဗျာ'

မင်ရင်ကြွယ်သည် တစ်စုံတရာကို ဆုံးဖြတ်လိုက်ပြီး ဖြစ်၍ ှေပေါ် ဖျတ်ခနဲ ခုန်တက်လိုက်တော့သည်။

ထို့နောက် ဘာစကားမျှ မပြောဘဲ မတ်တပ်ရပ်ပြီး လက် ာက်ပစ်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လှေသမားကလည်း မင်းရင်ကြွယ်ကို ဂရုမစိုက်သည့်ဟန်နှင့် လှေကို ခပ်မြန်မြန် ထွက်ခွာလိုက်သည်။

မကြာပါ။ မြစ်လယ်အနီးသို့ပင် ရောက်ရှိခဲ့တော့သည်။ ထိုအခါကျမှ မင်းရင်ကြွယ်က ရုတ်တရက် သတိရလာဟန်နှင့် မေးသည်။

'လှေဆရာကြီး ကူးတို့ခ ဘယ်လောက်ပေးရမလဲ'

'ကြည့်သာပေးပါဗျာ၊ ဘယ်ရွေ့ ဘယ်မျှရယ် မဟုတ်ပါဘူး။ ဒီနေရာက တစ်လနေလို့ တစ်ယောက် နှစ်ယောက်တောင် လူရတာ မဟုတ်ပါဘူး၊ ကျုပ်ကလဲ လှေသာလှော်နေတာ၊ ကူးတို့ပို့စားတဲ့ လူ မဟုတ်ပါဘူး၊ ဒီနေရာမျိုးမှာသာ ကူးတို့ပို့ စားနေရရင် အူခြောက်သေမှာ အမှန်ပဲ'

မင်းရင်ကြွယ်က ဘာမှမပြောဘဲ ခေါင်းသာ ညိတ်ပြသည်။ အတန်ကြာမှ. . .

'ဟုတ်ပါတယ်ဗျာ၊ ဒါပေမယ့် နှစ်ဦးနှစ်ဘက် ကျေနပ်မှု ရအောင် ဘယ်ရွေ့ဘယ်မျှ ဆိုတာတော့ ပြောပါ'

'ကောင်းပါပြီဗျာ၊ တစ်ယောက်တည်းဆိုတော့ အများကြီး တောင်းလို့ မသင့်ပါဘူး၊ တစ်လျှန်သာ ပေးပါ'

လှေသမားစကားကြောင့် မင်းရင်ကြွယ် ပခုံးတွန့်သွား သည်။

တစ်လျှန်သည် ကူးတို့ခအင်နေနှင့် အလွန်ကြောက်စရာ ကောင်းအောင် ကြီးမြင့်သော ဈေးနှုန်းဖြစ်သည်။ သို့သော်



မင်းရင်ကြွယ်က အရွဲ့တိုက်ပြီး ပြန်ပြောသည်။

'သက်သာလိုက်တဲ့ ကူးတို့ခပဲဗျာ၊ တစ်ခါမှ ဒီလောက် နည်းတဲ့ဈေးနှုန်းနဲ့ မတွေ့ဖူးသေးဘူး. . . ဟဲဟဲ'

'သက်သာတယ် ဟုတ်လား'

'ဟုတ်ပါတယ်၊ တော်တော်သက်သာတဲ့ ဈေးနှုန်းပဲ၊ ခင်ဗျားက မသက်သာဘူး ထင်လို့လား'

လှေသမားသည် မျက်ခုံးနှစ်ဘက် မြင့်သွားပြီး ပါးစပ် ဟောင်းလောင်းဖြစ်သွားသည်။ အတန်ကြာမှ-

'ဟဲဟဲ. . . ဒီနေရာက လူ ရခဲတဲ့နေရာပဲခင်ဗျ၊ တစ်ဘက် ကမ်း ပြန်ကူးပြီး ခေါ်ရတယ်ဆိုတော့ ဒီလောက်တော့ တောင်းသင့် ပါတယ်ဗျာ. . . ဟဲဟဲ'

'ဟုတ်ပါတယ်၊ ဒါကိုသဘောပေါက်လို့ သက်သာတယ်လို့ ပြောတာ'

'ခင်ဗျားသာ ပြန်ကူးမလာဘူးဆိုရင် မြစ်ညာအထိသွားပြီး ကူးရမှာ၊ မလိုအပ်ပဲ အချိန်တွေ အများကြီးကုန်တာနဲ့ တစ်ရင် ငွေတစ်လျှန်ဆိုတာ ဘာမှ မဖြစ်လောက်တော့ဘူးပေါ့ဗျ၊ မတော်ရင် မြစ်ညာမြစ်ဖျား မရောက်မချင်း တည်းခိုခန်း ဝင်တည်းရဦးမယ်၊ ထမင်း ဝယ်စားရဦးမယ်၊ အရက် ဝင်သောက်ရဦးမယ်။ ဒီတုန်းက စရိတ်တွေကို တွက်လိုက်ရင်. . . ခင်ဗျားတောင်းတဲ့ငွေဟာ တကယ့်ကို သက်သာတဲ့ငွေ ဖြစ်သွားတာပေါ့'

'မိတ်ဆွေကြီးက တော်တော် စာရင်းအင်းနိုင်တဲ့သူပဲ

www.burmeseclassic.com



အစစ အရာရာ အသေးစိတ် တွက်ချက်တတ်တယ်နော်၊ ခင်ဗျား တွက်တိန်းအတိုင်းဆိုရင်တော့ တျုပ်တောင်းတဲ့ငွေဟာ တောင်းသင့်တဲ့ငွေပေါ့ဗျ'

'ဒါနဲ့ ခင်ဗျား ဒီနေရာမှာ ကူးတို့ ပို့နေတာ ကြာပြီလား'

'သုညနှစ်လုံးကြားထဲက သုံးဂဏန်းလောက် ကြာပြီဗျ'

'ဟဲ. . . ဟဲ'

ထိုလူ့အပြောကြောင့် မင်ရင်ကြွယ် ရယ်လိုက်မိသည်။ ထို့နောက်. . .

'အလျင်က မမြင်ဖူးပါလားဗျ'

'မိတ်ဆွေကြီးကကော ဒီဘက်ကို လာဖူးလို့လား'

'လေးလတစ်ကြိမ်၊ ငါးလတစ်ကြိမ်တော့ လာဖူးပါတယ်'

လှေသမားသည် တစ်ဘက်ကမ်းသို့ ဝေ့ခနဲ လှမ်းကြည့်လိုက်ပြီး-

'ဟုတ်ပါလိမ့်မယ်၊ ဟုတ်ပါလိမ့်မယ်၊ ကျုပ်လည်း နေမကောင်းဖြစ်နေတာ တော်တော်ကြာသွားတယ်၊ ဒါကြောင့် မတွေ့ကြမဆုံကြတာပါ'

မင်ရင်ကြွယ်က ဟက်ခနဲ ရယ်လိုက်သည်။

'တိုက်လည်း တိုက်ဆိုင်ပလေဗျ၊ ဒါနဲ့ စောစောက မြစ်ဖြတ်ကူးသွားတဲ့ လူတွေက ဘယ်သူတွေလဲဗျ'

'ကုန်သည်တွေပါဗျ'

'သြော်. . . သြော်. . . လှေဆရာကြီးက ညာပြောတတ်သားပဲနော်. . . ဟဲဟဲ'



လှေသမားသည် တုန်ခနဲ ဖြစ်သွားပြီး. . .

'ဘယ်လိုပြောလိုက်တာလဲဗျာ၊ ကျုပ်က ဘာဖြစ်လို့ ညာပြောနေရမှာလဲ'

မင်ရင်ကြွယ်သည် လှေဝမ်းတစ်နေရာကို လက်ညှိုးထိုးပြလိုက်သည်။

'ဟိုဟာတွေက ပေါင်ဒါမှုန့်တွေ မဟုတ်လားဗျ။ အဲဒါတွေဟာ မိန်းကလေး အသုံးအဆောင်တွေပါ'

'ဟုတ်ပါတယ်၊ သူတို့က ကုန်သည်တွေပါ။ ဒါပေမယ့် မိသားစုပါတဲ့ ကုန်သည်တွေပါ။ ဒါကြောင့်. . .'

'ရှင်းပါပြီ၊ ရှင်းပါပြီ'

ထို့နောက် နှစ်ယောက်စလုံး စကားမပြောဖြစ်ကြတော့ချေ။

တစ်ယောက်ကိုတစ်ယောက်သာ စိုက်ပြီး ကြည့်နေမိကြတော့သည်။

---

အတန်ကြာမှ မင်ရင်ကြွယ်က စကား စပြောသည်။

'လှေဆရာကြီး၊ ဒီလှေ ရေချတာ ကြာပြီလား'

'ကြာပြီ၊ သုံးနှစ် ရှိသွားပြီ'

'ဒါဖြင့် တော်တော်ခိုင်သေးတာပေါ့'

'နောက်ထပ်သုံးနှစ်လောက်တော့ သုံးလို့ ရပါသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဩော်. . . ဩော်. . ရေကို မယိုသေးဘူးလားဗျ'

'မယိုသေးပါဘူး၊ အက်ကြောင်းဆိုလို့ တစ်ကြောင်းမှ ပေါ်သေးတာ မဟုတ်ဘူး'

'ကောင်းတယ်၊ ကောင်းတယ်၊ ဒီမြစ်က တော်တော်ကျယ်တာဗျ၊ လှေမခိုင်လို့ တစ်စုံတစ်ခုဖြစ်ရင် သေဖို့ပဲ ရှိတယ်'

'စိတ်ချစီးပါဗျာ၊ ဘာမှမဖြစ်ပါဘူး'

'တကယ်လား၊ လှိုင်းက တဖြည်းဖြည်း ပိုကြီးလာပြီဗျ လေကလည်း တိုက်လိုက်တာ လွန်ရော၊ ပဲ့ကို သေသေချာချာ ကိုင်ဗျာ'

'မပူပါနဲ့ဗျာ၊ ဒီမြစ်နဲ့ ဒီလှိုင်းလောက်တော့ ကျုပ်လှေကမမှုပါဘူး၊ ကျုပ်ဟာ ဝါရင့်လှေသမား၊ ဒီလေးငါးနှစ်အတွင်းမှာပဲ ခရီးသည် လေးငါးခြောက်ထောင်လောက် ပို့ပြီးပြီဗျ၊ တစ်ခါမှ ပြဿနာ မဖြစ်ခဲ့ဖူးပါဘူး'

မင်းရင်ကြွယ်က ရယ်ကျဲကျဲလုပ်ပြီး ခေါင်းယမ်းပြသည်။

'အဲဒီခရီးသည်တွေနဲ့ ကျုပ်က တူတာမဟုတ်ဘူးဗျ၊ ကျုပ်အသက်က သူတို့အသက်ထက် အများကြီး တန်းဘိုးရှိတယ်'

'ကျုပ်မှာလည်း အသက်နဲ့ပါဗျ၊ အသက်ဆိုတာ တန်ဘိုးရှိတာချည်းပါ'

'ခင်ဗျားက လှေသမားဆိုတော့ ရေကူးတတ်တယ်ဗျ ကျုပ်က ရေကူးတတ်တာ မဟုတ်ဘူး'

'မစိုးရိမ်ပါနဲ့လေ၊ တစ်စုံတစ်ခု ဖြစ်လာရင်တောင် ကျုပ်က



ခင်ဗျားအသက်ကို တယ်တင်ပေးမှာပါ'

'ကျေးဇူးတင်စရာပဲ၊ ဒါပေမယ့် ကျုပ်အသက်ကို ကယ်မယ်ဆိုတာ လိမ်ညာပြောတဲ့ စကားပါ၊ တကယ်တော့ 'ခင်ဗျားဟာ ကျုပ်ကို ရေအောက်ရောက်အောင်နှစ်သတ်မယ့်လူပါ'

လှေသမားသည် မျက်နှာကွက်ခနဲ ပျက်သွားသည်။ သို့သော် ဣန္ဒြေဆည်ပြီး မင်သေသေ ထပ်ပြောသည်။

'ကိုယ့်ရှေ့မှာ သေမယ်မြင်လျက်သားနဲ့ မကယ်ဘဲ နေပါ့မလားဗျ၊ ကျုပ် ဒီလောက် မရက်စက်ပါဘူး၊ အကြင်နာရှိတဲ့လူပါ'

'စိတ်မဆိုးပါနဲ့ဗျာ၊ ကျုပ် နောက်ပြောနေတာပါ၊ ကဲကဲ. . . ရေကလည်းစီး၊ လှိုင်းကလည်းကြီးနဲ့ တက်မကိုသာ ကောင်းကောင်းကိုင်ထားပါဗျာ'

လှေသမားသည် စိတ်ကသိကအောက်ဖြစ်သွားသဖြင့် စကားပင် ပြန်မပြောတော့ချေ။

မင်းရင်ကြွယ်သည် သူ့အခြေအနေကိုကြည့်ပြီး တဟဲဟဲ ရယ်နေသည်။

ထို့နောက် လှေသမားကို ကျောခိုင်းပြီး တစ်ဘက်ကမ်းကို မျှော်ကြည့်နေတော့သည်။

လှေသမားသည် မင်းရင်ကြွယ့်အနေအထားကို သဘောကျပြီး ကျိတ်ပြုံးပြုံးလိုက်သည်။ ထို့နောက် ပက်လက်လှန်ချရန် စိတ်ကူးလိုက်ပြီး အနည်းငယ် လှုပ်လိုက်စဉ်မှာပင် အားလှိုင်းတစ်ခုက ကြောက်စရာကောင်းအောင် ဖိချလာသည်။ လှေသမားသည်

www.burmeseclassic.com

www.burmeseclassic.com



ဝတ်လတ်မလှန်နိုင်ဘဲ ရှေ့ကို ငိုက်ကျသွားသည်။

လှေသမား ထိတ်လန့်တုန်လှုပ်နေစဉ်မှာပင် မင်ရင်ကြယ့်အသံ ပေါ်လာသည်။

'လှေဆရာကြီး၊ ဒီအနီးအနားတစ်ဝိုက်မှာ သူခိုး ဓားပြတွေ သောင်းကျန်းတတ်သလားဗျ'

လှေသမားသည် ကပျာကယာ ဣန္ဒြေဆည်လိုက်ပြီး ထိတ်ထိတ်ပျာပျာ ပြန်ပြောသည်။

'မသောင်းကျန်းပါဘူးဗျ၊ ဒီဒေသတစ်ဝိုက်တာ အလွန်အေးချမ်းတဲ့ နေရာဒေသပါ'

'ဟုတ်ရဲ့လားဗျ၊ ဟိုဘက်ကမ်းက ကျူတောစပ်မှာ ဝှန်းခိုနေသူတွေ ရှိနေပါလား'

လှေသမားသည် မျက်စိပျက် မျက်နှာပျက် ဖြစ်သွားတော့သည်။

'မဟုတ်တာ ဆရာလေးရယ်၊ ကျုပ်လည်း ဘာမှ မတွေ့ရပါဘူး၊ ရေသတ္တဝါတွေ လှုပ်ရှားနေတာများလား၊ တန်တော့ ဆရာလေး အမြင်မှားနေပြီထင်တယ်'

'ခင်ဗျားပြောသလိုဆိုရင် အကောင်းဆုံးပေါ့ဗျာ၊ ကျုပ်မှာ ငွေတွေ အများကြီး ပါလာတော့ မည်းမည်းမြင်တိုင်း လန့်နေတာဗျ'

'စိတ်ချနေစမ်းပါဗျာ၊ ဘာမှ ဘေးရန် မရှိပါဘူး'

လှေသမားသည် မင်ရင်ကြယ်ကို အလစ်ချောင်းနေရင်း လှေပေါ်မှ ခုန်ချရန် ဟန်ပြင်လိုက်ပြန်သည်။



သို့သော် သူ ရုတ်တရက် လှုပ်ရှားလိုက်သည်နှင့် တစ်စုံတစ်ယောက် လှမ်းဆွဲခြင်းကို ခံလိုက်ရသကဲ့သို့ ဖြစ်သွားပြီး တုံ့ခနဲ ဖြစ်သွားရပြန်သည်။

လှေသမားသည် အလွန်ထူးခြားသောအခြေအနေကြောင့် အကြိမ်ကြိမ်ထသို့ပင် လက်ထိုးနိုက်လိုက်မိတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၆၄)

ခြိမ်းခြောက်သူ

'ဘာလုပ်မလို့လဲ လေ့ဆရာကြီးရဲ့'

မင်ရင်ကြယ်က အေးစက်စက် မေးလာသည်။

လေ့သမားက-

'ဘာ. . . ဘာမှ မလုပ်ပါဘူးဗျာ'

'ဟဲဟဲ. . . ဘာမှ မလုပ်ပါဘူးဆိုလည်း ပြီးတာပဲ၊ ဒါပေမယ့် ကြိုတင်တော့ ပြောထားမယ်၊ ခင်ဗျား ကျုပ်ထက်မြန်အောင် လှုပ်ရှားနိုင်သလားဆိုတာပဲ၊ လှုပ်ရှားနိုင်တယ်ဆိုရင် ကြိုက်တဲ့ တိုက်ကွက်ကို ထုတ်လိုက်၊ မမြန်ဘူးဆိုရင်တော့ ငြိမ်ငြိမ်ကလေး နေပြီး ဟိုဘက်ကမ်းရောက်အောင် မြန်မြန်လှော်'



လေ့သမားသည် ဘာမျှ ပြန်မပြောနိုင်ဘဲ ငြိမ်သွားသည်။ အတန်ကြာမှ-

'ခင်ဗျားပြောတာ တစ်မျိုးကြီးပဲဗျာ၊ ခင်ဗျားနဲ့ ကျုပ်က ရန်သူတွေ မဟုတ်ပါဘူး'

'ဟုတ်ပါတယ်၊ ဒါပေမယ့် ခင်ဗျားဟာ ခင်ဗျားအထက်က လူတွေရဲ့အမိန့်ကို တသဝေမတိမ်း နာခံဆောင်ရွက်ဖို့ ကြိုးစားနေတဲ့လူပဲ'

'ကျုပ်ကို လိမ်ညာလို့မရဘူးဆိုတာတော့ အသည်းထဲမှာ စွဲထားပါ'

'ဒါကြောင့် အသက်မသေချင်ရင် ဟိုဘက်ကမ်းရောက်အောင် အေးအေးဆေးဆေး ပို့ပါ၊ ကမ်းပေါ်ရောက်လို့ ကိုယ်လမ်းကိုယ်သွားကြတာနဲ့ ခင်ဗျားနဲ့ ကျုပ်ဟာ ဘာမှမသက်ဆိုင်တော့ဘူးဆိုတာ စွဲမှတ်ထားပါ'

လေ့သမားသည် အခြေအနေကို ဖုံးကွယ်၍ မရမှန်း သဘောပေါက်လာသဖြင့် ရှင်းရှင်းပင် ပြောတော့သည်။

'ခင်ဗျားက ဖြစ်လာမယ့်အခြေအနေကို ကြိုသိထားတာကိုး'

'သိတာပေါ့ဗျာ၊ ခင်ဗျားလှေပေါ် စတက်မိကတည်းက ခင်ဗျားတို့အကြံကို သိထားတာပါ'

'ဒီလိုဆိုရင်လဲ လှေပေါ်မတက်ဘဲ နေလိုက်ပေါ့ဗျာ၊ တော့'

www.burmeseclassic.com

www.burmeseclassic.com



'ဒါက တစ်ခြားလှေကြုံ မရှိလို့ပေါ့ လှေဆရာကြီးရယ်၊ ကျုပ် ဟိုဘက်ကမ်းကို ရောက်ချင်ဇောကြီးနေတော့ စွန့်စွန့်စားစား တတ်လိုက်ရတာပါ၊ နောက်တစ်ချက်က ခင်ဗျားရဲ့သိုင်းပညာကို အသေးအဖွဲပညာလို့ ယုံထားတာလဲ ပါတယ်လေ၊ ဒါကြောင့်ပါ ဒါကြောင့်ပါ'

လှေသမားသည် မာနကို ထိခိုက်လာသဖြင့် မချိပြုံးပြုံးပြီး ပြောတော့သည်။

'ခင်ဗျားတော်တော် အပြောကြီးတာပဲ၊ ကျုပ်တလဲ မပိုင်တဲ့ အလုပ်ကို လုပ်လေ့မရှိပါဘူးဗျာ'

'ဪ. . . ဪ၊ ဒါဆိုနှစ်ဘက်စလုံးက အပိုင်ချည်းပဲထို တွက်ထားသူတွေချည်းပဲတိုး၊ ကဲ. . . ဒီလိုဆိုရင် ဘယ်သူကတကယ် ပိုင်သလဲဆိုတာ သေသေချာချာသိရအောင် စမ်းကြည့်ကြစို့လား'

'တကယ်ပြောနေတာလား မိတ်ဆွေ၊ ကျုပ်က ဒီဒေသမှာ ရေ အင်မတန်ကျွမ်းတဲ့သူဗျ'

'ဟားဟား. . . ခင်ဗျားဟာ ရေသူရဲတစ်ကောင် မတုထ် ပါဘူးဗျာ၊ ကျုပ်ကို အလစ်တိုက်ဖို့ နှစ်ကြိမ်ချောင်းခဲ့တာတောင် တစ်ကြိမ်မှ မအောင်မြင်ဘူးမဟုတ်လား၊ ရင်ဘတ်ထဲက လက်နက် ကိုတောင် အပြင်ရောက်အောင် မထုတ်နိုင်သေးပါဘူး'

'ဒါက ကိုယ့်အကြောင်းနဲ့ကိုယ်ပါ မိတ်ဆွေ၊ ဒီတော့ ကျုပ်တို့ ပညာစမ်းရုံ ရှိတော့တာပေါ့'

'ကြိုက်သလိုစမ်းပါ မိတ်ဆွေ၊ စကားတစ်လုံးကို အကြိမ်ကြိမ် ပြောနေဖို့ မလိုတော့ပါဘူး'



လှေသမားသည် ဘာစကားမျှ ထပ်မပြောတော့ပါ။ ရုတ်တရက် လှေကိုစောင်းပြီး မှောက်ပစ်ရန် အားပြုလိုက်သည်။

သို့သော် လှေသည် ငြိမ်မြဲငြိမ်နေသည်။

လိုသလိုမှောက်၍မရ၊ လှေသမား ဇောချွေးပြန်သွားသည်။

ဤလှေသည် သူမှောက်လိုမှောက် လှန်လိုလှန် ကြိုက်သလို ထုပ်နိုင်သောလှေဖြစ်သည်။

ယခုမူ လှေသည် မှောက်ရန်မပြောနှင့် စောင်းပင် မစောင်း။ လှေသမားသည် သူ့အတွင်းအားအကြောင်းကို ကောင်း ကောင်း သိထားသည်။

စမ်းလည်း အကြိမ်ကြိမ်စမ်းသပ်ပြီးပြီ။ သို့တိုင် ယခုအခါ၌ လှေကို မှောက်ချင်သလိုမှောက်၍ မရတော့။

'ဟင်း'

လှေသမား သက်ပြင်း ချမိတော့သည်။ သူ့အဖြစ်သည် ခါချဉ်ကောင်က ကျောက်တောင်ကို တွန်းသည့်ပုံစံမျိုးဖြစ်နေသည်။

မင်းရင်ကြွယ်သည် လှေသမားကို စိုက်ကြည့်နေရာမှ ဟက်ခနဲရယ်ပြီး ပြောတော့သည်။

'ဘယ်လိုလဲ မိတ်ဆွေ၊ ကျုပ်ကို စမ်းလို့ မရဘူးဆိုတာ ယုံပြီလား'

လှေသမားသည် အံကို တင်းခနဲကြိတ်လိုက်ပြီး ဆောင့် ကြောင့်ထိုင်ချလိုက်သည်။

www.burmeseclassic.com

 www.burmeseclassic.com

ထို့နောက် ဖနောင့်အားနှင့်လှေကိုဖောက်ရန်ကြိုးစား၏။ ၎င်းအကြံအစည်သည် လှေဝမ်းကို တကယ်ဖောက်နိုင်သော အကြံအစည်ဝင်၏။

သို့သော် သူ၏အားထုတ်မှုသည် အလွန်နောက်ကျနေခြင်းသည်။

ခင်ရင်ကြွယ်က သူ့ဒူးခေါင်းကို လက်ညှိုးနှင့်လှမ်းထောက်လိုက်သဖြင့် တစ်ကိုယ်လုံး ထုံကျဉ်ကိုက်ခဲသွားပြီး အားမထုတ်နိုင်တော့ချေ။

'ဘယ်လိုလဲ မိတ်ဆွေ၊ လှေဝမ်းကိုဖောက်လဲ မပေါက်ပါလားဗျ၊ ဒါဆို သဘောပေါက်သင့်ပါပြီဗျာ၊ စိတ်အား လျှော့ပစ်လိုက်ပါတော့'

'ခင်ဗျားပြောတိုင်း လိုက်လုပ်နေရရင် ရာဇဝင်ရိုင်းသွားမှာပေါ့ဗျာ၊ ခင်ဗျားပညာ ကျုပ်ထက် စွမ်းတာကိုတော့ ကျုပ်သဘောပေါက်ပါတယ်'

'ဟဲဟဲ . . . ဒါဆို ကျုပ်အကြောင်း ကောင်းကောင်းသိပြီဆိုတဲ့သဘောပေါ့'

'အပိုတွေ ပြောမနေစမ်းပါနဲ့ဗျာ'

'ဟုတ်ကဲ့ မပြောစေချင်လဲ မပြောတော့ပါဘူး၊ ဒါနဲ့ ခင်ဗျား ဘယ်သူဆိုတာ ပြောပြစမ်းပါဦး'

'ကျုပ်က ကိုယ့်ကိုယ်ကိုဖော် မသူတော် လုပ်မယ်ဗျား ထင်နေသလား'

---



'ခင်ဗျား မလုပ်ချင်လဲ လုပ်ရမှာပဲ၊ ကျုပ်ကို ဘာမှထိန်ဝှက်ထားလို့မရဘူးဆိုတာ ယုံ'

'ဟားဟား. . . ခင်ဗျားတော်တော် အပြောကြီးတာကိုး'

'ကျုပ်ဟာ ဝေဖန်ခွဲခြား စိတ်ဖြာတတ်တဲ့လူပါမိတ်ဆွေ၊ ခင်ဗျားဟာ အညတရ သိုင်းသမားပါ၊ ကျုပ်ကို သေကြောင်းကြံတာဟာ ခင်ဗျားရဲ့ မူလဆန္ဒ မဟုတ်ပါဘူး၊ သူများ ခိုင်းတာကို ငွေသွတ်ရိုကျိုးပြီး လုပ်နေတဲ့လူပါ၊ အမိကကျုပ်တဲ့လူက ခင်ဗျားလှေနဲ့ လိုက်ပို့ခဲ့တဲ့သူပဲ၊ ခုလဲ ကျုပ်ပင်တော့ထဲက သူတို့ချောင်းကြည့်နေတုန်းပါပဲ၊ ကျုပ်က ခင်ဗျားကို အစွမ်းကုန် ရက်စက်ပြလိုက်ရင် သူတို့လဲ ခိုအောင်းနေရဲမှာ မဟုတ်ဘူး၊ တရကြမ်း ထွက်ပြေးကြမှာ သေချာပါတယ်'

'ဒါကြောင့် ကျုပ်ဘယ်သူဆိုတာ ခင်ဗျား မဖော်နိုင်ဘူးလို့ ပြောတာပေါ့ . . ဟားဟား'

လှေသမားသည် မင်ရင်ကြွယ်၏ အကျပ်အတည်းကို သိမ်နေသဖြင့် အသက်ရှူချောင်ကာ တဟားဟား ရယ်တော့သည်။

'ကျုပ်ရဲ့ လိုအပ်ချက်ဟာ ခင်ဗျား မဟုတ်ပါဘူး မိတ်ဆွေ၊ ဒါပေမယ့် ခင်ဗျားကိုလဲ ညှာလိမ့်မယ်မထင်နဲ့၊ လိုအပ်ရင် မလိုအပ်သလို ရှင်းပစ်မှာပဲ'

'ခင်ဗျားက သူတို့ကို လက်ရဖမ်းချင်တယ်ပေါ့ ဟုတ်လား'

'ဟုတ်တယ်၊ ဒါပေမယ့် ကျုပ် လှေလှော်တတ်တယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတို့ ခင်ဗျား သဘောပေါက်ထားဖို့လိုတယ်'

'တချို့တို့ ရှင်းပြီး ခင်ဗျားတစ်ယောက်တည်း လှေလှော် သွားမယ်လား'

'ဟဲဟဲ. . . ခင်ဗျားဟာ ကျုပ်ရဲ့လှုပ်ရှားမှုအောက်မှာ သေတာထက်ဆိုးတဲ့ ဒုက္ခကို ခံစားသွားရမှာဗျ၊ ဒါကို ခင်ဗျား မတွေးမိဘူးလား'

'ခင်ဗျား လုပ်ရဲလို့လားဗျာ၊ အလကား လေကုန်ခံပြီး ခြိမ်းခြောက်မနေစမ်းပါနဲ့'

'သူတို့ကို ခုချက်ချင်း ဖမ်းမမိလဲ တစ်နေ့မိမှာပါ မိတ်ဆွေ ကျုပ်က အလကားရတဲ့နွားကို သွားဖြကြည့်တတ်တဲ့ လူစား မဟုတ်ပါဘူး၊ ခင်ဗျားပါးစပ်ထဲက စကားလုံးတွေဟာ ခုချိန်မှာ ပိုပြီး အရေးကြီးလာပါပြီ၊ သူတို့ထွက်ပြေးလဲ အရေးမကြီးလှပါဘူး တစ်နေ့မပြီးတာကို တစ်လနဲ့ပြီးအောင် လုပ်နိုင်တဲ့အချိန်တွေ ကျုပ်မှာ ရှိပါတယ်'

'ဒါက ခင်ဗျားဘက်အမြင်ပါ၊ ကျုပ် အော်လိုက်တာနဲ့ သူတို့ သိသွားမှာပါ၊ လက်ကလေးမြှောက်လိုက်လဲ သူတို့ သိနေမှာပါပဲ၊ ကျုပ်သေရင် ခင်ဗျား လမ်းစပျောက်မှာပဲ'

'ဩော်. . . ဩော်၊ ကဲ. . . ခင်ဗျား တကယ်သေရဲရင် ခင်ဗျားပြောသလို လုပ်လိုက်ပေါ့ဗျာ'

လှေသမားသည် တဟဲဟဲရယ်နေရင်းက အော်ဟစ် အတူ အညီ တောင်းရန် သတင်းပို့ရန် ဟန်ပြင်ပြီး ပါးစပ်ဟလိုက်သည်။



ထိုစဉ် မင်းရင်ကြွယ်၏ လက်တစ်ဘက်မှ မြှောက်တက် သွားသည်။

လှေသမား၏ပါးစပ်သည် ဘာသံမျှ မထွက်နိုင်ဘဲ ပြန်ပိတ်သွားသည်။

'ဟဲဟဲ. . . ခင်ဗျားဟာတော်တော် ရယ်စရာကောင်းတဲ့ လူပဲ၊ ကျုပ်ကပြောပြီးရင် ပြောသလိုလုပ်တဲ့လူဗျ၊ ကဲ. . . ခုချိန်ကျမှတော့ စမ်းလို့မရဘူးဆိုတာ သိလောက်ပါပြီ၊ ဒီတော့ တိုဘက်ကမ်းရောက်အောင် အေးအေးဆေးဆေးလှော်ပို့ပေတော့၊ ကျုပ် ဟိုဘက်ကမ်းရောက်ရင် ခင်ဗျားကို လုံးဝ ဒုက္ခမပေးဘူး'

'ခင်ဗျား တကယ်ပြောနေတာလား'

'ကျုပ်ဟာ ဘယ်တုန်းကမှ လိမ်ညာမပြောခဲ့ဖူးပါဘူး'

'ကောင်းပြီ၊ ဒီလိုဆိုရင် ကျုပ်အေးအေး ဆေးဆေးလှော်ပို့ ပါ့မယ်'

ထိုအချိန်၌လှေသည် ရေလယ်ကိုပင် ကျော်လွန်နေပေပြီ။ မင်းရင်ကြွယ်သည် လှေကိုသာ ဂရုစိုက်ပြီးလှော်နေသည့် လှေသမား ကိုကြည့်ပြီး ပြုံးစိစိလုပ်နေသည်။

■

www.burmeseclassic.com

www.burmeseclassic.com



မင်းရင်ကြွယ်သည် အမျိုးသမီးများကိုကြည့်နေရင်း. . .

'ခင်ဗျားက. . .'ဟု ဆိုကာ ရပ်သွားသည်။

ဖက်ဖူးရောင်အမျိုးသမီးက လှလှပပပြုံးပြီး ကြာဟန် ပါပါ ပြောလာသည်။

'သူ့ရဲကောင်းမင်းက တော်တော်မေ့တတ်ပါလား။ ယန်ကျိုးထိပ်တန်းဟိုတယ်မှာ တွေ့ခဲ့ကြသူတွေလေ. . . ဟင်းဟင်း'

'ဪ. . . ဪ၊ ဒီလိုဆိုရင် ခင်ဗျားဟာ မိန်လိန်ကျင်းလားဗျာ'

'ဟုတ်ပါတယ်၊ ရှင်မှတ်မိသားပဲ၊ ဒါပေမယ့် ကျွန်မတို့ဟာ အညတရခရီးသည်တွေပါရှင်'

မင်းရင်ကြွယ်သည် ဟက်ခနဲ ရယ်လိုက်ပြီး အစိမ်းဝတ်အမျိုးသမီးကို လက်ညှိုးထိုးပြီး ပြောပြန်သည်။

'သူကတော့ လုံမလေးရှောင်ချင်း မဟုတ်လား'

'ဟုတ်ပါတယ်ရှင်'

ရှောင်ချင်းက ငေါ်သံနှင့်ပြန်ပြောလာသည်။

မင်းရင်ကြွယ်သည် သူတို့နှစ်ယောက်ကိုကြည့်ပြီး ပြုံးမြဲပြုံးနေသည်။

ထို့နောက်. . .

'ဒါနဲ့ ခင်ဗျားတို့နှစ်ယောက်ဟာ. . .'

'ဟင်းဟင်း. . . သူ့ရဲကောင်းမင်းက ကျွန်မတို့နှစ်ယောက်ကို သေပြီကြားထားလို့ ခုလိုတွေ့စဉ်မှာ တအံ့တဩဖြစ်နေတာပါ'



## အခန်း (၆)

## ရမ္မတ်ကြီးသူ အဘယ်သူ

သိပ်မကြာလိုက်ပါ။ တရိပ်ရိပ်ပြေးနေသောလှေသည် ကမ်းစပ်နှင့် မလှမ်းမကမ်းသို့ ရောက်လာသည်။

ထိုအချိန်မှာပင် ကျူတောထဲ၌ ပုန်းအောင်းနေသော ဖက်ဖူးရောင်အမျိုးသမီးသည် အစိမ်းဝတ်အမျိုးသမီးနှင့်အတူ လီယွင်ဟုန့်လက်ကိုဆွဲပြီး ထွက်လာသည်။

ထို့နောက် ဖက်ဖူးရောင်အမျိုးသမီးက ရေထဲမှလှေကိုလှမ်းကြည့်ပြီး. . .

'သူ့ရဲကောင်းကြီးမင်း လှေကို ရပ်လိုက်ပါ'

ဟု ပြောလာသည်။

www.burmeseclassic.com



'ခုတော့ သေပြီဆိုတဲ့ ကျွန်မတို့နှစ်ယောက်ဟာ ရှင့်ရှေ့မှာ ထင်ထင်း'

'ဒါဖြင့် ဒီကိစ္စဟာ ချင်တက်ဟိုင်ရဲ့ လိမ်ညာစကားလို့ ဆိုလိုဝါသလား'

'ဒီလိုပြောလဲ ရပါတယ်ရှင်၊ တကယ်တော့ ဒီကိစ္စတွေဟာ အံ့ဩစရာသာမှ ထူးဆန်းတာမဟုတ်ပါဘူး'

'ဟုတ်ပါတယ် ဟုတ်ပါတယ်၊ သိုင်းလောကရဲ့ အဖြစ်အပျက်တွေဟာ ဝက်ပါလို ရှုပ်ထွေးစမြဲပါ။ ခင်ဗျားတို့နှစ်ယောက်ကို အသက်ရှင်လျက် တွေ့နေရတော့ ရင်ခုန်ဖန်းလဲ အသက်ရှင်နေလိမ့်မယ်လို့ ယုံကြည်မိပါတယ်ဗျာ'

'မှန်ပါတယ်၊ သူလဲ အသက်နဲ့ကိုယ် မြဲနေလျက်ပါပဲ။ ရှင့်စကားတွေဟာ တစ်ခွန်းဆိုတစ်ခွန်း ဆိုရလောက်အောင် မှန်ကန်တဲ့စကားတွေပါပဲ'

'ဒါလဲ အဆန်းမဟုတ်ပါဘူးဗျာ၊ ကြံ့လုံစိုက် ရေစခန်းကြီးထဲမှာ ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ခဲ့ရလို့ပါ'

'ဒါနဲ့ ရှင်ခုလို ရောက်လာတာ လုံမလေး လီယွင်ဟုန်ကို ဖမ်းဆီးထားတဲ့ကိစ္စကို မေးမလို့လားရှင်'

'ဟုတ်ပါတယ်၊ အထူးသဖြင့် ခင်ဗျားတို့ရဲ့ လျှို့ဝှက်ချက်တွေကို သိချင်တာလဲ တစ်ကြောင်းပေါ့ဗျာ'

'ဒီလိုဆိုရင် ရှင်းရှင်းပဲ ပြောပြပါ့မယ်၊ ကျွန်မရဲ့ယောကျ်ားဟာ သူများနဲ့မတူအောင် ထူးထူးခြားခြား လောဘကြီးတဲ့လူပဲ။ သူက သိုင်းလောကကြီးတစ်ခုလုံးကို လွှမ်းမိုးအုပ်ချုပ်ဖို့ ကြိုးစားနေတဲ့သူရှင့်၊ ဒါကြောင့်မို့ ရဲတိုက်ကြီးတွေနဲ့ စခန်းတွေကို တစတစ သိမ်းပိုက်စပြုနေတာပဲ၊ တစ်ပြိုင်နက်တည်းမှာလဲ သိုင်းလောကက အချောအလှမှန်သမျှကိုပါ ဖမ်းဆီးခဲ့တာပါပဲ၊ အကြောင်းကတော့ သူအောင်ပွဲခံတဲ့အခါ ပျော်ပါးဖို့ပေါ့ရှင်၊ ခုလဲ ဒီသဘောနဲ့ လုံမလေးလီကို ဖမ်းခဲ့တာပဲ၊ အစီအစဉ်ကတော့ ဖေးယွင်ရဲတိုက်သခင်ကြီးကို နားချပြီး သူ့သမီးကို သိမ်းပိုက်ဖို့ပေါ့ရှင် . . . ဟင်းဟင်း'

'တော်တော် ပက်စက်ယုတ်မာတဲ့ အကြံအစည်တွေပဲ၊ ခင်ဗျားတို့အကြံ ဒါ အကုန်ပဲလားဗျ'

မင်ရင်ကြယ့်အသံ ဓါးသသံ ပါလာသည်။

မိန်လိန်ကျင်းက ထိမထင်သည့်အမူအရာနှင့် ခေါင်းကို ဖြည်းဖြည်းလေး ခါပြသည်။

'မဟုတ်ပါဘူးရှင်၊ ကျန်ပါသေးတယ်'

'ပြောပါ။ ကျုပ် နားထောင်နေပါတယ်'

မိန်လိန်ကျင်းသည် မျက်လုံးကစားလိုက်ပြန်သည်။

ပြီးမှ . . .

'အင်း . . . ပြောရရင် ကျွန်မယောကျ်ားဟာ ရှေးခေတ်က တရုတ်ဧကရာဇ်တွေရဲ့ဘဝကို သိပ်အားကျနေတဲ့လူရှင့်၊ ကဲ . . . သူ့ရဲ့ကောင်းမင် သဘောပေါက်ပြီလား'

'ပေါက်ပါပြီ ပေါက်ပါပြီ၊ ခင်ဗျားယောကျ်ားဟာ အာဏာရမှက်၊ တဏှာရမ္မက်ကြီးလွန်းတဲ့သူပဲ'



www.burmeseclassic.com

www.burmeseclassic.com



ခင်ရင်ကြွယ်၏ ပြင်းထန်းသောစကားကိုပင် မိန်လိန်တ္တာ သဘောကျနေသည်။

'ဟင်းဟင်း. . . ရှင့်စကားလုံးတွေက တော်တော်ပြောင်မြောက်တဲ့စကားလုံးတွေပဲ၊ ရှင်လဲ အားကောင်းမောင်းသန်ယောကျ်ားတစ်ယောက်ပါရှင်၊ ခုချိန်မှာ ပါးစပ်ကသာ နှိမ့်ချနေပေမယ့် စိတ်ထဲမှာတော့ ကျွန်မယောကျ်ားရဲ့ဆန္ဒမျိုး ရှိနေမှာအမှန်ပါ. . . ဟင်းဟင်း'

'ဒါက ခင်ဗျားအထင်ပါဗျာ၊ သန့်စင်မွန်မြတ်တဲ့ အသည်းနှလုံးပိုင်ရှင်တွေမှာ ဒီလိုစိတ်မျိုး မရှိပါဘူး၊ လူချင်းတူပေမယ့် အသက်ရှူတာချင်းတော့ ကွားခြားတာချည်းပါပဲ၊ ဒီလောက်လောဘကြီးပြီး အကြံကြီးတဲ့ ခင်ဗျားယောကျ်ားဟာ ဘယ်သူများလဲဗျ'

'လောလောဆယ်မှာတော့ ပြောမပြနိုင်သေးပါဘူးရှင်၊ တစ်နေ့တျရင်တော့ ရှင် သိခွင့်ရမှာပါ၊ သူက သိုင်းလောကမှာ ကျင်လည်နေတဲ့ သိုင်းလောကသားတစ်ယောက်တော့ မဟုတ်ပါဘူးရှင်'

'ဘာ ဒီလိုအကြံကြီးပြီး သိုင်းသမားတွေကို အသုံးချနေတဲ့လူဟာ သိုင်းလောကသား မဟုတ်ဘူးတဲ့လား'

'ပြောမယ့် ကြံ့ဘူးမှသိဆိုတဲ့ စကားလိုပေါ့ရှင်၊ သူဟာ သိုင်းလောကသားတစ်ယောက်တော့ တကယ်မဟုတ်ပါဘူး၊ ဒါပေမယ့် ဉာဏ်ပညာအမြော်အမြင်နဲ့ ဝက်ပါအတွေးအခေါ်ကို



တစ်ဘက်ကမ်းခတ်နေတဲ့လူပါ၊ ဒါကြောင့်လဲ သိုင်းပညာသိပ်မကျွမ်းကျင်ဘဲနဲ့ တကယ့် သိုင်းသမားတွေကို သူ့လက်အောက်မှာ ထားနေနိုင်တာပေါ့ရှင်၊ ခုဆို သူ့လက်အောက်မှာ ခဝပ်ရိုကျိုးနေတဲ့ အဆင့်မြင့် သိုင်းပညာရှင်တွေ အတော်ကြီးများနေပြီရှင့်'

'အင်း. . . ခင်ဗျားစကားအတိုင်းမှန်ရင် ချီးကျူးစရာကောင်းတဲ့လူတစ်ယောက်ပဲ၊ ကဲ . . . ခင်ဗျားအမြင်ကို ဆက်ပြောပါဦးဗျာ'

'ပြောမှာပေါ့ရှင်၊ ကျွန်မက ကျွန်မယောကျ်ားကိုနှစ်တစ်ရာမှာတစ်ယောက်သာရှိတဲ့ လူထူးလူဆန်းလို့ ဆိုချင်ပါတယ်'

'ဆိုနိုင်ပါတယ် မိန်လိန်ကျင်း၊ ခင်ဗျားက ကိုယ်တွေ့မျက်မြင် ခံစားစံစားနေရတဲ့လူကိုးဗျ'

'ဒါပေမယ့်ကျုပ်က ခြေသလုံး အိမ်တိုင်လုပ်ပြီး နေရတဲ့ဘဝကို ကျေနပ်နေသူပါ၊ နောက်တစ်ခုက တရားမျှတမှုအတွက် အသက်ရှင်နေထိုင်နေတဲ့လူပါ၊ ဒီတော့ ကျုပ်ရဲ့သဘောထားကို ခင်ဗျား သိသင့်ပါပြီ၊ နောက်တစ်ချက်က ကျုပ်မှာ သူ့ရဲကောင်း ဝန်ရင်မော်ရဲ့ ကျေးဇူးတွေကို ပေးဆပ်ဖို့ ရှိနေပါသေးတယ်'

'ဩော်'

'မဩော်နဲ့ မိန်လိန်ကျင်း၊ ဝန်ရင်မော်ဟာ ကျုပ်အပေါ်ကျေးဇူးရှိသူဖြစ်ပေမယ့် ခင်ဗျားတို့နဲ့တော့ ရန်ငြိုးရှိနေသူတွေပါဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'ရန်ငြိုးတုတ်လား၊ကျွန်မတို့လင်မယားနဲ့ ဝန်ရင်မော်ဟာ ရန်ငြိုးရှိနေသူတွေ ဟုတ်လား'

မိန့်လိန်ကျောင်း ဖုံသြဟန်နှင့် ပြောသည်။

မင်ရင်ကြယ်က ဟက်ခနဲ ရယ်ပြီး ပြန်ဖြေသည်။

'ခင်ဗျား မသိချင်ဟန်မဆောင်ပါနဲ့လေ၊ ရှောင်ချင်းဟာ ယန်ကျိုးမြို့မှာရှိတဲ့ ကျို့ကုန်းချွင်ရဲ့ မိသားစုအိမ်တော်သား ဖြစ်ခဲ့ဖူးတယ် မဟုတ်လား'

'ဟုတ်တယ်လေ ဖြစ်ခဲ့ဖူးသားပဲ အဲဒါ ဘာဖြစ်သလဲ'

'ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားဟာ မူလရုပ်ကိုဖျက်ပြီး ကျို့ကုန်းချွင်အိမ်တော်ထဲက ရှောင်ချင်းကို ခေါ်ထုတ်သွားတယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ ဘာလဲ ရှင်ဒီကိစ္စကို သိချင်နေသေးတယ် မဟုတ်လား'

'သိချင်တာပေါ့ဗျာ'

မိန့်လိန်ကျောင်းသည် ဘာကြောင့်ရယ်မသိ ခစ်ခနဲ ရယ်လိုက်သည်။

ထို့နောက်. . .

'သူ့ရဲကောင်းမင်ပြောသလို ရုပ်ဖျက်ခဲ့တာလဲ မှန်တယ် ခေါ်ထုတ်ပုံကတော့ မိန့်လိန်ကျောင်းအမည်နဲ့ ယောကျ်ားယောင်ဆောင်ပြီး ခေါ်ထုတ်ခဲ့တာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ ယောကျ်ားကိုယ်တိုင် ထွက်လာလို့ မသင့်တော်ဘူး မဟုတ်လားရှင်



ဒါကြောင့် ကျွန်မကိုယ်တိုင်ထွက်ပြီး ဆောင်ရွက်ရတာပေါ့။ ဒီကိစ္စဟာ ဝန်ရင်မော်နဲ့ ဘာမှ မပတ်သက်ပါဘူး၊ ဒီတော့ ဝန်ရင်မော်နဲ့ ကျွန်မတို့ ဘာရန်ငြိုးများ ရှိနိုင်မှာလဲရှင်'

'ခင်ဗျားစကားက တော်တော်နားထောင်လို့ကောင်းတဲ့ စကားတွေပဲ၊ ဒါပေမယ့်ရှောင်ချင်းတာ ခင်ဗျားတို့ရဲ့ ညွှန်ကြားမှုနဲ့ ဝန်ရင်မော်ဆီကို အဆိပ်ပါတဲ့အရက် ပို့ခဲ့တဲ့အကြောင်းတော့ မပါပါလားဗျာ. . . ဟဲဟဲ'

မင်ရင်ကြယ်သည် စကားဆုံးသည်နှင့် ပခုံးနှစ်ဘက်ကို တွန့်ပြီး တဟဲဟဲ ရယ်လိုက်သည်။

'ရှင်အရမ်း မစွပ်စွဲပါနဲ့၊ ကျို့တုန်းချွင်အိမ်တော်မှာနေတဲ့ ရှောင်ချင်းက သူတို့မိသားစုဝင်ရဲ့ မင်္ဂလာပွဲမှာ ညှော်ခံပြုစုသူ အဆင့်အတန်းရှိသူမို့ အရက်ပို့ပေးတာ ဘာဆန်းသလဲရှင်၊ ဒီ အချက်လေးတစ်ချက်တည်းနဲ့ ရှောင်ချင်းဟာ ဝန်ရင်မော်ကို လုပ်ကြံသူလို့ မစွပ်စွဲနိုင်သလို ကျွန်မတို့ကိုလဲ နောက်ကွယ်က ကြိုးကိုင်သူလို့ မစွပ်စွဲနိုင်ပါဘူး'

'ကျုပ်ပြောပါဦးမယ်လေ၊ ဒီမင်္ဂလာပွဲမှာ ဧည့်ခံ ကျွေးမွေးမှုကို ထိပ်တန်းဟိုတယ်က တာဝန်ယူခဲ့တာပါ၊ မင်္ဂလာ ပွဲမှာသောက်ရတဲ့ အရက်တွေဟာလဲ ထိပ်တန်းဟိုတယ်က ချက်တဲ့ အရက်တွေပဲ၊ ဒီနေရာမှာ သီးသန့် ချက်လုပ်မှုတစ်ခုခုတော့ ရှိရမှာပေါ့ဗျာ၊ ဒါတွေကို ဆက်စပ်လိုက်ရင် ထိပ်တန်းဟိုတယ်က ခန့်နေကျော ငွေကိုင်ကြီး ရင်ခုန်ဖန်းနဲ့ မိန့်လိန်ကျောင်းတို့ရဲ့ ဆက်သွယ်

www.burmeseclassic.com

www.burmeseclassic.com



မှုဟာ လယ်ပြင်မှာ ဆင်သွားနေသလို ထင်ရှားနေပါတယ် မိန်လိန်ကျင်း'

'ဪ. . . သူရဲကောင်းမင်က ဒီအချက်တွေနဲ့ ရှောင်ချင်းကို တိုယ်ထိလက်ရောက်ကျူးလွန်သူလို့ သတ်မှတ်ထားတယ်ပေါ့'

'ဒီလို မဟုတ်သေးဘူးဗျ၊ တကယ်တမ်းကျတော့ ရှောင်ချင်းဟာ အစိက တရားခံ မဟုတ်ဘူး၊ အစိက တရားခံက နောက်ကွယ်က ကြိုးကိုင်ချယ်လှယ်နေသူပဲ၊ အဲဒီလူဟာ ကန့်လန့်ကာနောက်ကလူ'

'ဪ. . . ဪ. . . ဒီလိုဆိုရင်လဲ အဲဒီလူကို လိုက်ရှာမနေပါနဲ့တော့ရှင်၊ ရှာရင်မောရုံပဲ ရှိပါလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလူဟာ လူ့လောကကြီးထဲမှာ မရှိတော့လို့ပဲ'

မင်ရင်ကြွယ်သည် မိန်လိန်ကျင်းကို ကြည့်ပြီး မဲ့ပစ်လိုက်သည်။

'ခင်ဗျားက ထိပ်တန်းဟိုတယ်ပိုင်ရှင်ကြီး 'ဟူပိုင်ဝမ့်'ကို ပြောတာလား'

'ဟုတ်တယ်လေ၊ ဟူပိုင်ဝမ့်ပေါ့'

'ဪ. . . ဪ. . . ဟူပိုင်ဝမ့်ဟာ ကျို့ကုန်းချွင်လက်ချက်နဲ့ သေသွားရသူပါ၊ ဒါပေမယ့် သူဟာ တကယ့်တရားခံ မဟုတ်သေးပါဘူး၊ သူ့အခြေအနေကိုကြည့်ရင် ဝန်ရင်မော်ကို အလိုလုပ်မှာလဲ မဟုတ်ပါဘူး၊ သူက တကယ့်တရားခံရဲ့ သားကောင်



တစ်ကောင်ပါ၊ ကျုပ် ဒီလိုပဲ မြင်ပါတယ်၊ သူ့နောက်မှာ တကယ့်တရားခံ ရှိနေဦးမှာ အမှန်ပဲ၊ သူနဲ့တင် ဒီကိစ္စကြီး ဆုံးခန်း မတိုင်သေးပါဘူး'

'ကောင်းပြီ၊ ဒီလိုဆိုရင် ရှင် ဘယ်သူလို့ ထင်နေသလဲ'

'ခင်ဗျား ယောကျ်ားလို့ ထင်တယ်၊ မဟုတ်ရင်တော့ ကျုပ်တို စိတ်မဆိုးစေချင်ဘူး'

မိန်လိန်ကျင်း တစ်ကိုယ်လုံး လှုပ်ခါလိုက်ပြီး တဟင်းဟင်းရယ်တော့သည်။

'ရှင်တော်တော် အတွေးခေါင်တဲ့ လူပါလား၊ ကျွန်မပြောပြီးပါပြီရှင်၊ သူဟာ သိုင်းပညာအဆင့်မြင့်မားသူ၊ သိုင်းပညာတတ်သူ မဟုတ်ပါဘူးလို့'

'ခင်ဗျား ပြောသလိုပေါ့ဗျာ၊ သူဟာ နှလုံးရည်အင်မတန်တောင်းတဲ့သူပါ၊ ဝက်ပါ အတွေးအခေါ်ကို မြင့်မြင့်မားမားတွေးခေါ်တတ်သူပါ၊ ဒီတော့ သူ့အဖို့ သိုင်းပညာတတ်စရာမလိုပါဘူး၊ ခင်ဗျားပဲ ခုနကတင် ပြောခဲ့သေးတယ် မဟုတ်လားဗျာ၊ အဆင့်မြင့်သိုင်းသမားကြီးတွေဟာ သူ့လက်အောက်မှာ ဒူဝပ်ရိုကျိုး နေရတယ်လို့၊ ကဲ. . . ကျုပ်ပြောတာ ရှင်းပြီလား'

'အင်း. . . စကားနောက် တရားပါဆိုတာ ဒါမျိုးထင်ပါရှင်၊ တကယ်တော့ ကျွန်မယောကျ်ားနဲ့ သူရဲကောင်း ဝန်ရစ်မော်ဟာ ခိုတတည်းက ရန်ငြိုးရန်စ ရှိသူတွေ မဟုတ်ပါဘူး'

'ခင်ဗျားပြောတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားယောကျ်ားတာ အင်မတန် လောဘရမ္မက်ကြီးတဲ့လူပါ။ ဒါကို ခင်ဗျားကိုယ်တိုင် ပြောခဲ့ပြီးပါပြီ၊ ဒီတော့ ခင်ဗျားယောကျ်ားလို လူစားမှာ ရန်ငြိုးရန်စ မလိုပါဘူး၊ သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးအုပ်စိုးချင်သူတစ်ယောက်ဟာ မိတ်ဆွေကိုတောင် ရန်သူ အဖြစ် သတ်မှတ်ပြီး လှုပ်ရှားတတ်ကြစမြဲပါဗျာ၊ နောက်တစ်ချက်က သူ့အလိုဆန္ဒအတိုင်းဆိုရင် ဝန်ရင်မော်ဟာ သူ့ရှေ့မှာ အနှောင့်အယှက်ဖြစ်နေတဲ့ ကျောက်တောင်ကြီးပဲဗျ'

'ရှင့်တင်ပြချက်တွေဟာ လုံလောက်မှု မရှိသေးပါဘူးရှင်၊ ဘာဖြစ်လို့လဲဆိုတော့ သိုင်းလောကရဲ့ ဒုတိယ သရဖူလို့ ပြောနေကြတဲ့ ကျိူ့ကုန်းချင်တစ်ယောက်လုံး ကျန်းကျန်းမာမာ ရှိနေသေးလို့ပဲ'

'ဒါလဲ အကြောင်းတစ်ချက်အနေနဲ့ ပြောရင် ရပါတယ်၊ ဒါပေမယ့် ဝန်ရင်မော်ဟာ သူ့အချစ်ဆုံး မိတ်ဆွေညီလေးဗျ၊ နောက်တစ်ချက်ကတော့ ကျိူ့တုန်းချင်ဟာ ကြီးမားတဲ့ ဆုံးရှုံးမှုတွေကြောင့် စိတ်ဓာတ်ပြိုကွဲနေတဲ့လူတစ်ယောက်ပါ။

သူတမြတ်တနိုး တည်ဆောက်ထားတဲ့ မိသားစု အိမ်တော်ကြီး မီးလောင်ခဲ့ရတာရယ်၊ ဝန်ရင်မော် ရူးသွပ်သွားတာရယ်၊ မေမုန့်ချူ သေသွားတာရယ်၊ ဒါတွေဟာ သူ့အသည်းနှလုံးကို ဓားနဲ့ အထိုးခံရတာထက် နာကျင်စေတဲ့အရာတွေပဲ'

'ဟင်းဟင်း. . . ရှင်က ဒီကိစ္စတွေအားလုံးနဲ့ တရားခံတာ ကျွန်မတို့ လင်မယားလို့ စွပ်စွဲနေတာလား'



'အဖြစ်မှန်ကတော့ ဒီအတိုင်းပါပဲဗျာ'

'ရှင်အပြောကောင်းတာ မှန်ပါတယ်၊ ရှင့်ကို ပြိုင်ပြောလို့ မရမှန်းလဲ သိပါပြီ၊ တကယ်ဆိုတော့ ရှင်ဟာ ပါးစပ်တစ်ရာက ကျွန်မတို့ မဟုတ်ဘူးလို့ ပြောတာတောင် ငြင်းနေဦးမယ့်လူစားပဲ'

'ဟဲဟဲ. . . ဒီထက်ခိုင်မာတဲ့ အထောက်အထားတွေ ရှိနိုင်ဦးမှာမို့လို့လားဗျာ'

'ဒါဖြင့် ကျွန်မတို့လင်မယားလက်ချက်လို့ စွပ်စွဲတယ်ပေါ့'

မိန်လိန်ကျင်းသည် မျက်ခုံးနှစ်ဘက်မြင့်တက်သွားပြီး-

'ဒီလိုဆိုရင်လဲ ဝန်မခံလို့ မဖြစ်တော့ပါလားရှင်'

မင်ရင်ကြွယ်က. . .

'ဝန်မခံလို့ကော ရမှာတဲ့လားဗျာ'

မိန်လိန်ကျင်းသည် မင်ရင်ကြွယ်၏ စကားကို သဘောကျသွားဟန်နှင့် တဟင်းဟင်း ရယ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (66)

### သစ္စာတေးသံရှင်

မိန်လိန်ကျင်းသည် မင်ရင်ကြွယ့်သဘောထားကို ထွင်ဖောက်သိမြင်နေသဖြင့် စကားပရိယာယ်ဖွဲ့ရန် ကြံစည်ပြန်တော့သည်။

'ကျွန်မ မေးချင်ပါသေးတယ်၊ ဝန်ရင့်မော်ရဲ့ကျေးဇူးတော် ရှင့်မှာ ရှိနေတယ်ဟုတ်လား၊ တခြား ဘာတွေ ရှိသေးသလဲ သိပါရစေ'

'ဘာရယ်လို့တော့ ပြောလို့မရသေးပါဘူး၊'

'ပြောစရာမရှိတော့ဘူးဆိုတဲ့ သဘောပေါ့ရှင်၊ ကျွန်မ ပြောချင်တာက လောကမှာ ကိုယ်ကျိုးကို ထည့်မစဉ်းစား



မရှိဘူးလို့ ပြောချင်ပါတယ်၊ ဒါ ရှင့်အတွက် ပြောနေတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဝန်ရင့်မော်ရဲ့ဘဝ ပျက်စီးသွားခဲ့ပါပြီ၊ ကျို့ကုန်းချွင်ရဲ့ဘဝဟာလဲ ပျက်စီးကျဆုံးလုနီးနီး ရှိနေပါပြီ၊ ဒီတော့ မင်ရင်ကြွယ်တစ်ယောက်တည်း ဘာများ စွမ်းဆောင်နိုင်တော့မှာလဲရှင်'

'ခင်ဗျားဆန္ဒကို သဘောပေါက်ပါတယ် မိန်လိန်ကျင်း၊ ဒီတော့ ပြောစရာရှိတာ ဆက်ပြောပါ'

'ဒီလိုပါ၊ သူ့ရဲကောင်းမင်အနေနဲ့ ကျွန်မယောက်ျားရဲ့ လက်အောက်မှာ အမှုထမ်းပေးပါ၊ ကျွန်မတို့ ရည်ရွယ်ချက် အောင်မြင်ရင် ရှင့်ကို ကြီးကျယ်မြင့်မြတ်တဲ့ ရာထူးအဆင့်ကို ပေးပါမယ်၊ သူ့ရဲကောင်းမင်အတွက် ဘာမှ လိုလေသေးမရှိအောင် စံစားခံစားစေရပါမယ်'

'အင်း. . . ခင်ဗျားတို့ရဲ့ စေတနာဟာ ကျုပ်ကို ဝေဒနာ ပေးသလိုပါပဲလားဗျာ'

'ရှင်တော်တော် ခေါင်းမာနေကာကိုး၊ ကျွန်မယောက်ျားဟာ အင်မတန်ရက်စက်ကြမ်းကြုတ်တဲ့လူပါ၊ ကျွန်မကသာ သက်တိုင်ပြောလိုက်ရင် ရှင့်ဘဝဟာ ရေစုန်မျှောသွားပါလိမ့်မယ်'

'ခင်ဗျားလဲ တော်တော် အပြောကောင်းတဲ့မိန်းမပဲ၊ ခင်ဗျားတို့ ထင်တိုင်း 'လုပ်နိုင်မယ်ဆိုရင် ခုလောက်ဆို ကျုပ် ရေအောက်ရောက်နေပြီပေါ့ဗျာ၊ ကျုပ်ပြောတာ ရှင်းရဲ့လား'

'လောကကြီးဟာ စဉ်ဆက်မပြတ်ပြောင်းလဲနေတာရှင့်၊

www.burmeseclassic.com

www.burmeseclassic.com



စောစောတုန်းကအချိန်နဲ့ အခုအချိန်ဟာ တူတာမှမဟုတ်ပဲ'

'ဘယ်လိုများ ကွဲပြားခြားနားနေလို့လဲဗျာ၊ တဆိတ်လောက် ရှင်းပြစမ်းပါ'

မိန်လိန်ကျင်းသည် ကောက်ကျစ်စဉ်းလဲသော အပြုံးကိုပြုံးလိုက်ရင်း လီယွင်ဟုန်ကို ကြည့်လိုက်သည်။

'သူ့ရဲကောင်းကြီးမင် ရှောင်ချင်းလက်ထဲက လူတိုဘယ်သူလဲလို့ ကြည့်လိုက်စမ်းပါ'

'ကြည့်နေစရာ မလိုပါဘူးဗျာ၊ ဖေးယွင်ရဲတိုက်က လုံမလေးလီပါ'

'ကျွန်မတို့က လုံမလေးလီကို ဓားစာခံ လုပ်ထားတယ်လို့ ရှင် ထင်နေသလား'

'ခင်ဗျားတို့ရဲ့ သဘောထားကို ကျုပ်တွက်မိပြီးသားပါ ခင်ဗျားတို့ ဘာဖြစ်လို့ ဒီလိုလုပ်ကြတာလဲ'

'အတဲ့အလှည့်သဘောပေါ့ရှင်၊ ရှင်က လေ့သမားတို စိတ်တိုင်းကျ မလှုပ်ရှားနိုင်အောင် ဟန့်တားထားတော့ ကျွန်မတို့ကလဲ ချောချောလှလှ ဖွေးဖွေးနုနု လီယွင်ဟုန်ကို နှိပ်စက်ရတော့မှာပေါ့'

မိန်လိန်ကျင်းသည် ပြုံးစစနှင့်ပြောရင်း လီယွင်ဟုန်ကို လှည့်ကြည့်သည်။

ထို့နောက်. . .

'ပြောသာပြောတာပါရှင်၊ သူ့မျက်နှာက သနားစရာလေး



ဆိုတော့ လုပ်တော့ မလုပ်ရက်ပါဘူးရှင်'

'ဟဲဟဲ. . . လေ့နဲ့ကမ်းစပ်ဟာ သိပ်ဝေးလှတာ မဟုတ်ဘူး မိန်လိန်ကျင်း၊ ကျုပ် အချိန်မရွေး လာလို့ရတယ်'

'ဟင်းဟင်း. . . ကျွန်မတို့က ရှင့်ကို ကမ်းပေါ်တက်ခွင့်ပြုမှာမို့လားရှင်၊ သတ္တိရှိရင် ကမ်းပေါ် တက်ကြည့်လိုက်စမ်းပါ၊ ကျွန်မရင်ထဲက သနားစိတ်တွေချက်ချင်း ပျောက်သွားမှာရှင့် ဟင်းဟင်း၊ ကျွန်မလုပ်မှာက လုံမလေးလီရဲ့ မျက်နှာလှလှလေးကို ဖျက်ဆီးပစ်လိုက်မှာပါ၊ မိန်းမသားဆိုတာ အလှအပကို မြတ်နိုးကိုးကွယ်သူနေတွေပါ၊ ဒီတော့ သူ့မျက်နှာပေါ်က အလှအပတွေ ပျက်စီးသွားရင် သူဟာ သေလူနဲ့ ခြားမှာမဟုတ်ပါဘူး၊ မိန်းမချောဘဝက သရဲမ ဖြစ်သွားမှာ သေချာပါတယ်'

မိန်လိန်ကျင်းက မခံချိမခံသာဖြစ်အောင် ပြောသည်။

မင်ရင်ကြွယ်သည် ရင်တထိတ်ထိတ်ဖြစ်နေသော်လည်း အပြုံးမပျက်ပေ။

'နေပါဦး ခင်ဗျားက လီယွင်ဟုန်ကို စောစောကတည်းက ဘာကြောင့် မသတ်တာလဲ'

'ကျွန်မ အရူးမဟုတ်ဘူး မင်၊ သူ့ကိုသာ သတ်လိုက်ရင် ခင် ဒီကိုရောက်လာဦးမှာတဲ့လား၊ ဒါမှမဟုတ် ကျွန်မကို ခုလို အေးအေးဆေးဆေး စကားပြောနေဦးမှာလား'

'ခင်ဗျား ကျုပ်ကို တွေးကြောက်နေပါလား. . . ဟဲဟဲ တကယ်တော့ ကျုပ်နဲ့ ဖေးယွင်ရဲတိုက်ဟာ ညီအစ်ကိုဆက်ဆံ

www.burmeseclassic.com

www.burmeseclassic.com



ရှေးအိုး မတွေ့တ်သေးပါဘူးဗျာ၊ လုံမလေးလီနဲ့ ကျုပ်ကလဲ. . .’

မင်းရှင်ကြွယ် စကားမဆုံးမီမှာပင် မိန်လိန်ကျင်းက တခစ်ခစ်ရယ်ပြီး ပြောလာသည်။

‘သိပါတယ်ရှင်၊ ရှင့်ဘက်က ဘာမှ မဟုတ်ဘူးလို့ဖြင်းလဲ လုံမလေးလီကတော့ ရှင့်ကို တစ်ဘက်သတ် ချစ်ခင်နေတာပါ ဟင်းဟင်း. . . လုံမလေးလီ သိုင်းလောကထဲ ဆင်းလာတာဟာ သူ့ရဲကောင်းမင်းနဲ့ တွေ့ဆုံဖို့ လိုက်ရှာတာပါပဲ၊ ကိစ္စကတော့ သူ့ရဲကောင်းမင်းရဲ့ ကျေးဇူးကို ပြန်ဆပ်ဖို့ပေါ့ရှင်’

မင်းရှင်ကြွယ်သည် မိန်လိန်ကျင်း၏စကားကို နားထောင်ရင်း ရင်ထဲတွင် တဆစ်ဆစ် နာကျင်လာတော့သည်။

ထို့ကြောင့်. . .

‘ကျုပ် ရှင်းရှင်းပဲပြောမယ် မိန်လိန်ကျင်း၊ သေရေးရှင်ရေး ပြဿနာ ကြုံလာရင် ဘယ်သူ့ကိုမှ မမှုဘူးဆိုတာပဲ၊ အဲဒီအခါမှာ ကျုပ် အသက်စွန့်လွှတ်ဖို့လဲ အသင့်ရှိနေမယ်’

‘ဟင်းဟင်း. . . သူ့ရဲကောင်းမင်းဟာ တစ်လောကလုံးမှာ အသည်းမာဆုံးနဲ့ အရက်စက်ဆုံးလူပါပဲရှင်၊ ကျွန်မ ဒီလို မြင်ပါ တယ်၊ ရှင်ကသာ စိမ်းကားသွားမယ်ဆိုရင် လုံမလေးလီရဲ့ အသည်း တွေ တစ်စစီ ပဲ့ကြွေသွားမှာ အမှန်ပဲ’

မိန်လိန်ကျင်းသည် မျက်လုံးတစ်ဘက်ကို ဖျတ်ခနဲ မှိတ်လိုက်ပြီး. . .

‘သူ့ရဲကောင်းမင်းက ကျွန်မရဲ့စေတနာတွေကို လျှစ်လျူ

---



တော့မှာလားရှင်’

‘ယောက်ျားဆိုတာ ခေါင်းသာ အပြတ်ခံမယ်၊ စိတ်ဓာတ် ဆိုတော့ အချိုးအနှိမ်မခံနိုင်ဘူး မိန်လိန်ကျင်း၊ ရန်သူကို ဒူးထောက် တာထက် တိုက်ရင်း သေတာက ပိုပြီး မြတ်တယ်၊ ဝန်ရပ်မော်ဟာ သစ္စာတေးသံကို သီဆိုသွားသူပါ’

‘ကျွန်မ ကြားဖူးပါတယ်၊ ရှင်ရရင် တစ်ခေါက်လောက် ဆိုပြပါလား’

‘ခင်ဗျားနားထောင်ချင်ရင်လဲ ဆိုပြရမှာပေါ့ဗျာ ဟဲဟဲ’

မင်းရှင်ကြွယ်သည် မိန်လိန်ကျင်းကို စိုက်ကြည့်ရင်း သစ္စာတေးသံကို သီဆိုပြတော့သည်။

‘အသည်းနှလုံးမှ သီကုံးသော သိုင်းသစ္စာ ××အာကာမှာ မြန့်ကာကျက်တဲ့ ပိုက်ကွန်ပမာ ×× လောကရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းမှာ. . . အမှန်တကယ် အသက်သွေးပေးဆပ်မှာ××’

‘သိုင်းသစ္စာအာဏာစက်××ဟိမဝန္တာနဲ့ မြင်းမိုရ်တောင် ကျော် ဖုံးလွှမ်းသိုင်းခြုံ ဓားဘုန်းဝိုင်းတုံ××သစ္စာအဟုန်××လောက မြေတစ်လွှား××ဒုစရိုက်တွေမျာ××ဓား ဓား××ဓားနဲ့ရှင်းပစ် မှာ××အရိုးအသား သံမဏိ ဓားဘုန်းရှင်မှာ သတ္တိရှိ××’

‘သစ္စာအောင်တံခွန် လွှင့်ထူလာပြီလေဗျာ ခေါင်းဖြတ် ဖော်အောက် ဘယ်တော့မှ ဒူးမထောက်ပါ× ×မကြောက်တရား အသည်းမှာထား××နောက်စတွန့်တဲ့ ဇာနည်ဖွား××အဲဒါ သိုင်း လောကရဲ့ သစ္စာဘက်တော်သား××ဟားဟားဟား’

www.burmeseclassic.com

www.burmeseclassic.com



မင်းရင်ကြွယ်သည် သီချင်းသံဆုံးသည်နှင့် တဟားဟား အော်ရယ်လိုက်သည်။

× × ×

မိန်လိန်ကျင်းက ပြုံးတုံ့တုံ့ အမူအရာနှင့်. . .

'ဒီလိုဆိုရင် ရှင်က သစ္စာတရားဘက်က အသေခံမယ်ပေါ့ ဟုတ်လားမင်'

'မေးဖို့ မလိုတော့ပါဘူးဗျာ'

'သူ့ရဲကောင်းမင်ဟာ သစ္စာတရားအတွက် အသေခံရဲပေမယ့် လုံမလေးလီရဲ့အသက်ကိုတော့ ထည့်မတွေး တော့ဘူးလား ရှင်'

'ခင်ဗျားက ကျုပ်စိတ်ကိုပျော့ညံ့သွားအောင် ကြိုးစားနေတာကို။ ကျုပ်ကို လုံမလေးကို ဓားစာခံထားပြီး ကြိုက်သလို ကြိုးဆွဲလို့ရမယ် ထင်နေသလား'

'ဟင်းဟင်း. . . ကျွန်မ အတွေးမှားသွားပြီ ထင်ပါတယ် ရှင်၊ တကယ်တော့ မင်ဟာ အသည်းနှလုံးနဲ့ တုတဲ့လူတစ်ယောက်ပါ ကျွန်မတော့ လုံမလေးလီကို အားကျနေပြီရှင်'

'ခင်ဗျား ကသိကအောက်စကားတွေ ပြောမနေပါနဲ့ဗျာ'

'ကျွန်မ သတိပေးပါရစေရှင်၊ သူ့ရဲကောင်းမင်သာ ကွယ်လွန်သွားရင် လုံမလေးလီဟာ တစ်သက်လုံး စိတ်ဆင်းရဲရုံနဲ့ ဆုံးမှာ မဟုတ်ပါဘူးရှင်၊ မိန်းမသားတွေဟာ ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်ရင် မခံရပ်နိုင်အောင် ခံစားတတ်၊ ကြေကွဲတတ်တဲ့



သူတွေပါ၊ ရှင့်နောက်ကို တဖွတ်ထိုးလိုက်လာမှာကိုကော ရှင် မစိုးရိမ်ဘူးလား'

'ကျုပ် ယုံကြည်ထားတာက လီယွင်ဟုန်ဟာ ခင်ဗျားတို့ အတွက် အထူးလိုအပ်နေတဲ့လူပါ၊ ဒီတော့ ကျုပ်ထွက်သွားရင်လဲ ခင်ဗျားက ကျုပ်ကိုယ်စား စောင့်ရှောက် ပေးနေကြမယ့်လူတွေပါ'

'သူ့ရဲကောင်းမင်ပြောတာ မှန်ပါတယ်၊ ကျွန်မရဲ့ ယောကျ်ားဟာ လက်ရှိမယားတွေကို ငြီးငွေ့နေတော့ အသစ် အဆန်းလေး လီယွင်ဟုန်ကို ကိုယ်ဖိရင်ဖိ ပြုစုပေးမှာပါ၊ ဟင်း ဟင်း. . . ဒါကြောင့် လီယွင်ဟုန်သာ တစ်ခုခုဖြစ်သွားရင် ကျွန်မ ကော ရှောင်ချင်းပါ ရက်ရက်စက်စက် အရေးယူခံရမှာပါရှင်'

မိန်လိန်ကျင်းသည် စကားပြောရင်း လီယွင်ဟုန်ကို လှည့်ကြည့်သည်။

ထို့နောက် သက်ပြင်းတစ်ချက် ဟင်းခနဲ ချလိုက်ပြီး မင်းရင်ကြွယ်ကို ဆက်ပြောသည်။

'ကျွန်မ ပြောချင်ပါသေးတယ်ရှင်၊ သူ့ရဲကောင်းကြီး မင်ဟာ လူတော်လူကောင်းတစ်ယောက်ပါ၊ ဒါကြောင့် သူ့ရဲကောင်း မင်သာ ကွယ်လွန်သွားရင် သူ့ရဲကောင်းဝန်ရင်မော်ရဲ့ ကျေးဇူးတွေ ကို ပြန်ဆပ်နိုင်မှာ မဟုတ်ပါဘူး၊ သစ္စာတရားရဲ့ ဘက်တော်သား ကြီးအဖြစ်လည်း ရပ်တည်နိုင်တော့မှာ မဟုတ်ပါဘူး၊ ဒါကြောင့် လောကကြီးထဲက သစ္စာဘက်တော်သားကြီး ပျောက်ဆုံးသွားမှာကို စိုးရိမ်မိပါတယ်ရှင်'

www.burmeseclassic.com

www.burmeseclassic.com



'အပိုတွေ ပြောမနေစမ်းနဲ့ မိန်လိန်ကျင်း၊ ကျုပ်အတွက် ပူစရာ ဘာမှမလိုပါဘူး'

'ဒါဖြင့် ရှင်တကယ် အသေခံ တိုက်တော့မယ်ပေါ့'

'ကျုပ် စကားကို ပြင်မပြောတတ်ဘူး မိန်လိန်ကျင်း'

'ကောင်းပါပြီရှင်၊ ရှင့်ဆန္ဒအတိုင်း ပြည့်ဝစေရပါမယ်'

မိန်လိန်ကျင်းသည် စကားဆုံးသည်နှင့် ရှောင်ချင်းကို မျက်စပစ်ပြလိုက်တော့သည်။

'ရှောင်ချင်း လီယွင်ဟုန့် သွေးကြောတွေကို ပြန်ဖွင့်ပေးလိုက်ပါ၊ သူ့ချစ်သူရဲ့ သေပွဲဝင်ပုံကို သေသေချာချာ ကြည့်သွားနိုင်ဖို့ လိုနေပြီ'

ရှောင်ချင်းက လီယွင်ဟုန်၏ ပိတ်နေသော သွေးကြောများကို လက်ဝါးနှင့်ရိုက်ပြီး ဖွင့်ပေးလိုက်သည်။

လီယွင်ဟုန်သည် အသိအမြင်များ ပြန်လည်ကြည်လင်လာသဖြင့် မင်ရင်ကြယ်ကို ကြည့်ပြီး အထိတ်တလန့်ပြောတော့သည်။

'မင်. . . သူ့ရဲကောင်းကြီး မင်'

မင်ရင်ကြယ်သည် ဆတ်ခနဲ ဖြစ်သွားပြီး. . .

'လီယွင်ဟုန် ခင်ဗျားကလဲ ကျုပ်ကို မင်ရင်ကြယ်မှန်း သိနေပြီလား'

ဤတွင် မိန်လိန်ကျင်းက ဝေါ်သံနှင့် ဝင်ပြောသည်။

'ဟုတ်တယ် သူ့ရဲကောင်းမင်၊ အချစ်ရူးမလေးက



မင်နောက် တကောက်ကောက် လိုက်နေလေတော့ ရှင်ဘယ်သူဖြစ်ကြောင်း ဖွင့်ပြောပြလိုက်ပါတယ်ရှင့်'

မိန်လိန်ကျင်းသည် ပြုံးစစလုပ်နေရင်းက လီယွင်ဟုန့်ကို စောင်းငဲ့ကြည့်လိုက်ပြန်သည်။

ထို့နောက်. . .

'လုံမလေး လီယွင်ဟုန်၊ ဟောဟိုမှာ ရပ်နေတဲ့ သူ့ရဲကောင်းကြီးမင်က ညည်းကိစ္စနဲ့ အသေခံတော့မယ်တဲ့ကွယ်၊ ဒါကြောင့် သူ ဘယ်လိုသေရသလဲဆိုတာကို ညည်း ကိုယ်တွေ့မျက်မြင်ကြည့်ရအောင် သွေးကြောတွေ ဖွင့်ပေးလိုက်ပါပြီ'

လီယွင်ဟုန် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားပြီး ထိတ်ထိတ်လန့်လန့် အော်တော့သည်။

'ရှင်. . . ရှင်. . . သူ့ရဲကောင်းကြီးမင်၊ ရှင် ဘယ်လိုဆုံးဖြတ်လိုက်တာလဲ ရှင်ရှင်'

မင်ရင်ကြယ်သည် လီယွင်ဟုန်ကို စိုက်ကြည့်ပြီး ငြိမ်သက်နေတော့သည်။

လီယွင်ဟုန်သည် မင်ရင်ကြယ်ကို ဝိုင်းဝိုင်းလည်နေသော မျက်လုံးများနှင့် ကြည့်ရင်း ငြိမ်သက်သွားတော့သည်။

'မိန်လိန်ကျင်း၊ ကျုပ်ကိုရင်ဆိုင်ဖို့ ခင်ဗျားလူတွေကို ကြိုက်သလို အမိန့်ပေးလိုက်ပါ၊ အချိန်ကုန်တယ်'

မင်ရင်ကြယ်သည် ဒေါသနှင့် မာဆတ်ဆတ် လှမ်းပြောတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်လိန်ကျင်းက မင်ရင်ကြယ်ကို ဂရုစိုက်ဟန်မရှိဘဲ တတင်းဟင်း ရယ်ပြန်သည်။

'ဒီမယ် သူရဲကောင်းကြီးမင်၊ ရှင်ဟာ လှိုင်းတွေ လေတွေကြားထဲက လှေပေါ်မှာ ရပ်နေသူပါ၊ ဝဲဂယက်ရေလှိုင်းဆိုတာ လူဆိုးလူကောင်း ခွဲခြားနေမှာ မဟုတ်ပါဘူး၊ ရေနစ်ပြီပော့ဆိုရင် ကံကောင်းတယ်၊ အားကြီးတယ်ဆိုတဲ့ လူလည်း မုချသေရမှာပဲ၊ လှေသမား အချိန်ကြာတယ်၊ ကြိုက်သလို လုပ်လိုက်တော့'

မိန်လိန်ကျင်း၏ စကားအဆုံးတွင် လှေသမားသည် လှေကို ဖနောင့်နှင့်ပေါက်ပြီး ဝုန်းခနဲ ခုန်ဆင်းသွားတော့သည်။

■



## အခန်း (၆၇)

## ရေအောက်ကမ္ဘာသို့ ရောက်သွားသူ

မင်ရင်ကြယ်သည် ထိုအဖြစ်ကို အရေးစိုက်ဟန် မရှိဘဲ မိန်လိန်ကျင်းကိုသာ စိုက်ကြည့်နေဆဲရှိသည်။

လှေသမားသည် ရေအောက်မှနေ၍ ကမ်းစပ်ရှိရာသို့ ငုပ်လျှိုးပြီး ကူးခတ်လာလေပြီ။

မကြာပါ။ ရေငုပ်လာသော လှေသမားသည် ကမ်းစပ်၌ ဘွားခနဲ ပေါ်လာသည်။

လှေသမားဖျက်ဆီးခဲ့သောကြောင့် လှေပဲ့ပိုင်းသည် အက်ကွဲပေါက်ပြဲသွားပြီး ရေများ တရဟော ဝင်လာကာ ဦးထောင်နေလေပြီ။

○

www.burmeseclassic.com

www.burmeseclassic.com



မင်ရင်ကြွယ်သည် လှေကြီး တစတစ နစ်မြုပ်နေပြီ ဖြစ်သော်လည်း၊ ထိတ်လန့်တုန်လှုပ်ခြင်း၊ လှုပ်ရှားခြင်း မရှိချေ။

နဂိုအတိုင်း မတ်တပ်ရပ်မြဲ ရပ်နေသည်။

စကားလည်း တစ်ခွန်းမှ မပြောချေ။

လီယွင်ဟုန်သည် မြင်ကွင်းကြောင့် ထိတ်လန့်တုန်လှုပ် နေလေပြီ။

သို့သော် တစ်စုံတစ်ရာ အော်ဟစ်ပြောဆိုခြင်းလည်း မပြုရဲဘဲ ဖြစ်နေသည်။

လှေသည် တဖြည်းဖြည်းနှင့် ဦးပါ မြုပ်သွားပြီ။

ရေသည် မင်ရင်ကြွယ်၏ ခြေသလုံးသို့ ရောက်နေပေပြီ။

မင်ရင်ကြွယ်ကား တုတ်တုတ်မျှ မလှုပ်သေးချေ။

မကြာပါ။ မင်ရင်ကြွယ်၏ ခါးအထိ ရေရောက်လာသည်။

ထို့နောက် ရင်ဘတ်၊ လည်ပင်းအထိ ရောက်လာပြီး ခေါင်းပါ ရေထဲသို့ စုံးစုံးမြုပ်သွားသည်။

လှေကော လူပါ ပျောက်သွားပြီ။

အားလုံးရေပြင်ကို ငေးကြည့်နေစဉ်မှာပင် အတော် လှမ်းလှမ်းသို့ မျောပါသွားသောလှေသည် ပြန်ပေါ်လာသည်။

မင်ရင်ကြွယ်ကိုကား မတွေ့ရတော့ပါ။

လှေသည် ရေပေါ် ပြန်ပေါ်လာသော်လည်း မင်ရင်ကြွယ် သည် ရေမကူးတတ်သဖြင့် ရေအောက်သို့ရောက်သွားပြီ ထင်သည်။

အတန်ကြာအောင် စောင့်ကြည့်နေကြသော်လည်း



မင်ရင်ကြွယ်သည် ရေပေါ်သို့ ပြန်ပေါ်လာခြင်း မရှိတော့ချေ။

ကမ်းစပ်သို့ရောက်နေပြီဖြစ်သော လှေသမားသည် မြစ်ပြင်ကို လှမ်းကြည့်ပြီး ကျေနပ်ပြုံး ပြုံးလိုက်သည်။

ထို့နောက် ကုန်းပေါ်သို့ ဖြည်းဖြည်းချင်း တက်လာသည်။

မိန်လန်ကျင်းသည် မြင်ကွင်းကိုပင် မယုံကြည်နိုင်ဟန်နှင့် အံ့ဩတွေဝေနေဟန်ရှိသည်။

မင်ရင်ကြွယ်သည် ရေနစ်ပြီး သေနေပြီလော။

သို့မဟုတ်-

မိန်လန်ကျင်းသည် တိတိကျကျ သေသေချာချာ မဝေခွဲ နိုင်တော့ချေ။ ထို့ကြောင့်-

'ရှောင်ချင်း၊ မင်ရင်ကြွယ် ရေနစ်တာ တကယ်လား၊ သူ တကယ် ရေနစ်သေသွားပြီလို့ ညည်း ယုံသလား'

'ကျွန်မတို့အားလုံး မျက်မြင်ကိုယ်တွေ့ပဲ မမရယ်၊ ဘာ မယုံနိုင်စရာရှိလို့လဲ'

မိန်လန်ကျင်းသည် ခေါင်းကို ဖြည်းဖြည်းလေး ခါယမ်း လိုက်သည်။

'ငါ မထင်ဘူး၊ ငါတို့ဟာ သူ့ကိုရှင်းပစ်ဖို့ ခဲခဲယဉ်းယဉ်း ကြိုးစားနေကြရတဲ့လူတွေပါ၊ သူဒီလို လွယ်လွယ်သေသွားမယ်လို့ ငါ မထင်ဘူး၊ သူလိုလူဟာ ဒီလို လွယ်လွယ်သေသွားနိုင်ပါ့မလား'

'မမ ဘယ်လို သဘောရနေပါလဲ'

'သူ ရေမကူးတတ်ဘူးလားဆိုတာကို သံသယဖြစ်နေတယ်'

www.burmeseclassic.com

www.burmeseclassic.com



'မမကလဲ အတွေးခေါင်လိုက်တာ၊ ရေကူးတတ်တယ်ဆိုရင်လဲ ခုချိန်ဟာ ရေပေါ်ပြန်ရောက်လာရမယ့်အချိန်ပါ၊ သိုင်းပညာဘယ်လောက်တော်တော် ရေမကူးတတ်ရင် ရေထဲမှာ လွယ်လွယ်သေရတာချည်းပါ. . . ဟင်းဟင်း'

'မမစဉ်းတောင် မစဉ်းတတ်တော့ဘူးကွယ်၊ ဟိုဘက်ကမ်းကို ရေငုပ်ပြီး ကူးသွားနိုင်ရလောက်အောင်ကလဲ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းဟာ နီးတဲ့ခရီး မဟုတ်ပါဘူး'

မိန်လန်ကျှင်းသည် စကားပြောနေရင်းက သူတို့ထွက်လာခဲ့သော ကျူတောဘက်ကို မျက်စပစ်ပြလိုက်သည်။

လှေသမားသည် အတင်းပါးလှစွာနှင့် ကျူတောထဲ ပြေးဝင်သွားတော့သည်။

ထို့နောက် ရေထဲခုန်ချပြီး ပျောက်ကွယ်သွားလေသည်။

လှေသမား၏ အပြုအမူသည် အလွန်လျင်မြန်သော အပြုအမူပင်တည်း။

မကြာပါ။ လှေသမားသည် ရေငုပ်နေရာမှ ဘွားခနဲ ပြန်ပေါ်လာသည်။

ထို့နောက် မိန်လန်ကျင်းကို လက်ခါပြပြီး တမ်းပေါ်ပြန်တက်လာသည်။ လက်တစ်ဘက်ကိုလည်း 'မရှိဘူး၊ မတွေ့ဘူး' ဟူသော သဘောနှင့် ယမ်းခါပြသည်။

မိန်လန်ကျင်းသည် မင့်ရင်ကြယ် တကယ်သေသည်၊ ရှင်သည်ကို မဝေခွဲရနိုင်သေးသဖြင့် လီယွင်ဟုန်ကို လှမ်းကြည့်ပြီး

မေးခွန်းထုတ်လာသည်။

'လီယွင်ဟုန် ညီမ ဝမ်းနည်းနေသလား'

လီယွင်ဟုန်က တုန်ယင်သောအသံနှင့်ပြောလာသည်။

'ဝမ်းနည်းနေလို့ ဘာများထူးတော့မှာလဲရှင်၊ ကျွန်မလဲ ဘာမှ တတ်နိုင်တာမှ မဟုတ်ပဲ'

'ဟုတ်တယ်၊ ခုချိန်ဟာ သူများအတွက် ဝမ်းနည်းနေလို့လဲ အပိုပဲ'

မိန်လန်ကျင်းသည် စကားဆုံးသည်နှင့် မရယ်ချင့် ရယ်ချင်ရယ်လိုက်ပြန်သည်။

ထို့နောက်. . .

'ဟင်းဟင်း. . . မင်ရင်ကြယ်ဟာ လှေပေါ်မှာရပ်နေတုန်းက ညီမကို မျက်နှာရိပ်မျက်နှာကဲနဲ့ ပြောတာတို အစ်မ ရိပ်မိပါတယ်၊ အဲဒါ သူဘာတွေ ပြောနေသလဲဆိုတာ ရှင်းပြစမ်းပါ'

လီယွင်ဟုန်က အံကြိတ်ပြီး ဖြေသည်။

'လုံမလေး လီ၊ ညည်း ဝမ်းနည်းမနေပါနဲ့၊ ကျုပ်ဟာ လွယ်လွယ်သေမယ့်လူ မဟုတ်ပါဘူးတဲ့'

"ဟင်းဟင်း. . . ညီမစကား မှန်ပါလိမ့်မယ်၊ အစ်မကလဲ သူလိုလူမျိုးကို လွယ်လွယ်နဲ့ သေသွားမယ်လို့ မယုံကြည်ပါဘူး'

'ဒီလိုဆိုရင်လဲ အရာရာကို သတိကြီးကြီးထားပြီး နေပါ့ရှင်'

'ကိစ္စရှိပါဘူးကွယ်၊ ညီမ လီယွင်ဟုန်တစ်ယောက်လုံး



www.burmeseclassic.com

www.burmeseclassic.com



တို့လက်ထဲမှာ ရှိနေတဲ့ ဥစ္စာ၊ သူ ဘာမှလုပ်ဝံ့မှာ မဟုတ်ပါဘူး'

'ဒါဖြင့် ရှင်တို့မှာ စိုးရိမ်စရာ လုံးလုံးမရှိတော့ဘူးပေါ့ ဟုတ်လား'

မိန်လန်ကျင်းက မျက်စောင်းထိုးပြီး ပြောလာသည်။

'အစ်မစိုးရိမ်တာက မင်ရင်ကြွယ်ဟာ ရေနစ်သေ ဟန်ဆောင်ရင်းက တကယ်ရေနစ်ပြီး သေသွားမှာကိုသာ စိုးရိမ်နေ တယ်ကွယ်. . . ဟင်းဟင်း'

ထိုစဉ်ရှောင်ချင်းက သတိလှမ်းပေးသည်။

'မမ အချိန်သိပ်မရှိတော့ဘူး၊ သွားကြစို့'

မိန်လန်ကျင်းသည် ဘာစကားမျှ မပြောတော့ဘဲ ရှေ့ထိ သာ လှမ်းလျှောက်သွားတော့သည်။

ရှောင်ချင်းသည် အခြေအနေကို သဘောပေါက်ထား သဖြင့် လီယွင်ဟုန်ကို ဆွဲပြီး လိုက်တော့သည်။

'ရှင်တို့က ကျွန်မကို ဘယ်ခေါ်သွားကြမှာလဲ'

လီယွင်ဟုန်မေးသော်လည်း သူ့အမေးကို မည်သူ အရေးလုပ်ပြီး မဖြေကြ။

သို့နှင့် ရှေ့ကိုသာ လျှောက်လှမ်းလာရတော့သည်။

ထိုအချိန်ထိ မြစ်ရေပြင်သည် လှိုင်းတံပိုး ထနေဆဲတည်း

ရေအောက်သို့ နစ်မြုပ်ပျောက်ကွယ်သွားသော မင် ကြွယ်သည် အစအနကလေးပင် ပေါ်လာခြင်း မရှိချေ။

လှေသမားသည် ကမ်းနဖူးမှနေ၍ မြစ်ပြင်ကိုငေးကြ

—○—



နေရာမှ တစ်စုံတစ်ရာ ထူးခြားခြင်း မရှိသဖြင့် မိန်လန်ကျင်း တို့နောက်သို့ ပြေးလိုက်လာခဲ့တော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆၀)

## ချင်ကြည်လောင်ဟောက်သို

သို့နှင့် မိန်လန်ကျင်း၊ ရှောင်ချင်း၊ လီယွင်ဟုန်နှင့် လှေသမားတို့သည် သစ်တောကြီးတစ်ခုအတွင်းသို့ ရောက်ရှိခဲ့ကြသည်။

သူတို့ ရောက်ရှိနေကြသော သစ်တောကြီးသည် အလွန်ကြီးမားပြီး သစ်ပင်ချုံနွယ်များ ထူထပ်လွန်းသော တောကြီးဖြစ်သည်။

တောတွင်းသို့ ဝင်မိသည်နှင့် မိန်လန်ကျင်းသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရှုလိုက်ပြီး မတိုးမကျယ်လေး လေချွန်လိုက်သည်။



သိပ်မကြာပါ။ သစ်တော တစ်နေရာမှ မြင်းရထားသံကို ကြားရသည်။

မြင်းရထားသည် သစ်တောကြီးထဲတွင် ဘွားခနဲ ပေါ်လာပြီး မိန်လန်ကျင်းတို့ရှေ့ ရောက်လာသည်။

မြင်းရထားပေါ်မှလူသည် လည်တံရှည်ရှည်နှင့် ဝတ်စုံနက် ဝတ်ထားသော လူတစ်ယောက်ပင်။

မိန်လန်ကျင်းသည် မြင်းရထားပေါ်မှလူကို စိုက်ကြည့်နေရင်း မျက်မှောင်ကြုတ်သွားတော့သည်။

ထူးခြားသော အခြေအနေကြောင့် ရင်ထဲတွင်ပင် တဒိန်းဒိန်း ဖြစ်နေသည်။

လည်တံရှည်ရှည် ဝတ်စုံနက်နှင့်လူသည် ကြာပွတ်ကို ဝှေ့ယမ်းပြီး တည်တည်ငြိမ်ငြိမ် ရှိနေသည်။

သူသည် ဘာကိုမျှ ဂရုမစိုက်ဘဲ မြင်းရထားကိုသာ ဂရုစိုက်မောင်းနေသည်။

'ရှင်. . . ရှင်က. . .'

မိန်လိန်ကျင်းသည် စိတ်ကို ချုပ်ထိန်းခြင်းငှာ မစွမ်းနိုင်တော့သဖြင့် အာမေဋိတ်သံ ထွက်သွားသည်။

'ကျုပ်နာမည် ချန်ဖုန်းပါ၊ သခင်ကြီးအမိန့်နဲ့ ဒီမှာ လာစောင့်နေတာပါ'

မိန်လန်ကျင်း ခုမှ အသက်ရှူချောင်သွားဟန်နှင့် သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင် စောင့်နေတာကြာပြီလား'

'ဟုတ်ကဲ့ အတော်ကြာသွားပါပြီ၊ ခင်ဗျားတို့ တော်တော် နောက်ကျတယ်'

'ဒါနဲ့ သခင်ကြီးက ဘယ်မှာလဲ'

'ခင်ဗျားကို ကြိုတင်ညွှန်ကြားထားပြီးသား မဟုတ်လား ဒီတော့ ညွှန်ကြားထားတဲ့နေရာကိုသာ သွားပါ'

'မမှားနိုင်ပါဘူး၊ ကဲ . . . ရှောင်ချင်း၊ လီယွင်ဟုန်ကို မြင်းရထားပေါ် တင်လိုက်တော့'

မိန်လန်ကျင်းက မှတ်ချက်ချပြီး အမိန့်ပေးသည်။

ရှောင်ချင်းသည် မည်သို့မျှ စောဒက တက်မနေတော့ဘဲ လီယွင်ဟုန်ကို မြင်းရထားပေါ်သို့ တွန်းတင်ပေးလိုက်သည်။

ထို့နောက်မြင်းရထားပေါ် အလျှိုလျှို တက်လိုက်ကြသည်။

လှေသမားလည်း လှေပေါ်မှ မြင်းရထားပေါ်သို့ ရောက် နေပေပြီ။

ချန်ဖုန်းသည် အလွန်တည်ငြိမ်ပြီး အေးစက်စက်နိုင် နေသည်။

သူ့ဘေးတွင် ထိုင်နေသောလူကိုပင် လှည့်မကြည့်တော့။

မိန်လန်ကျင်းသည် ရထားအိမ်ထဲ ဝင်ထိုင်မိသည်နှင့် ယင်းလိပ်တံခါးကို မတင်လိုက်ပြီး . . .

'မြင်းရထားဆရာကြီး၊ ကမ်းနဖူးက ကပ်ပြီး မောင်းပါ' လှမ်းပြောသည်။



မြင်းရထားရှေ့ ထိုင်ခုံတွင် ထိုင်နေသော ချန်ဖုန်းသည် ည်သို့မျှ ဖြေကြားခြင်း မရှိပါ။

ကြာပွတ်ကိုသာ ရှမ်းခနဲ ဝှေ့ယမ်းလိုက်ပြီး တရကြမ်း မောင်းတော့သည်။

သို့နှင့် မိုင်ဝက်ခန့် ခရီးတွင်လာသည်။

'မြောက်ဘက်ကိုကွေ့'

မိန်လန်ကျင်းက လှမ်းပြောပြန်သည်။

ချန်ဖုန်းသည် ဆရာလုပ်လွန်းသည်ဟု ထင်လာပြီး စိတ်တို လာတော့သည်။

ထို့ကြောင့် အရှေ့ကိုသာ တည့်တည့်ကြီး တရကြမ်း မောင်းတော့သည်။

တစ်မိုင်ကျော်ကျော်ခန့် မောင်းမိပြန်သောအခါ၊ မိန်လန်ကျင်းက အထဲမှ လှမ်းအော်ပြန်သည်။

'ဖြည်းဖြည်းမောင်းပါရှင်၊ မြောက်ဘက်ကိုကွေ့ပြီး တည့်တည့်သွားပါ'

ချန်ဖုန်းသည် ရထားအိမ်ထဲမှ အမိန့်ပေးသည့်အတိုင်း ငြိမ်ငြိမ်ဆင်ဆင် မောင်းတော့သည်။

ရေနွေးအိုးတစ်ကျက်ခန့်ကြာသောအခါ တိုက်တာအိမ်ခြေ များပေါများသည့် မြို့တစ်မြို့သို့ ရောက်လာသည်။

ထိုအချိန်၌နေမင်းကြီးသည် အနောက်ကျွန်းသို့ ယွန်းလုလု ဖြစ်နေချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တစ်နေ့တာ လုပ်ငန်းခွင်များကို သိမ်း[illegible] ပြန်လာကြသော လယ်သမား၊ ယာသမားများကို ဥဒဟို [illegible] နေရသည်။

မြို့သည် သေးငယ်သောမြို့ မဟုတ်ချေ။ ကုန်သည်ပွဲ[illegible] များပေါသောမြို့ ဖြစ်ဟန်ရှိသည်။

တည်နေပုံအနေအထားကိုကြည့်ရုံနှင့် ထုံထိန်ရေ[illegible] ကြီးနှင့်လည်း သိပ်ဝေးလိမ့်မည်မထင်။

ရေလမ်းကော ကုန်းလမ်းပါ ရှိနေသဖြင့် စည်ကား[illegible] ယာသော မြို့တစ်မြို့ပင်။

လမ်းပေါ်တွင်တွေ့ရသော လှည်းများကို ကြည့်ရုံ[illegible] တစ်မြို့မှတစ်မြို့သို့ ကူးပြီး ရောင်းဝယ်ဖောက်ကားနေသူ[illegible] ပေါများဟန်ရှိသည်။

ထိုစဉ် ရထားအိမ်ထဲမှ မိန်လန်ကျင်းက အဖြင်[illegible] လှမ်းမေးပြန်သည်။

'ချန်ဖုန်း၊ မြို့ကို ရောက်ပြီလား'

'ရောက်ပါပြီ'

'ဒီလိုဆိုရင် မြို့ထဲကို တန်းဝင်၊ 'ချင်ကြည်လောင် ဟော[illegible] ဟိုတယ်မှာ တည်းမယ်၊ တစ်ညအိပ်ပြီး မနက်စောစောမှာ [illegible] ပြန်ထွက်မယ်'

ချန်ဖုန်းသည် အခြေအနေကို သဘောမပေါက်ဟန်[illegible] မျက်မှောင်ကြုတ်သွားတော့သည်။



တစ်စုံတစ်ရာ ပြန်လှန်ပြောကြားခြင်း မရှိတော့ပါ။

မြင်းရထားကိုသာ မြို့တွင်းသို့ဦးတည်ပြီး ဆက်မောင်းနေတော့သည်။

× × ×

မြင်းရထားသည် မြို့အနောက်လမ်းကို အသုံးပြုပြီး မြို့ထဲသို့ ဝင်လာသည်။

သိပ်မကြာပါ။ 'ချင်ကြည်လောင်ဟောက်'ဟု ရေးထားသည့် ရွှေရောင်ဆိုင်းဘုတ်ကြီးကို တွေ့ရတော့သည်။

ထိုဟိုတယ်သည် အလွန်ကြီးကျယ်ခမ်းနားသော ဟိုတယ်ကြီးတစ်ခုပင်။

အရှေ့၊ အလယ်၊ အနောက်ဆောင်များကို ပေါင်းလိုက်လျှင် အဆောင်ကြီးသုံးဆောင်ရှိကြောင်း သိသာနေသည်။

ဟိုတယ်ရှေ့တွင် လွှင့်ထူထားသော အလံတလေးများ တလူလူလွင့်နေသည်မှာ ရွှေရောင်ဆိုင်းဘုတ်နှင့် ပနံရနေသည်။

ချန်ဖုန်း မြင်းရထားကို ဟိုတယ်ရှေ့တွင်ရပ်လိုက်မိသည်နှင့် 'ရောက်ပြီ'ဟု လှမ်းအော်တော့သည်။

လှေသမားသည် 'ရောက်ပြီ' ဆိုသည်နှင့် မြင်းရထားပေါ်မှ ဖျတ်ခနဲ ခုန်ဆင်းလိုက်သည်။

ထို့နောက် မြင်းရထားနောက်မှ ယင်းကာ တံခါးပွင့်လာပြီး မိန်လန်ကျင်းတို့ ဆင်းလာကြသည်။

မိန်လန်ကျင်းနှင့် ရွှောင်ချင်းတို့သည် လီယွန်ဟုန်ကို

www.burmeseclassic.com

www.burmeseclassic.com



အလယ်မှာထားပြီး ညှပ်ခေါ်လာကြသည်။

တစ်ယောက်နှင့်တစ်ယောက်လက်တွဲလာဟန် ပြုလာကြသဖြင့် သူတို့ကို မည်သူကမျှ လီယွင်ဟုန်ကို ဖမ်းလာကြသည်ဟု ထင်ကြမည် မဟုတ်ပါ။

မြင်သူတိုင်းက ညီအစ်မသုံးဖော်ဟုပင် ထင်မြင်ကြပေလိမ့်မည်။

မကြာပါ။ သူတို့အားလုံး ဟိုတယ်ပေါ် ရောက်သွားကြသည်။

ဟိုတယ်ထဲမှ စားပွဲထိုးနှစ်ယောက်သည် သူတို့ကို မြင်သည်နှင့် အူယားဖားယားပြေးကြသည်။

စားပွဲထိုးနှစ်ယောက်သည် မိန်လန်ကျင်းရှေ့သို့ရောက်သည်နှင့် ခါးညွတ်ပြီး အရိုအသေပေးကြသည်။

'စားပွဲထိုး အဆောင် အားလား'

မိန်လန်ကျင်းက ပြုံးပြီးမေးသည်။

သူမ၏ အမေးသည် ရင်နှီးသောအမေးမျိုးဖြစ်သည်။

ဤအမေးကို ကြားရုံနှင့် ဤဟိုတယ်နှင့် အကျွမ်းဝင်သူမှန်း သိသာသည်။

စားပွဲထိုးက လေးလေးစားစား အမူအရာနှင့် ပြန်ဖြေသည်။

'အားပါတယ် ခင်ဗျ၊ တည်းခိုသူ မရှိသေးပါဘူး'

'ကောင်းပြီ၊ ကျွန်မတို့ အရှေ့ဆောင်တစ်ခုလုံး ယူမယ်၊



စားသောက်တည်းခိုမှာက ငါးယောက်၊ လိုတာပိုတာကို နောက်မှ ထပ်ရှင်း၊ ခု ဒါယူထား'

မိန်လန်ကျင်းက တိုတိုပြောပြီး ငွေတုံးတစ်တုံးကို လှမ်းပေးသည်။

စားပွဲထိုးသည် လှမ်းပေးနေသော ငွေတုံးကို ရိုရိုသေသေ လက်ခံယူသည်။

မိန်လန်ကျင်းသည် ကိစ္စတစ်ခုပြီးသည်နှင့် ချန်ဖုန်းကို အမိန့်ပေးပြန်သည်။

'ချန်ဖုန်း၊ မြင်းရထားက မြင်းတွေကို ဖြုတ်ပြီး အစာကျွေးလိုက်ပါ၊ မနက်စောစော ခရီးထွက်ဖို့ အသင့်ဖြစ်နေပါစေ'

'ဟုတ်ကဲ့ ဟုတ်ကဲ့'

မိန်လန်ကျင်းသည် ချန်ဖုန်းကို မကြည့်တော့ဘဲ လှေသမားနှင့်အတူ ဟိုတယ်ထဲသို့ တည့်တည့်မတ်မတ် ဝင်သွားတော့သည်။

ချန်ဖုန်းသည် မြင်းရထားရှိရာ ပြန်လာပြီး မြင်းကို ရထားမှ ဖြုတ်လိုက်သည်။

ထို့နောက် ဆာလောင်နေဟန်ရှိသော မြင်းကို အေးအေးဆေးဆေး အစာကျွေးနေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၆၉)

## မြွေမြွေချင်း ခြေမြင်သူ

ချန်ဖုန်းသည် ကိစ္စတစ်ခုပြီးသွားသည့်နှင့် ဟိုတယ်ပေါ်သို့ ပြန်တက်လာခဲ့သည်။

ထို့နောက် အရှေ့ဆောင်ရှိရာသို့ ရောက်လာပြီး အဆောင်ရှေ့တွင် ရပ်လိုက်သည်။

တစ်ပြိုင်နက်တည်းတွင်ရင်ထဲ ဒိန်းခနဲ ဖြစ်သွားပြီး ထိတ်ထိတ်လန့်လန့် ဖြစ်သွားတော့သည်။

မိန်လန်ကျင်းတို့ ငှားရမ်းခဲ့သော အရှေ့ဆောင်ခန်းသည် မှောင်မည်းမည်းကြီး ဖြစ်နေသည်။ အထဲတွင် လူတစ်ယောက်မှ မရှိချေ။



မိန်လန်ကျင်းတို့သည် အရှေ့ဆောင်ကိုငှားပြီးမှ ဘယ်ကို ရောက်သွားကြလေသနည်း။

မြင်းသမား ချန်ဖုန်း မစဉ်းစားတတ်တော့ပေ။

ချန်ဖုန်းသည် စိတ်စနောင့်စနင်းနှင့် အရှေ့ဆောင်ကို ကျောခိုင်းပြီး လျှောက်နေမိတော့သည်။

တစ်နေရာသို့ရောက်သောအခါ စောစောက ထွက်ကြိုခဲ့သော စားပွဲထိုးကို တွေ့ရတော့သည်။

စားပွဲထိုးသည် ချန်ဖုန်းကို ဖျာဖျာသလဲ လှမ်းပြောသည်။

'ဆရာလေးပါလား၊ ဘယ်သွားမယ်လို့လဲဗျ'

'ခုနက အမျိုးသမီးတွေကို လိုက်ရှာနေတာပါ၊ လူကြီးတစ်ယောက်နဲ့ မိန်းမသုံးယောက်လေ၊ အရှေ့ဆောင်ကို ငှားပြီး ဘယ်ရောက်သွားကြတာလဲ'

'ကျွန်တော် မသိဘူးဗျ'

'စောစောလှ ခင်ဗျား ရှိနေသားပဲ၊ ဘာမသိဘူးလဲဗျ'

စားပွဲထိုးသည် ဘာမျှ ပြန်မပြောဘဲ မလှမ်းမကမ်းတွင် ရပ်နေသော စားပွဲထိုးတစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

'လောင်ချန် ခဏလာဦး'

လောင်ချန်သည် အနီးသို့ သုတ်သုတ်ပျာပျာ ရောက်လာသည်။ ထို့နောက်. . .

'ဘာကိစ္စလဲကွ' ဟု မေးသည်။

ပထမစားပွဲထိုးသည် ချန်ဖုန်းကို လှမ်းကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လောင်ချန်ကို ရှင်းပြသည်။

'ဆရာလေးက လူကြီးတစ်ယောက်နဲ့ အမျိုးသမီးသုံးယောက် ဘယ်ရောက်သွားသလဲတဲ့'

'ဪ. . . စောစောကရောက်လာတဲ့လူတွေလား'

ချန်ဖုန်းက မကျေမနပ်နှင့် ပြန်ပြောသည်။

'ဟုတ်တယ် ခု သူတို့ ဘယ်မှာလဲ'

လောင်ချန်သည် ပြုံးပြုံးရယ်ရယ် ဖြစ်လာသည်။

'ဆရာလေးက သူတို့ကို ရှာနေတာကိုး၊ အတော်ပဲ အတော်ပဲ၊ သူတို့က မြင်းရထားဆရာလေးအတွက် ငွေတုံးတစ်တုံး ပေးထားပါတယ်၊ မြင်းရထားဆရာလေး ပြန်နိုင်ပါပြီတဲ့၊ ဆရာလေးရဲ့ မြင်းရထားကို ဆက်မငှားတော့ဘူးတဲ့၊ ရော့ရော့. . . ငွေတုံး'

ချန်ဖုန်းသည် မျက်စိမျက်နှာပျက်သွားတော့သည်။

အခြေအနေသည် မယုံနိုင်လောက်အောင် ပြောင်းလဲနေပေပြီ။

'အဲဒီ မိန်းမတွေ ဘယ်ရောက်သွားကြပြီလဲ'

စားပွဲထိုးနှစ်ယောက်သည် မည်သို့မျှ ပြန်မဖြေဘဲ ငူငူကြီး လုပ်နေကြတော့သည်။

× × ×

အတန်ကြာမှ စားပွဲထိုးလောင်ချန်က တစ်လုံးချင်း ပြောလာသည်။

'စောစောက မိန်းမသုံးယောက်ဟာ အနောက်ဆောင်



ထဲမှာပါ၊ စိတ်ကူးပေါက်ရာ ပြောင်းသွားတတ်တယ် ထင်ပါတယ်၊ ခုအနောက်ဆောင်ထဲမှာပဲ သူ့မိတ်ဆွေနဲ့ စကားပြောနေပါတယ်'

လောင်ချန့်စကားကြောင့် ချန့်ဖုန်း စိတ်အေးသလို ဖြစ်သွားသည်။

'ကောင်းပြီ၊ ကျုပ် သူတို့နဲ့ သွားတွေ့ဦးမယ်'

ချန်ဖုန်းသည် စကားဖြတ်ပြီး အနောက်ဆောင်ဘက်သို့သွားရန် ဟန်ပြင်လိုက်သည်။ ထို့နောက် ယတိပြတ် ဆုံးဖြတ်လိုက်ပြီး လျှောက်ထွက်သွားသည်။

ထိုစဉ် သူ့နောက်မှ ခေါ်သံထွက်လာသည်။

'ဗျို့ ဆရာလေး၊ ခဏနေပါဦး၊ ရထားခ၊ ရထားခ'

လောင်ချန်၏ လှမ်းပြောသံပင်ဖြစ်သည်။

ချန်ဖုန်းက. . .

'ကျုပ်မယူတော့ဘူး ခင်ဗျားတို့ပဲ အရက်ဖိုးအဖြစ်ယူလိုက်'

ချန်ဖုန်းသည် နောက်ကိုပင် လှည့်မကြည့်တော့ဘဲ အနောက်ဆောင်သို့သာ ခြေကုန်သုတ်သွားတော့သည်။

လောင်ချန်သည် ချန်ဖုန်း၏ ကျောပြင်ကြီးကို ကြည့်ပြီး ခေါင်းယမ်းနေတော့သည်။ ထို့နောက်. . .

'တော်တော်ဆန်းတဲ့ မြင်းရထားဆရာပဲ၊ ကိုယ်ပင်ပင်ပန်းပန်း လုပ်ထားတဲ့ ငွေကိုတောင် မယူတော့ဘူးတဲ့၊ ကောင်းတယ် ကောင်းတယ်၊ ခင်ဗျားလိုလူတွေ အများကြီးရှိမှ ကောင်းတယ်'ဟု တတွတ်တွတ်ရေရွတ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အနီးတွင်ရပ်နေသော စားပွဲထိုးကပါ. . .

'ဟုတ်တယ်၊ တော်တော်ထူးဆန်းတဲ့ လူစားပဲ၊ မြင်းရထားသာ မောင်းစားတယ်၊ ငွေသုံးပုံက သူဌေးကျနေတာပဲ' ဟု ပြောသည်။

ထိုအချိန်၌ပင် ချန်ဖုန်းသည် အနောက်ဆောင်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေပြီ။

ချန်ဖုန်းသည် အနောက်ဆောင်ထဲသို့ ဝင်ပြီးသွားသည်နှင့် ထိုအဆောင်ထဲမှ သုတ်ခြေတင်ပြီး ပြန်ထွက်လာသည်။

စားပွဲထိုးနှစ်ယောက်သည် ရပ်မြဲနေရာတွင်ပင် စကားတပြောပြော ရှိနေတုန်းပင်။

ချန်ဖုန်းသည် စားပွဲထိုးနှစ်ယောက်အနီးသို့ရောက်လာသည်နှင့် ခပ်မာမာ မေးတော့သည်။

'ဘယ်လိုလဲဗျ၊ ဟိုအမျိုးသမီးသုံးယောက် အဆောင်ထဲမှာ မရှိပါလား၊ ကျုပ် အနောက်ဆောင်တစ်ဆောင်လုံး နှံ့သွားပြီ'

လောင်ချန်သည် ချန်ဖုန်းကို ကြည့်ပြီး မျက်လုံးပြူး မျက်ဆန်ပြူး ပြောသည်။

'ဘယ်လိုအနောက်ဆောင်ထဲမှာလဲ မရှိဘူး ဟုတ်လား။ ကျုပ်မျက်စိနဲ့ သေသေချာချာ မြင်ခဲ့တာပါဗျာ'

'ခင်ဗျားမျက်စိနဲ့ မြင်ခဲ့တာဟုတ်လား၊ ခင်ဗျားက ဘာတွေမြင်ခဲ့တာလဲ၊ ဘယ်သူ့ကို မြင်ခဲ့တာလဲ'

ချန်ဖုန်း၏အသံသည် ဒေါသသံ ပါလာသည်။



စားပွဲထိုးလည်း လေသံပျော့သွားသည်။

'အဲဒီ အမျိုးသမီးသုံးယောက်ကို ကျုပ်ကိုယ်တိုင် လိုက်ပို့ခဲ့တာဗျ၊ သူတို့က ဘယ်လိုကဘယ်လို ပျောက်သွားကြပြန်တာလဲ'

'မယုံရင် ကျုပ်နဲ့ တစ်ခါတည်း လိုက်ကြည့်'

ချန်ဖုန်းက ပြတ်ပြတ်ပြောတော့သည်။

စားပွဲထိုးလောင်ချန်သည် ဘာမျှ စောဒက မတက်တော့ဘဲ အနောက်ဆောင်ရှိရာ လျှောက်သွားတော့သည်။

ချန်ဖုန်းလည်း သူ့နောက်မှ ကပ်လိုက်သွားသည်။

အနောက်ဆောင်သို့ရောက်သောအခါ သီးသန့်ခန်းထဲတွင် မီးအိမ်တစ်လုံး ထွန်းထားသဖြင့် လင်းနေသည်ကို တွေ့ရသည်။

အချို့အဆောင်အခန်းကလေးများထဲမှ မီးများလင်းနေသော်လည်း လူတစ်ယောက်မျှ မရှိချေ။

တစ်စုံတစ်ရာ လှုပ်ရှားမှု အရိပ်အရောင်ကိုလည်း မတွေ့ရချေ။

လောင်ချန်သည် အခန်းတွင်းကို လှမ်းကြည့်ပြီး တအံ့တဩ ရေရွတ်လိုက်သည်။

'သိပ်ဆန်းတာပဲ'

လောင်ချန်သည် ပါးစပ်မှ ရေရွတ်ရင်း အထက်ခန်းဆီ ပြေးတက်သွားသည်။

ချန်ဖုန်းသည် လောင်ချန်ကို မျက်ချည်ပြတ် မခံပါ၊ နောက်

www.burmeseclassic.com

www.burmeseclassic.com



မှ ထပ်ကြပ်မကွာ ပြေးလိုက်သွားသည်။

အထက်ထပ် အခန်းထဲသို့ ရောက်သောအခါ စားပွဲပေါ်မှ စာတစ်စောင်ကို တွေ့ရသည်။

လောင်ချန်သည် စားပွဲနားရောက်သည်နှင့် စာကို ကောက်ယူလိုက်သည်။

လောင်ချန် အံ့အားသင့်နေစဉ်မှာပင် ချန်ဖုန်းက စာအိတ်ပေါ်မှ စာကိုဖတ်လိုက်သည်။ စာအိတ်ပေါ်မှစာကား. . .

'သူရဲကောင်းကြီးမင်းအတွက် ကိုယ်တိုင်ဖွင့် ဖတ်ပါ' ဟူသတည်း။

စာလုံးကလေးများသည် သေသေသပ်သပ်နှင့် လှလှပပ ဖြစ်သည်။

ချန်ဖုန်းသည် စာအိတ်ပေါ်မှ အမှာစာကို ဂရုစိုက်ခြင်း မရှိဘဲ စာအိတ်ကိုဖွင့်ပြီး စာရွက်ကို ဖြန့်လိုက်သည်။

ထိုအချိန်၌ ချန်ဖုန်း၏မျက်လုံးအစုံသည် အရောင်တလက်လက် တောက်ပလာသည်။

သူရဲကောင်းကြီးမင်. . .

မိတ်ဆွေကြီးဟာ တော်တော်ဉာဏ်များသလောက် ကံလဲကောင်းပါတယ်၊ ဒါပေမယ့် မိတ်ဆွေကြီးရဲ့ ဉာဏ်များမှုတွေဟာ အလဟဿ ဖြစ်ကုန်လို့ ဝမ်းနည်းပါတယ်။

သူရဲကောင်းကြီးမင်ကိုယ်တိုင် မြင်းရထားမောင်းပို့လို့ ကိုယ့်ကိုယ်ကို ဂုဏ်ယူမိပါတယ်၊ သူရဲကောင်းကြီးမင်ကိုလည်း



ကျေးဇူးအထူးတင်ပါတယ်၊ မြင်းရထားမောင်းပေးခအနေနဲ့ ငွေတုံးတစ်တုံး ပေးခဲ့ပါတယ်၊ မင် လိုရာသုံးဖို့ ပေးခဲ့တာပါ၊ စေတနာပါတဲ့ပေးအပ်မှုကို လက်ခံစေချင်ပါတယ်၊ ရယ်စရာလုပ်ခဲ့တာတော့ မဟုတ်ပါဘူး။

ကျေးဇူးတင်လျက်ပါ။

(မြွေမြွေချင်း ခြေမြင်သူ)

စာသည် ဤမျှသာဖြစ်သည်။

အခြားအမည်နာမဟူ၍ ရေးထိုးမထား။

ချန်ဖုန်းသည် စာကိုဖတ်ရင် အံကို တင်းခနဲ ကြိတ်လိုက်သည်။

လောင်ချန်သည် အခြေအနေကို နားမလည်ဟန်နှင့် ကြောင်ငေးငေးဖြစ်နေသည်။

အတန်ကြာမှ. . .

'ဆရာလေး ဟိုအမျိုးသမီးတွေက ဘယ်သွားကြတာတဲ့လဲ'

'မသိဘူး၊ သူတို့အားလုံး ထွက်သွားကြတာတော့ အမှန်ပဲ'

'ဟုတ်ရဲ့လား၊ သူတို့စားဖို့သောက်ဖို့ အတွက်တောင် ငွေကြိုပေးထားတာပဲဟာ'

'သူတို့က ဒီလောက်ငွေကို ဂရုစိုက်ကြတဲ့ သူတွေ မဟုတ်ဘူး'

ချန်ဖုန်းက လှုပ်ရှားနေသောစိတ်ကို ထိန်းပြီး ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးလောင်ချန်သည် အလွန်အံ့အားသင့်သွားဟ
နှင့် ပါးစပ်ကြီးဟနေတော့သည်။

ထို့နောက်. . .

'ကျုပ် ဒီမှာ ရှိနေတာပါဗျာ၊ သူတို့ ထွက်သွားတာကို တ
ဘာကြောင့် မမြင်ခဲ့ရတာလဲ'

'အရှေ့ပေါက်က မထွက်ဘဲ အနောက်ပေါက်ထွက်သွား
ပေါ့ဗျာ၊ ဒါမှမဟုတ်ရင်လဲ ခေါင်မိုးပေါ်က တက်သွားကြတာ ဖြစ်
ပေါ့'

'ခေါင်မိုးပေါ်က ဟုတ်လား'

လောင်ချန်သည် မျက်လုံးပြူးပြီး မေးတော့သည်။

ချန်ဖုန်းက. . .

'ဟုတ်တယ်၊ သူတို့မှာ ခုန်ပျံကျော်လွှားနိုင်တဲ့ ပညာ
ရှိတယ်'

'ဩော်. . . ဒါကြောင့်ကိုး'

လောင်ချန်သည် အာမေဋိတ်သံနှင့်ပြောပြီး ပါးစပ်
လက်ဝါးနှင့် ပိတ်ထားလိုက်တော့သည်။

ထိုစဉ် ချန်ဖုန်းက ပခုံးနှစ်ဘက်တွန့်ပြီး ထပ်မေးသည်။

'နေပါဦး၊ သူတို့ရဲ့မိတ်ဆွေဆိုသူကိုကော ခင်ဗျား
တွေ့ခဲ့သလား'

'ဘယ်သူ့ကို ပြောတာလဲ'

'အမျိုးသမီးတွေနဲ့ စကားပြောနေတဲ့ ဧည့်သည်မိတ်



ဆိုတဲ့လူ'

ချန်ဖုန်းက အေးစက်စက်လေသံနှင့်ပြောသည်။

'ဩော်. . . အင်း. . . တွေ့ တွေ့မြင်ခဲ့ပါတယ်ဗျာ'

'ဒါဖြင့် အဲဒီလူဟာ ဘယ်လိုပုံသဏ္ဌာန် ရှိသလဲ'

'အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး မုတ်ဆိတ်မွေးလည်း ရှိတယ်၊
အသက်ငါးဆယ် ပတ်ဝန်းကျင်လောက်'

'သူ့မျိုးရိုးက ရင် မဟုတ်လား'

'သူကတော့ ချန် မျိုးလို့ ပြောခဲ့တာပဲ'

ချန်ဖုန်းသည် မျက်မှောင်ကြုတ်ပြီး ငြိမ်သက်သွား
န်သည်။

စိတ်ထဲ၌ကား 'အဲဒီလူဟာ ရင်ခုန်ဖန်း မဟုတ်ဘူးဆိုရင်
ယ်သူဖြစ်နိုင်သလဲ' ဟု တွေးနေလိုက်သည်။

စားပွဲထိုးလောင်ချန်သည် ထူးဆန်းသောအဖြစ်ကြောင့်
က်လုံးပြူးမျက်ဆန်ပြူးဖြစ်နေသည်။

ဟိုဟိုသည်သည် လှည့်ကြည့်သော်လည်း ချန်ဖုန်းကို
ရိပ်အရောင်မျှ မတွေ့ရတော့ချေ။

ထို့ကြောင့် ဘာမှန်းညာမှန်း မသိပဲ ကြက်သီးတဖြန်းဖြန်း
ကာ ငူငူကြီး ရပ်နေမိတော့သည်။

'မင်း ကံကောင်းသွားတယ်မှတ်' ဟူသောစကားသည်
တျာချမ်းဖွယ်စကားရပ်ပေတကား။

မျက်လုံးအစုံကား စားပွဲထိုးလောင်ချန်ကိုသာ အကဲမပြတ်

www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်နေသည်။

လောင်ချန်သည် ချန်ဖုန်း၏ စူးရဲသောအကြည့်ကြော

ကြွတ်သီးတဖြန်းဖြန်းထသွားသည်။

တစ်ဆက်တည်းတွင် ထစ်ထစ်ငေါ့ငေါ့ပြောနေ ပြန်သည်

- 'ကျုပ်. . . ကျုပ်အမှန်အတိုင်း ပြောပြနေတာပါဗျာ'

ချန်ဖုန်းသည် လောင်ချန်ကို စိုက်ကြည့်နေရာမှ ပေါ့ပေ

ပျက် ရယ်မောလိုက်သည်။

'မင်း သိပ်ကံကောင်းသွားတယ် မှတ်'

ချန်ဖုန်းသည် စကားဆုံးသည်နှင့် ဖျတ်ခနဲ ခုန်လိုက်သည်

စားပွဲထိုးအံ့အားသင့်နေစဉ်မှာပင် ချန်ဖုန်း ပျောက်သွ

တော့သည်။

လောင်ချန်သည် ထိုစကား၏ အဓိပ္ပာယ်မှန်ကို လုံး

မသိခဲ့ချေ။

မှန်သည်။

လောင်ချန်သည် ကံကောင်းသူပေတည်း။

■



အခန်း (၇၀)

## အသေခံ လှည့်ကွက်

အချိန်သည် မှောင်ရီဖြိုးဖျ နေဝင်ရီတရောအချိန်

ဖြစ်သည်။

မြို့အနောက်လမ်းမကြီးသည် တိတ်ဆိတ်ငြိမ်သက်နေ

ပြန်သည်။

လမ်းပေါ်တွင်မူ အထီးကျန်ဆန်သော လူတစ်ယောက်

ခေါင်းငိုက်စိုက်ချပြီး ဒယိမ်းဒယိုင် လျှောက်နေသည်။

ထိုလူသည် သစ်တောအုပ်တစ်ခုကို ခြေဦးတည့်ပြီး

လျှောက်နေသော်လည်း သစ်တောစပ်သို့ တော်တော်နှင့်မရောက်

နိုင်သေးပေ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူ အနိုင်နိုင်ထိန်းပြီး လျှောက်နေရသဖြင့် ခရီးဖင့်နေသည်။

လဲတော့မလို ပြိုတော့မလို ဖြစ်သွားရာမှ ကိုယ်ကို ပြန်ထိန်းနေပုံမှာ အတော်ပင်ပန်းလှသည်။

ထိုလူသည် ပြင်းထန်သော ဝေဒနာတစ်ခုကို ခံစားနေရ သလော၊ အလွန်အကျွံ အရက်မူးနေ၍လော၊

ကြည့်မြင်ရသူတိုင်း ကျန်းမာသန်စွမ်းသူ မဟုတ်မှန်း သိသာသည်။

ထိုလူသည် သူ့ခြေထောက်ကိုပင်လျှင် တစ်လှမ်းနှင့် တစ်လှမ်း မနည်းကြီး သယ်နေရသည်။

ဝုန်းခနဲ ဗိုင်းခနဲ လဲပြိုမသွားအောင် ထိန်းနေရသည်။

မြင်ရသည်မှာ ရင်မောဖွယ်ကောင်းလှသည်။

ထိုလူသည် ယိုင်ထိုးယိုင်ထိုးနှင့်ပင် တောစပ်သို့ရောက် သွားသည်။

တောတွင်းသို့ လှမ်းဝင်ရန် ခြေတစ်လှမ်းသာ လိုတော့ သည်။

ထိုအချိန်၌ နောက်ထပ် ခြေတစ်လှမ်း လှမ်းရန်အတွက် နောက်ခြေကို ကြွလိုက်စဉ်မှာပင် ဗိုင်းခနဲ လဲသွားတော့သည်။

ထိုလူသည် အခြားသူ မဟုတ်။ ချန်ဖုန်းပင်ဖြစ်သည်။

× × ×

ချန်ဖုန်းသည် လဲကျသွားပြီးသည်နှင့် လုံးဝမလှုပ်



တော့ပေ။

ထိုစဉ် ကျောက်ခဲလေးတစ်ခဲက ကျောကုန်းကို ဒေါက်ခနဲ မြည်အောင် လာထိသည်။

သို့သော်. . .

ချန်ဖုန်းသည် လုံးဝ လှုပ်ရှားခြင်း မရှိတော့ချေ။

ချန်ဖုန်း၏ ကိုယ်ပေါ်သို့ ကျောက်ခဲကလေး နှစ်ခဲ သုံးခဲ ထပ်ကျလာပြီး ချိန်တွင်မူ သစ်ရွက်ခြောက်များကို နင်းလာသည့် ခြေသံများ ပေါ်လာသည်။

ခြေသံကို နားထောင်ရုံနှင့် ကြံ့ခိုင်သန်မာသော လူတစ် ယောက် ခြေသံမှန်း သိသာသည်။

ခြေသံသည် သစ်တောအတွင်းမှနေ၍ သစ်တောစပ်သို့ ထိုးတည်လာနေသော ခြေသံဖြစ်သည်။

ဝေးရာမှနီးလာသော ခြေသံရှင်သည် အကျႌနက် ဝတ်ထားသောလူဖြစ်သည်။

ထိုလူသည် လဲကျနေသူကို လှမ်းကြည့်လိုက်ပြီး ဖြည်းဖြည်း ချင်း ရှေ့တိုးလာသည်။

ထို့နောက် လဲနေသော ချင်ဖုန်း၏ဘေးတွင် တန့်ခနဲ ရပ်သွားသည်။

ထိုလူသည် အခြားသူမဟုတ်။ လျှသမားပင်ဖြစ်သည်။

လျှသမာသည် ချင်ဖုန်းကို ငုံ့ကြည့်ပြီး ပြုံးလာသည်။

'မင် မင် သူ့ရဲကောင်းမင်၊ ကျုပ်ကို အပြစ်မတင်ပါနဲ့ဗျာ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွဲက အထက်အမိန့်ကို တသဝေမတိမ်း ဆောင်ရွက်နေတဲ့လူပါ တကယ်တော့ ခင်ဗျားဟာ စာအိတ်ကို မဖောက်သင့်ဘူး၊ စာထဲ သေသေချာချာ ဖတ်မကြည့်သင့်ဘူး၊ ခုတော့. . . ဟဲဟဲ'

လှေသမားသည် တစ်စုံတစ်ရာကို အလွန်ကျေနပ်ဟန်ဖြင့် တတွတ်တွတ်ပြောနေသည်။

ထို့နောက် အတွင်းအားများကို စုစည်းလိုက်ပြီး လဲနေသော ချန်ဖုန်း၏ခေါင်းကို အားရပါးရ ရိုက်ချလိုက်သည်။

သို့သော် သူ လုံးဝ မထင်မှတ်သည့် အခြေအနေတစ်ခုသည် လျှပ်ပြက်သလို ဖြစ်ပေါ်လာတော့သည်။

ဖြစ်ပုံကား သူ၏ရိုက်ချက် ကျရောက်လာစဉ်မှာပင် အသေလို ငြိမ်သက်နေသော ချန်ဖုန်းသည် ဘေးတိုက်ကြီး ရွှေ့ထွက်သွားသည်။

ထို့ကြောင့် သူ၏ရိုက်ချက်သည် ချန်ဖုန်း၏ခေါင်းထိ မထိတော့ဘဲ မြေကြီးကိုသာ ဝုန်းခနဲ ရိုက်မိသွားသည်။

သူ၏ရိုက်ချက်ကြောင့် ညီညာသော မြေပြင်တွင် ကျင်းလေးတစ်ခု ဖြစ်သွားတော့သည်။

ပြင်းထန်သော ရိုက်ချက်အရှိန်ကြောင့် ဖုန်မှုန့်နှင့် ကျောက်ခဲကလေးများပင် ဖွာခနဲ ဖြစ်ပြီး လွင့်စင်သွားကြသည်။

လှေသမားသည် မမျှော်လင့်သောအဖြစ်ကြောင့် အလွန် ထိတ်လန့်တုန်လှုပ်သွားသည်။

ထို့ကြောင့် ရပ်နေရာမှ လှစ်ခနဲ ထွက်ပြေးတော့သည်။

---



သို့သော် သူ့နောက်မှ ရယ်သံနှင့်အော်သံကို တစ်ဆက်တည်း ကြားလိုက်ရသည်။

'အလစ်သမား၊ ရပ်. . . မင်း ပြေးလို့မလွတ်ဘူး'

လှေသမား တုန့်ခနဲ ဖြစ်သွားစဉ်မှာပင် ခြေထောက်ကို အကန်ခံလိုက်ရသည်။

'အိုး. . .'

လှေသမား အလန့်တကြားအော်ရင်းပင် ဖင်ထိုင်ကျသွားတော့သည်။

'ခင်ဗျား ကျုပ်လက်က ဘယ်တော့မှ ပြေးလို့မလွတ်ဘူး၊ အသက်ရှင်ပြီး နေချင်သေးရင် ကျုပ်မေးတာကို အမှန် အတိုင်းဖြေပါ၊ မဖြေရင် ကျုပ် ဘယ်လောက်ရက်စက်တတ်တယ်ဆိုတာကို ခင်ဗျား ကိုယ်တွေ့ ခံစားရလိမ့်မယ်'

လှေသမားသည် အလွန်ကြောက်လန့်သွားသည်။

သို့သော် လဲနေရာမှ ဖျတ်ခနဲ ပြန်ထပြီး ထွက်ပြေးရန် ကြံပြန်သည်။

သူ့အကြံ မအောင်ပါ။ ချန်ဖုန်း၏ သန်မာမြဲမြံသော လက်ငါးချောင်းသည် ပခုံးပေါ်ရောက်လာပြီး သံချိတ်နှင့်ချိတ်လိုက်သကဲ့သို့ ချိတ်ဆွဲထားလိုက်လေပြီ။

လှေသမားသည် ထိုအခါကျမှ ငြိမ်ကျသွားပြီး တုန်တုန်ယင်ယင် မေးတော့သည်။

'ခင်. . . ခင်ဗျား အဆိပ်မသင့်ခဲ့ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟဲဟဲ. . . ကျုပ်ကို ခင်ဗျားထို့ဘယ်လိုမှ ကောက်ကျစ်စဉ်းလဲလို့ မရပါဘူးဗျာ၊ ကျုပ်မေးတာကိုသာ အေးအေးဆေးဆေး ဖြေစမ်းပါ၊ အပိုမပါဘဲ တိုတိုတုတ်တုတ် ဖြေပါ၊ မိန်လန်းကျောင်းကြီးတွေ သခင်ကြီးဆိုတာ ဘယ်သူလဲ'

'ဒီ. . . ဒီမယားငယ်မ ပေါက်ကရ ပြောတာပါဗျ၊ သူပြောတာကို မယုံပါနဲ့၊ သခင်ကြီးက သူ့ကို တစ်ညလောက် ခေါ်အိပ်ခဲ့တာကို ဂုဏ်ယူပြီး ကြွားပြောနေတာပါ၊ တကယ့်ဇနီးသည် မဟုတ်သေးပါဘူး'

'ကျုပ် မေးတာသာ ဖြေပါ၊ အဲဒီသခင်ကြီးဆိုတာ ဘယ်သူလဲ'

ကျုပ်. . . မသိပါဘူး'

ချန်ဖုန်းသည် အတင်းထပ် မမေး၊ သူ့ပခုံးပေါ်မှ လက်ချောင်းကလေးများကိုသာ အားစိုက်ပြီး ဖိပေးလိုက်သည်။

လှေသမားသည် အလွန်ကျင်ကိုက်ခဲသွားသဖြင့် တွန့်လိမ်ပြီး ရှုံ့မဲ့သွားတော့သည်။

'အမယ်လေး. . . ကျုပ်. . . ကျုပ် တကယ်မသိလို့ မသိဘူး ပြောတာပါဗျာ'

'တကယ် ပြောနေတာလား'

'တကယ်ပါ၊ ခင်. . . ခင်ဗျား သတ်လဲ ကျုပ်သေရမှာပါ၊ မသိတာက တကယ် မ. . မသိတာပါ'

'ဒါဖြင့် ဘယ်သူ့အမိန့်နဲ့ လုပ်တာလဲ'



'မိန်လန်ကျောင်းတို့ လင်မယားရဲ့ အမိန့်နဲ့ပါ'

'မိန်လန်ကျောင်းနဲ့ ရင်ခုန်ဖန်းကို ပြောတာလား'

'ဟုတ်. . . ဟုတ်ပါတယ်'

လှေသမားက ခေါင်းညိတ်ပြီး ဖြေသည်။ ချန်ဖုန်းက ဆက်မေးသည်။

'ချင်ကြည်လောင်ဟောက်၊ ဟိုတယ်မှာ စောင့်နေတဲ့လူက ဘယ်သူလဲ'

'ရင်ခုန်ဖန်း'

'သူ့မျိုးရိုးက ချန်မျိုးလား'

'ဟုတ်ပါတယ်၊ နာမည်ရင်းက ချန်ယီကွမ်၊ သံပေသီး စွမ်းဖန်လို့လည်း ခေါ်ကြပါတယ်'

ချန်ဖုန်း၏ မျက်လုံးရောင်သည် ပိုပြီး ဝင်းလက်တောက်ပြောင်လာသည်။

'လက်စသတ်တော့ သူကိုး၊ သူ အခု ဘယ်မှာ ရှိနေသလဲ၊ ဒီမေးခွန်းဟာ နောက်ဆုံးမေးခွန်းပဲ၊ တိတိကျကျ မှန်မှန်ကန်ကန် ဖြေပါ'

လှေသမားသည် ဘာမျှ မပြောတော့၊ ပခုံးကို ချုပ်ထားသောလက်ကိုသာ ဖိပေးလိုက်သည်။

'အား. . . အား'

လှေသမားသည် ရှုံ့မဲ့ပြီး တစ်ကိုယ်လုံး ပုသွားသည်။ သည်တော့မှ ချန်ဖုန်းက ထပ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်မေးတာကို အေးအေးဆေးဆေး ဖြေပါဗျ၊ မဖြေလို့ မရဘူးဆိုတာကို သဘောမပေါက်သေးဘူးလား'

'ဖြေ. . . ဖြေပါ့မယ်၊ သူတို့ မြို့အရှေ့ဘက်က ပိုင်မိသားစု နေအိမ်မှာ ရှိနေကြပါတယ်'

'အိမ်ရှင်က ဘယ်သူလဲ'

'ရင်ခုန်ဖန်းလို့ ခေါ်တဲ့ ချန်ယီကွမ့်မိတ်ဆွေပါ'

'အဲဒီလူက ခင်ဗျားတို့နဲ့ တစ်ဂိုဏ်းထဲလား'

'အဲဒါတော့ သေသေချာချာ မပြောတတ်ဘူး'

'ကောင်းပြီ၊ ဒီလောက် သိရရင် ကျေနပ်ပြီ၊ ခင်ဗျားကို ဒုက္ခမပေးဘူးလို့ ပြောခဲ့တဲ့အတိုင်း ပြန်လွှတ်လိုက်မယ်၊ ကဲ. . . သွားတော့'

ချန်ဖုန်းသည် လှေသမား၏ပခုံးပေါ်မှ လက်ကို ဖျတ်ခနဲ ပြန်ရုပ်လိုက်သည်။

လှေသမားသည် သေတွင်းမှ လွတ်မြောက်လာသဖြင့် အလွန်ဝမ်းသာသွားသည်။

'ခင်ဗျား ကျုပ်ကို မသတ်ဘူး ဟုတ်လား'

'ဟုတ်တယ်၊ မလိုအပ်တဲ့လူကို ကျုပ် ဘယ်တော့မှ ဒုက္ခမပေးဘူး၊ ကျုပ်က အဓိက တရားခံကို ရှာနေတာ'

'ကျေးဇူးပါပဲ၊ ကျုပ်အသက်ဟာ ခင်ဗျားပေးတဲ့ အသက်ပဲ ရှိပါတော့တယ်၊ ခင်ဗျားကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်'

'မလိုပါဘူး မိတ်ဆွေ၊ ခင်ဗျားလည်း ယောကျ်ား



စ်ယောက်ပါ၊ သင့်တော်တဲ့ သိုင်းပညာရှင်တစ်ယောက်လည်း ်ပါတယ်၊ ဒီလိုလူတစ်ယောက်ဟာ ကောက်ကျစ်စဉ်းလဲတဲ့ တွေရဲ့ အသုံးချမှုကို သဘောကျ မနေသင့်ပါဘူး၊ ခင်ဗျားအနေနဲ့ ည့်တစ်ယောက်လို တစ်သက်လုံး ရုပ်မနေသင့်ပါဘူး'

ချန်ဖုန်းစကားကြောင့် လှေသမား အတော်ရှက်သွား သည်။

ခေါင်းငုံ့ပြီး ငြိမ်သွားသည်။

ထိုနောက် နောက်လှည့်ထွက်သွားသည်။

'ဟေ့လူ. . . နေဦး'

လှေသမားသည် တွန့်ခနဲဖြစ်သွားပြီး ရပ်သွားသည်။

'ဘာလဲ ခင်ဗျား ကတိ မတည်ချင်တော့ဘူးလား'

'မဟုတ်ပါဘူး မိတ်ဆွေ၊ ကျုပ်ဟာ အင်မတန် ကတိတည် တဲ့လူစားပါ. ခဏတော့ သည်းခံလိုက်ပါ၊ ကျုပ် ခင်ဗျားရဲ့ သွားကြောတွေကို ခေတ္တ ပိတ်ထားပါရစေ၊ တစ်နာရီလောက်ကြာ င် သူ့ဘာသာ အလိုလို ပွင့်သွားပါလိမ့်မယ်'

ချန်ဖုန်းသည် စကားမဆုံးခင်မှာပင် ဖျတ်ခနဲ လှုပ်ရှား ိုက်သည်။

လှေသမားသည် ဘာမျှ စောဒက မတတ်နိုင်ဘဲ လဲကျ သွားသည်။

ချန်ဖုန်းသည် လုံးဝ တုံ့ဆိုင်းခြင်း မရှိတော့၊ ထိုနေရာမှ ွစ်ခနဲ လှစ်ခနဲ ထွက်ခွာလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်ဖုန်း၏ ခြေလှမ်းသည် မြို့အရှေ့ပိုင်းသို့ ဦးတည်သော ခြေလှမ်းပင်တည်း။

■



## အခန်း (၇၁)

## အဆိပ်မိသူ

သိပ်မကြာပါ၊ ချန်ဖုန်းသည် မြို့အရှေ့ပိုင်းရှိ လမ်းခွဲလမ်းပေါ်သို့ ရောက်ရှိလာတော့သည်။

ပိုင် ဆိုသောလူသည် ထိုရပ်ကွက်တွင် မျက်နှာကြီးလိုဖြစ်နေသဖြင့် အရှာရ မခက်လှပါ။

လမ်းပေါ်ကလူတစ်ယောက်ကို မေးမြန်းလိုက်ရုံနှင့် ထိုလူ၏အိမ်ကို သိခဲ့သည်။

ချန်ဖုန်းသည် ပိုင်၏အိမ်ဟုဆိုသော အဆောက်အအုံကြီးကို ကြည့်ပြီး အုတ်လှေကားကြီးပေါ် လှမ်းတက်ခဲ့သည်။

သို့နှင့် တံခါးမကြီးရှိရာ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ပိုင့်အိမ်နှင့်ခြံဝင်းသည် အတော်ကြီးကျယ်လှသည်။

အိမ်ကြီး ကြီးမားခန့်ညားသလောက် ခြံဝင်းက ကျယ်သည်။

တံခါးမကြီး၏ တစ်ဘက်တစ်ချက်တွင် မီးအိမ်နှစ်လုံး ချိတ်ဆွဲထားလျက် ရှိသည်။

အိမ်နှင့်ခြံအခြေအနေကို ကြည့်ရုံနှင့် အလွန်ထည်ဝါခန့်ညားသော လူတစ်ယောက်မှန်း သိသာသည်။

ချန်ဖုန်းသည် တံခါးကြီးရှေ့တွင် ရပ်နေရင်း တံခါးကို မခေါက်တော့ဘဲ ဘေးတစ်ဘက်မှ အုတ်ဝင်းထရံကို ခုန်ပျံကျော်လွှားပြီး ဝင်လိုက်သည်။

ထိုစဉ် 'ညကြီး ..င်းကြီး ဘယ်သူ ဝင်လာတာလဲကွ' ဟူသောအသံကို ကြားရလေသည်။

ချန်ဖုန်းသည် ရောက်နေသောနေရာမှာပင် အသာလေး ရပ်နေလိုက်သည်။

သူ့ရှေ့မှ မီးအိမ်တစ်လုံးနှင့် လူတစ်ယောက် လျှောက်လာသည်ကို တွေ့ရသည်။

အဘိုးအိုတစ်ယောက်ပင် ဖြစ်သည်။

မီးရောင်ကြောင့် ဖြူဖွေးနေသော မုတ်ဆိတ်ရှည်များကို ပထမဆုံး မြင်ရသည်။

ဝတ်ထားသောအင်္ကျီကလည်း အဖြူရောင်ပင်ဖြစ်သည်။

ချန်ဖုန်းသည် ထိုအဘိုးအိုကို လှမ်းကြည့်နေရာမှ ခပ်ရဲရဲ



မ်းမေးလိုက်သည်။

'သူ့ရဲကောင်းကြီး ပိုင် ဟုတ်ပါသလားဗျ'

ချန်ဖုန်းက ဂါရဝလည်း လှမ်းပြုသည်။

အဘိုးအိုက. . .

'သူရဲကောင်းကြီး မဟုတ်သေးပါဘူးဗျာ၊ ကျုပ်နာမည်က ပိုင်ယီမင်ပါ၊ မိတ်ဆွေက ဘယ်သူပါလဲ'

'ကျွန်တော့်နာမည် မင်ရင်ကြယ်ပါ'

မင်ရင်ကြယ်သည် ချန်ဖုန်း ဆိုသော နာမည်တုကို လိုအပ်တော့သဖြင့် အမည်မှန်ကို သုံးလိုက်သည်။

မှန်သည်၊ သူသည် ချန်ဖုန်းအမည်နှင့် လှုပ်ရှားခဲ့သော မင်ရင်ကြယ်ပင်ဖြစ်သည်။

ပိုင်ယီမင်သည် အလွန်အံ့သြသွားဟန်နှင့်. . .

'သြ. . . သူရဲကောင်းမင်ကိုး၊ နာမည်ကို ကြားနေတာ ကြာပါပြီဗျာ၊ ခုလိုတွေ့ရတဲ့အတွက် အလွန်ပဲ ဝမ်းသာဂုဏ်ယူပါတယ်၊ မိတ်ဆွေကြီး ခုလို ကြွရောက်လာတာဟာ ကျုပ်မိတ်ဆွေ ချန်ယီကွမ့် (ရင်ခုန်ဖန်း) ကို လာရှာတာ မဟုတ်လား'

'ဟုတ်ပါတယ် ဆရာကြီး၊ ပိုင်ယီမင်အနေနဲ့ သူတို့ကို ထုတ်ပေးစေချင်ပါတယ်'

'ဖြည်းဖြည်းပေါ့ဗျာ၊ ဧည့်ခန်းထဲ ဝင်ပြီး လက်ဘက်ရည်ကြမ်းလေးဘာလေး ဝင်သောက်လိုက်ပါဦး၊ သူတို့ ဒီက ထွက်သွားစေရပါဘူးဗျာ၊ ကျုပ်မှာလည်း ပြောစရာလေးတွေ ရှိနေလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'နေပါစေဗျာ၊ အချိန်မတော်ကြီး ဒုက္ခ ပေးသလို ဖြစ်နေပါမယ်'

'အင်း. . . သူရဲကောင်းမင်. . ဝိဝါဒကင်းအောင်တော့ ပြောချင်ပါတယ်၊ ကျုပ်ဟာ ခင်ဗျားရဲ့ မိတ်ဆွေတစ်ယောက်ပါ ရန်သူ မဟုတ်ပါဘူး'

'လောလောဆယ် သိထားတာကတော့ ခင်ဗျားဟာ ရင်ခုန်ဖန်းလို့ ခေါ်တဲ့ ချန်ယီကွမ့်ရဲ့ မိတ်ဆွေကြီးပါဗျ'

'အလျင်က ခင်ဗျားပြောတာ မှန်ပါတယ်၊ ခုတော့ ကျုပ် မိတ်ဆွေ မဟုတ်တော့ပါဘူး၊ သူဟာ ကျုပ်ကို စိတ်ဆင်းရဲအောင် လုပ်ခဲ့တဲ့လူတစ်ယောက်ပဲ'

'ဟုတ်လား၊ သူက ဆရာကြီးပိုင်ကို စိတ်ဆင်းရဲအောင် လုပ်ခဲ့သလား'

'သူက ဝန်ရင်မော် အဆိပ်ခတ်ခံရတာကို ပါဝင်ဆောင်ရွက်သူတစ်ယောက်လို့ ဝန်ခံခဲ့တယ်ဗျ၊ ဒါဟာ ကျုပ်ကို စိတ်ဆင်းရဲစေတဲ့အချက်ပဲ'

မင်ရင်ကြွယ်သည် ပိုင်ယီမင်ကို ငေးပြီး မျက်မှောင်ကြုတ်နေတော့သည်။

'ကျုပ် သိပ် အံ့သြသွားပြီဗျာ'

'တည့်တည့်ကြီးပြောလို့ မယုံချင်တာလားဗျာ၊ ကျုပ်မှာ ခင်ဗျားကို ပြစရာ ရှိနေပါတယ်ဗျ၊ အင်း. . . ချန်ယီကွမ့်မိတ်ဆွေဖြစ်ခဲ့တာဟာ တော်တော်မကောင်းတဲ့ကိစ္စပါ'



ပိုင်ယီမင်သည် စကားပြောရင်း အနောက်ဆောင်ဘက်သို့ လှမ်းအော်လိုက်သည်။

'ဟေ့ မီးအိမ်တွေ ထွန်းစမ်း၊ တံခါးဖွင့်စမ်း'

သူ၏အသံနှင့်တစ်ဆက်တည်းတွင် 'ဟုတ်ကဲ့ခင်ဗျ' ဟူသော အသံပါ ပေါ်လာသည်။ ထို့နောက် မှောင်နေသော နေရာများမှ မီးရောင်များ လင်းလာသည်။ တံခါးတစ်ချပ်လည်း ပွင့်လာသည်။

ထိုအခါ အနောက်ဆောင်ထဲရှိ မီးအိမ်အလင်းရောင်အောက်တွင် ပြုံလဲနေသောလူသုံးယောက်ကို မြင်ရတော့သည်။

ရှောင်ချင်း၊ မိန်လန်ကျင်းနှင့် ရင်ခုန်ဖန်း အမည်ခံ ချန်ယီကွမ့်တို့ ဖြစ်သည်။

သူတို့သုံးယောက်သည် ဝဲမှယာ တန်းစီပြီး လဲနေခြင်း ဖြစ်သည်။

သူတို့ ဘေးတစ်ချက်တစ်ချက်တွင်မူ သူနှစ်ယောက်က ဓားလွတ်ကိုင်ပြီး မတ်တပ်ရပ်စောင့်နေကြသည်။

'ဘယ်လိုဖြစ်နေကြတာလဲ ဆရာကြီးပိုင်'

မင်ရင်ကြွယ်က လေးစားဟန်နှင့် စုံစမ်းသည်။

'ခဏနေဦး၊ နောက်တစ်ယောက် ရှိသေးတယ်'

မင်ရင်ကြွယ်စောင့်နေစဉ်မှာပင် ပိုင်ယီမင်က ထပ်အော်လိုက်သည်။

'လုံမလေးလီ ထွက်ခဲ့ပါ'

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ယီမင်၏စကားသံအဆုံးတွင် လီယွင်ဟုန်ကို တွေ့ရ လေတော့သည်။

လီယွင်ဟုန်သည် မင်ရင်ကြယ်ကို မြင်သည်နှင့် ဝမ်းသာ အားရလှမ်းခေါ်သည်။

'သူရဲကောင်းကြီးမင် . . . သူရဲကောင်းကြီးမင်'

လီယွင်ဟုန်သည် ဝမ်းသာအားရနှင့် ရှင်ရှင်မြူးမြူး ဖြစ်နေ ရာမှ ရှက်ရွံ့သွားပြန်သည်။

'လီ ယွင် ဟုန်'

မင်ရင်ကြယ်က တစ်လုံးချင်း နှုတ်ဆက်သည်။

နှစ်ယောက်စလုံး အလွန်ဝမ်းသာအားရ ဖြစ်နေကြ ပြီ။

'ကျွန်မ ဖေဖေ့မိတ်ဆွေကြီးဆီ ရောက်နေတာပါ'

လီယွင်ဟုန်က အံ့အားသင့်နေသော မင်ရင်ကြယ် ရှင်းပြလိုက်သည်။

မင်ရင်ကြယ်ခုမှ ခေါင်းထဲရှင်းသွားဟန်နှင့် . . .

'သြ . . . ဖေးယွင်ရဲတိုက်သခင်ကြီးနဲ့ ဆရာကြီးပိုင် မိတ်ဆွေတွေကိုး'

'ဟုတ်ပါတယ်၊ ကျုပ်တို့ဟာ သိပ်ရင်းနှီးချစ်ခင်တဲ့ မိတ်ဆွေ ကြီးတွေပါ'

မင်ရင်ကြယ်သည် ယခုမှ သံသယများ လွင့်ပါးသွား သည်။



'ခုမှ ရှင်းသွားတယ်ဗျာ၊ အစက ဒီလိုမှန်း မသိလို့ပါ'

'ကျုပ်တို့ဟာ တစ်အိမ်တည်းသား တစ်မိတည်းသား လူတွေပါဗျာ၊ သူရဲကောင်းမင်အနေနဲ့ လုံမလေးလီကို ကူညီခဲ့တဲ့ အတွက် အများကြီး ကျေးဇူးတင်မိပါတယ်၊ ကဲ . . . ဧည့်ခန်းထဲ ကြွပါ၊ လက်ဖက်ရည်သောက်ရင်း အေးအေးဆေးဆေး ပြောကြ ဆိုကြတာပေါ့'

ပိုင်ယီမင်သည် ဖော်ဖော်ရွေရွေ ဖိတ်ခေါ်ပြီးသည်နှင့် ရှေ့မှ ဦးဆောင်ထွက်သွားသည်။

မင်ရင်ကြယ်လည်း တစ်စုံတစ်ရာ ငြင်းဆန်ခြင်း မပြု တော့ဘဲ ကပ်လိုက်သွားတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇

### သစ္စာဖောက်

ဧည့်ခန်းထဲသို့ရောက်သောအခါ အသင့်ခင်းကျင်းထား
သည့် ထိုင်ခုံများတွင် အသီးသီး နေရာယူလိုက်ကြသည်။

ဤတွင် ပိုင်ယီမင်က စကားစပြောသည်။

'သူရဲကောင်းမင်ဟာ တကယ့်ကယ်တင်ရှင်တစ်ယော
ပါပဲ၊ မကြာခင်ကပဲ မေးယွင်ရဲတိုက်ကြီးရဲ့သခင်ကြီးကို ရဲရဲရင့်ရ
အကူအညီပေးခဲ့ပြီး ခုတစ်ခါ လုံမလေး လီကိုပါ ကယ်တင်ကူညီ
ဖြန်တယ်၊ တွေးလိုက်ရင် သူရဲကောင်းမင်ရဲ့ကျေးဇူးကို ဘယ်လ
ဆပ်ရမှန်းတောင် မသိတော့ပါဘူး'

ပိုင်ယီမင်၏ လှိုက်လှဲသော ကျေးဇူးတင်မှုသည် မင်ရှ



ကြယ်ကို အနေရ အထိုင်ရ ခက်သွားစေသည်။

ပိုင်ယီမင်သည် အိမ်ခန်းထဲကို လှမ်းကြည့်လိုက်ပြီး ဆက်ပြောပြန်သည်။

'မင်က ချန်ယီကွမ့် သတင်းကို သစ်တောထဲက စရခဲ့တာလား'

'သစ်တောထဲမှာ ဘယ်သူ ရှိလို့လဲဗျာ'

'ဟားတား. . . သူရဲကောင်းမင်ကလဲ မမေးသင့်တာကို မေးနေတော့တာကိုး၊ သူတို့က အဆိပ်နဲ့ ဒုက္ခပေးဖို့ ခင်ဗျားဆီကို လူတစ်ယောက် လွှတ်ခဲ့တယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ အဲဒီလူဆီက သတင်းရခဲ့တာပါ'

ပိုင်ယီမင်သည် အလွန်သဘောကျသွားဟန်နှင့် တဟားဟား ရယ်တော့သည်၊

ထို့နောက်ငြိမ်ငြိမ်ကလေး ထိုင်နေသော လီယွင်ဟုန်ကို လှမ်းကြည့်ပြီး. . .

'ကဲ. . . ငါမပြောဘူးလား တူမကြီးရဲ့၊ သူရဲကောင်းမင်ကို သူတို့ ဘယ်လိုမှ ဒုက္ခမပေးနိုင်ပါဘူးလို့၊ ဒါတောင် တူမကြီးက ငိုကြီးချက်မ ဖြစ်ခဲ့ရသေးတယ်၊ ခုတော့ ငါပြောတာ မှန်နေပြီ မဟုတ်လား . . . ဟားဟားဟား'

ပိုင်ယီမင်စကားကြောင့် လီယွင်ဟုန်သည် ရှက်သွေးတက်ပြီး ခေါင်းငုံ့နေတော့သည်။

မင်ရှင်ကြယ်လည်း မနေတတ် မထိုင်တတ်နှင့်မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ပြင်လုံး ထူပူသွားတော့သည်၊

ပိုင်ယီမင်သည် တဟားဟား ရယ်နေရင်းက . .

'အမှားအမှန်နဲ့ တရားတာ၊ မတရားတာဟာ သေသေချာချာ ကြည့်တော့ အတော့်ကို ကွဲပြားနေတာပဲဗျ၊ ကျုပ်လည်း လူပေါင်းမှားခဲ့တာ အမှန်ပါပဲ မင်၊ ကျော့ချမ့ မားပြမှန်းသိတာ ကျုပ်ပါပဲ၊ ရင်ခုန်ဖန်း လို့ခေါ်တဲ့ ချန်ယီကွမ့်တို့ အင်အားကောင်းဝါကို အထင်ကြီးခဲ့တာလည်း ပါတယ်ပေါ့ဗျာ။

ဒီညတော့ ချန်ယီကွမ်ဟာ မလုပ်သင့် လေုပ်ထိုက်ဘဲ ကျုပ်တူမကြီးကို ဖမ်းပြီး ခေါ်လာခဲ့တယ်လေ၊ နောက် မင်တို့ ပူးပေါင်းပြီး ဒုက္ခပေးဖို့လည်း ဆွယ်တရား ဟောခဲ့သေးတယ် ကျုပ်လည်း ဘုရားမှန်း တောက်ပို့မှန်း ကွဲပြားသွားတာနဲ့ သူတို့ကို လက်ဘက်ရည်ကြမ်းထဲမှာ အဆိပ်ထည့်ပြီး ခုလို ဖမ်းလိုက်တာပဲ ချန်ယီကွမ့်ဟာ ကျုပ်ကို အထင်သေးထားသူဖြစ်တော့ ခုလို အလွယ်တကူ ဖမ်းနိုင်ခဲ့တာပဲ'

မင်ရင်ကြွယ်သည် ခေါင်းညိတ်ညိတ်လုပ်ပြီး အလွန်ကျေနပ်သွားသည်။

'ဟုတ်ကဲ့၊ ဆရာကြီး ပိုင်ရဲ့ ပညာဉာဏ်ကြီးမှုကို အလွန်လေးစားမိပါတယ်၊ ရှေ့ကို ဘယ်လို ဆက်စီစဉ်မလဲဆိုတာ သိပါရစေ'

'စဉ်းစားထားတာကတော့ ဖေးယွင်ရဲတိုက်သခင်ကြီး လီချန်းလူ ဘယ်မှာ ရှိနေသလဲဆိုတာ စစ်ဆေးစုံစမ်းမယ်၊ ပြီးရင်



သိုင်းအားတွေကို ဖျက်ဆီးပစ်မယ်၊ အဲ. . . ဒါပေမယ့် လုံမလေး လီက ဒီကိစ္စကို အလျင်စလို မလုပ်ဖို့ တားမြစ်တယ်။

သူရဲကောင်းမင်နဲ့ သခင်လေး ဝန်ရင်မော်ဟာ ကျေးဇူးခံ ကျေးဇူးစားရှိသူတွေ ဖြစ်နေလို့ သူရဲကောင်းမင်က သခင်လေး ဝန်ရင်မော်ရဲ့ ရန်သူတွေကို လိုက်ရှာနေတဲ့အကြောင်း ပြောပြတယ်၊ ဒါကြောင့် သူရဲကောင်းမင်နဲ့ တိုင်ပင်ပြီး လုပ်ကိုင်ဆောင်ရွက်ကြဖို့ ခုလို စောင့်ဆိုင်းနေခဲ့တာပဲ၊ သူရဲကောင်းမင်နဲ့ ပတ်သက်နေတဲ့ ကိစ္စမို့ အရမ်းမလုပ်ပါဘူးဗျ'

'ကျုပ်လည်း ဘယ်လိုလုပ်ရမှန်း မသိသေးပါဘူးဗျာ'

'ကျုပ်ကို အားနာမနေနဲ့၊ သူရဲကောင်းမင် ကြိုက်သလိုသာ ဆုံးဖြတ်ပါ'

'ကျုပ်သဘောကတော့ အဓိက အကျဆုံး တရားခံကို ဖော်ထုတ်နိုင်ဖို့ပဲ'

'အဲဒီ လိုအပ်ချက် အောင်မြင်မယ်ဆိုရင် ဆရာကြီးပိုင်ပဲ ကြိုက်သလို လုပ်လိုက်ပါ'

'ကောင်းပြီ၊ သူရဲကောင်းမင်၊ ကျုပ်တို့ ဒီအတိုင်း ဆောင်ရွက်ကြတာပေါ့'

ပိုင်ယီမင်သည် စကားဆုံးသည်နှင့် အသင့် ခင်းကျင်းထားသော စားပွဲပေါ်မှ လက်ဘက်ရည်ကြမ်းပန်းကန်တစ်လုံးကို ကောက်ကိုင်လိုက်ပြီး စည့်ဝတ်ပြုသည်။

'သောက်ပါဦး မင်၊ ဒီလက်ဘက်ရည်ကြမ်းဟာ

www.burmeseclassic.com

www.burmeseclassic.com



အကောင်းစားလက်ဘက်ခြောက်နဲ့ ခတ်ထားတဲ့ လက်ဘက်ရည်ကြမ်းပါ၊ အမောပြေကလေး သောက်လိုက်ပါဦး'

မင်းရင်ကြွယ်သည် ဘာမျှမပြောဘဲ ငြိမ်နေလိုက်သည်။

ပိုင်ယီမင်က ပြုံးပြီး ဆက်ပြောသည်။

'စိတ်ချလက်ချ သောက်ပါမင်း၊ စောစော လက်ဘက်ခြောက်နဲ့ ခတ်ထားတဲ့ လက်ဘက်ရည်ကြမ်း မဟုတ်ပါဘူး၊ မင့်တို့ဂုဏ်ပြု တည်ခင်းတဲ့ အကောင်းဆုံး လက်ဘက်ရည်ကြမ်းပါ'

ပိုင်ယီမင်သည် တဟားဟား ရယ်လိုက်ရင်းက လက်ထဲမှ လက်ဘက်ရည်ကြမ်းပန်းကန်ကို မော့သောက်လိုက်သည်။

ထိုစဉ် ပိုင်ယီမင်က လဲကျနေသူများအနီးတွင် ဓားလွတ်ကိုင်ပြီး ရပ်နေကြသည့် လူနှစ်ယောက်ကို လှမ်းပြောလိုက်သည်။

'ကဲ. . . မင်းတို့ သွားတော့၊ စောင့်နေဖို့ မလိုတော့ဘူး'

ထိုလူနှစ်ယောက် ထွက်သွားသည်နှင့် ပိုင်ယီမင်နှင့် မင်းရင်ကြွယ်တို့သည် လဲကျနေသူများအနီးသို့ လျှောက်လာကြသည်။

ထို့နောက် ပိုင်ယီမင်က မင်းရင်ကြွယ်ကို လှည့်မေးသည်။

'သူတို့ သုံးယောက်ကို တပြိုင်တည်း စစ်ဆေးမှာလား မင်'

မင်းရင်ကြွယ်က. . .

'မဟုတ်ပါဘူး၊ တစ်ယောက်တည်းပါ ဆရာကြီးပိုင်၊ ချန်ယီကွမ့် တစ်ယောက်တည်းပါ'



ပိုင်ယီမင်သည် ဆတ်ခနဲ ခေါင်းညိတ်လိုက်ပြီး ချန်ယီကွမ့်၏ သွေးကြောမတစ်ခုကို ဖျတ်ခနဲ ရိုက်ဖွင့်လိုက်သည်။

ချန်ယီကွမ့်သည် သတိရလာသည်နှင့် ဖျတ်ခနဲ ခုန်ထလာသည်။ မင်းရင်ကြွယ်ကို မြင်သောအခါ အလွန်ထိတ်လန့်တုန်လှုပ်သွားသည်။ မင်းရင်ကြွယ်က ချန်ယီကွမ့်ကို စိုက်ကြည့်ပြီး တဟဲဟဲ ရယ်လိုက်သည်။

'ကျန်းကျန်းမာမာပဲနော် ငွေကိုင်ကြီး ရင်ခုန်ဖွန်း၊ ကျုပ်ကို တ်မိပါတယ်နော်'

ရင်ခုန်ဖန်း (ခေါ်) ချန်ယီကွမ့်သည် မျက်လုံးအရောင်များ င်းလက်လာပြီး ဒေါသ ခြောင်းခြောင်းထွက်လာသည်။

'လက်စသတ်တော့ ပိုင်ယီမင် သစ္စာဖောက်တာကိုး၊ င်ဗျားက ကိုယ့်မိတ်ဆွေကို ရန်သူလက်ထဲ ရောင်းစားသူပဲ၊ င်ဗျားတို့ကို ကျုပ် အသေခံတိုက်မယ် သိလား'

ချန်ယီကွမ်း စကားဆုံးသည်နှင့် ပိုင်ယီမင်၏မျက်နှာကို တ်ခနဲ လှမ်းကုတ်လိုက်တော့သည်။

ပိုင်ယီမင်သည် ကျောက်ရုပ်လို ငြိမ်သက်နေမြဲပင်။

မင်းရင်ကြွယ်ကား ရင်ခုန်ဖန်း (ချန်ယီကွမ့်)ကိုသာ အာရုံ က်ပြီး ကြည့်နေသည်။

ရင်ခုန်ဖန်း (ချန်ယီကွမ့်)သည် မင်းရင်ကြွယ်၏ အကြည့် ကြောင့် တိုက်ကွက်ကို ချက်ချင်း ပြန်ရုပ်သိမ်းလိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇၃)

## မုဆိုးမ သားကောင်

သို့သော် သူသည် အလွန် ဒေါသထွက်နေဆဲပင်။

ထို့ကြောင့် ပိုင်ယီမင်ကို စြုံ့ပြီး ခပ်မာမာပြောတော့သည်။

'ပိုင်ယီမင်၊ ခင်ဗျားက မင်ရင်ကြယ်ကို ဖိတ်ခေါ်ထားတယ် မဟုတ်လား၊ ကျုပ် မှားလို့ အသတ်ခံချင် ခံရလိမ့်မယ်၊ ဒီနေရာမှာတင် သေချင်သေသွားလိမ့်မယ်၊ အေး. . . ကံကောင်းလို့ ကျုပ် မသေဘူးဆိုရင် ခင်ဗျား လူ့ပြည်မှာ ကြာကြာမနေရဘူး မှတ်ပါ'

ရင်ခုန်ထန်း (ချန်ယီကွမ့်) ဒေါသကြီးသလောက် ပိုင်ယီ





မင် မှာ တည်ငြိမ်နေသည်။

'ဒီလောက်လည်း ကြိမ်းဝါးမနေပါနဲ့ဗျာ၊ တကယ်တော့ ကျုပ် လူပေါင်း မှားခဲ့တာပါ၊ ခုမှ ဖွတ်ထွက်လို့ တောင်ပို့မှန်း သိရတာပါ၊ ခင်ဗျားဟာ ကျုပ်တူမကို ဒုက္ခပေးခဲ့တဲ့လူပဲ၊ ဒီတော့ ကျုပ် ဒီလိုပဲ လုပ်ရတော့မှာပေါ့ဗျာ. ဟဲဟဲ'

'နေပါဦး၊ ခင်ဗျားနဲ့ ဖေးယွင်ရဲတိုက်သခင်ကြီး လီချန်လူက မိတ်ဆွေတွေမို့လား'

'ဟုတ်တယ်၊ သိပ်ရင်းတဲ့ မိတ်ဆွေတွေဗျ၊ ဒါကြောင့် သေမင်းက ခင်ဗျားကို ကျုပ်အိမ်ထဲ ဆွဲခေါ်ခဲ့တာပဲ'

'ဟဲဟဲ. . . ကျုပ်အမြင်မှားယွင်းသွားလို့ ခုလိုဖြစ်ရတာပဲ၊ ကိစ္စမရှိပါဘူးလေ၊ ခင်ဗျားဟာ တစ်နေ့ကျရင် ကျုပ်အကြောင်း ကောင်းကောင်း သိရဦးမှာပါ'

'အပိုတွေ ပြောမနေပါနဲ့လေ၊ ခင်ဗျား ကျုပ်ကို ခြိမ်းခြောက် နေစရာ မလိုတော့ပါဘူး၊ ဝန်ရင်မော့်မိတ်ဆွေ မင်ရင်ကြယ် တစ်ယောက်လုံး ခင်ဗျားရှေ့မှာ ရှိနေပါပြီ၊ ပြောစရာရှိတာ သူ့ကိုပဲ ပြောပါ'

ချန်ယီကွမ့်သည် မင်ရင်ကြယ်ကိုသာ စိုက်ကြည့်လိုက်ပြီး ဆိမထင်ဟန်နှင့် ပြောတော့သည်။

'ခင်ဗျားဟာ တော်တော် အသက်ပြင်းတဲ့ လူတစ်ယောက်ပဲ'

'ဟုတ်တယ်၊ ကျုပ်ဟာ ခင်ဗျားတို့ ဘယ်လိုသတ်သတ်



www.burmeseclassic.com

www.burmeseclassic.com



မသေနိုင်တဲ့ လူတစ်ယောက်ပဲ၊ ခင်ဗျားတို့လည်း ဘယ်လိုပြေးပြေး ကျုပ်လက်ထဲက မလွတ်နိုင်တဲ့ တွေပဲ၊ ဒီတော့ ကျုပ်မေးတာကိုသာ အေးအေးဆေးဆေးနဲ့ မှန်မှန်ကန်ကန် ဖြေပါ၊ မေးတာကို တကယ်ဖြေရင် ခင်ဗျားတို့ကို အသက်ချမ်းသာခွင့် ပေးမယ်၊ ပထမဆုံး ဖြေရမှာက ပြဿနာကြီးတစ်ခုလုံးရဲ့ အဓိကတရားခံဟာ ဘယ်သူလဲ'

'ခင်ဗျားက ကျုပ်ကို ကောင်းကောင်းမွန်မွန် ဖြေမယ် ထင်နေသလား'

'ဒါက ခင်ဗျားတို့စွပါ၊ ဖြေချင်ရင် ဖြေ၊ မဖြေချင်ရင် မဖြေနဲ့'

'ခင်ဗျားရဲ့လုပ်ရပ်ဟာ ခင်ဗျားရဲ့ဘဝကို အကောင်းအဆိုး ပြဌာန်းပါလိမ့်မယ်'

ချန်ယီကွမ့်သည် မင်ရင်ကြွယ်ကိုကြည့်ပြီး ပါးစပ်ပိတ်နေတော့သည်။

မင်ရင်ကြွယ်သည် ချန်ယီကွမ့်ကိုကြည့်ပြီး သရော်ရယ် ရယ်ပစ်လိုက်သည်။

'ခင်ဗျားဟာ ယောကျ်ားတစ်ယောက်ပါ၊ သိုင်းပညာ အဆင့်လည်း လေးစားလောက်တဲ့အဆင့်ရှိသူပဲ၊ ဒီလိုလူက ဘာမဟုတ်တဲ့ မိန်လန်ကျင်းဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ ဩဇာခံဘဝမှာ ပျော်ပိုက်နေတာ အတော်ရယ်စရာကောင်းတယ်၊ ခင်ဗျား ဘာဖြစ်လို့ သူ့ ဩဇာခံပြီး အမှုထမ်းနေတာလဲ'



ချန်ယီကွမ့်သည် အရှိုက်ကို အထိုးခံလိုက်ရသဖြင့် အလွန် ကသိကအောက် ဖြစ်သွားသည်။

'ကျုပ် ဘာပြောရဦးမှာလဲ၊ တစ်ခုတော့ရှိတယ်၊ မိန်လန် ကျင်းဟာ တော်တော်စည်းရုံးမှု ကျွမ်းကျင်တဲ့ မိန်းကလေးပဲ'

'ဟားဟား. . . ခင်ဗျားပါးစပ်က ဒီလိုစကား ထွက်တာ တော်တော်အံ့ဩဖို့ကောင်းတယ်၊ ကဲပါလေ၊ ခင်ဗျား အရှက်ရစေမယ့်စကားတွေ ပြောမနေတော့ပါဘူး၊ ခင်ဗျား ကြိုက်တဲ့လမ်းကိုသာ ရွေးပါ'

'ခင်ဗျားက ကျုပ်တို့ သခင်ကြီးကို တော်တော်သိချင်နေသလား'

'မေးဖို့ လိုသေးလို့လား ချန်'

'အင်း. . . သိပ်တော့ မလိုပါဘူး၊ ဒါပေမယ့် ကျုပ်ကိုယ်တိုင် သခင်ကြီး ဘယ်သူဆိုတာ မသိတာ ခက်တယ်၊ အဲ. . . ကျုပ်တို့သခင်ကြီးကို သိသူကိုတော့ ကျုပ် ထုတ်ပြောနိုင်ပါတယ်'

'ပြောပါ၊ ဘယ်သူလဲ'

ချန်ယီကွမ့်သည် တဟဲဟဲ ရယ်လိုက်ပြီး ပိုင်ယီမင်ကို လက်ညှိုးထိုးပြသည်။

'သူပဲ. . . သူပဲ၊ ကျုပ်တို့ သခင်ကြီးကို သူပဲ သိတယ်'

ပိုင်ယီမင် သိသိသာသာကြီး မျက်နှာ ပျက်သွားတော့သည်။

မင်ရင်ကြွယ်ကား မျက်ခုံးနှစ်ဘက်ကိုသာ နမူးလေ၏

www.burmeseclassic.com

www.burmeseclassic.com



မြင့်တင်ပစ်လိုက်သည်။

ချန်ယီကွမ့်က. . .

'မင်. . . သူ ဘယ်သူဆိုတာ ခင်ဗျား သိရဲ့လား'

'ခင်ဗျားပဲ ဆက်ပြောပါ'

'ဒီလူဟာ ပိုင်ယီမင်လို့ ဆိုနေပေမယ့် နာမည်ရင်း ဟူဝန်ဟူ ဆိုတဲ့လူပဲ၊ ဟူဝန်ဟူသာ သူ့နာမည်အစစ်ပဲ'

မင်ရှင်ကြယ်က ဟက်ခနဲ ရယ်ပြီး ပိုင်ယီမင်ကို လှမ်းကြည့်သည်။

ပိုင်ယီမင်က ဘာမှ မမေးရဘဲ ဝင်ဖြေသည်။

'ဟုတ်တယ်၊ ကျုပ်နာမည် ဟူဝန်ဟူပဲ'

မမျှော်လင့်သော အဖြေစကားကြောင့် မင်ရှင်ကြယ်ရင်ထဲ ဒိန်းခနဲ ဖြစ်သွားသည်။

ထို့နောက်. . .

'ဆရာကြီးပိုင်က ဟူဝန်ဟူကိုး၊ သဘောပေါက်ပါပြီ၊ သဘောပေါက်ပါပြီ'

'ဘာတွေ သဘောပေါက်နေလို့လဲ မင်'

'ဟဲဟဲ. . . ခင်ဗျား ခုလို အလွယ်တကူ ဝန်ခံလိုက်တာက'

'ဟားဟား. . . သူ့ရဲ့ကောင်းမင်ဟာ သားကောင်ကို ရှာရင်း သားကောင်ဖြစ်နေတဲ့လူပါဗျ၊ ခုတော့ မုဆိုးကြီးမင် ထောင်ချောက်ထဲ ဝင်နေမိပြီလေ၊ ဟားဟား. . . ကျုပ်အစီအစဉ်တွေ စီစဉ်ရကျိုး နပ်ပါပြီဗျာ၊ ဟားဟား'



အခြေအနေကို စောင့်ကြည့်နေသော လီယွင်ဟုန်သည် ည်သည့်အသံမှ မထွက်စေဘဲ မင်ရှင်ကြယ်ကို အာရုံစိုက်နေသည့် င်ယီမင် ခေါ် ဟူဝန်ဟူဆိုသူ၏ ဘယ်ဘက်နံရိုးကို လျှပ်တစ်ပြက် မ်းရိုက်လိုက်တော့သည်။

သို့သော် ပိုင်ယီမင်သည် သူ့ထက် များစွာ အစွမ်းထက် နေလေပြီ။

သူမ၏ရိုက်ချက်က နံရိုးပေါ် ကျရောက်ခါနီးမှာပင် ူမ၏လက်ကောက်ဝတ်သည် ပိုင်ယီမင်လက်ထဲ၌ ပြုတ်တူနှင့် ညှပ်ခံ လိုက်ရသလို ချုပ်ကိုင်ခံလိုက်ရတော့သည်။

'တူမကြီး၊ မမိုက်ချင်စမ်းပါနဲ့၊ ငြိမ်ငြိမ်ကလေး နေစမ်းပါ'

ပိုင်ယီမင်၏အသံသည် အေးတိအေးစက်နှင့် လေးနက် နေသည်။

မင်ရှင်ကြယ်သည် မမျှော်လင့်သော အပြောင်းအလဲများ ကြောင့် ဒေးကြောင်ကြောင်ဖြစ်နေသည်။

ပိုင်ယီမင်သည် ဟက်ခနဲ ရယ်လိုက်ပြီး မင်ရှင်ကြယ်ကို မ်းပြောသည်။

'သူ့ရဲ့ကောင်းကြီး မင်၊ ခင်ဗျား လှုပ်လှုပ်ရှားရှား လုပ်ဖို့ ဝ စိတ်မကူးနဲ့တော့၊ ခင်ဗျားဟာ တစ်ချိန်က ဧရာမ သူ့ရဲကောင်း ီး ဖြစ်နေတာ မှန်ပေမယ့် ခုချိန်မှာတော့ ထောင်ချောက်ထဲက ွက်စုတ်ကလေး ဖြစ်နေပြီ၊ ခင်ဗျားရဲ့ သိုင်းစွမ်းရည်တွေဟာ ချိန်မှာ ကြွက်ဖတစ်ကောင်ကိုတောင် ဖမ်းနိုင်စွမ်း မရှိတော့ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဟူဝန်ဟူ. . ခင်ဗျား. . . ခင်ဗျား'

မင်ရင်ကြွယ်သည် စိတ်လှုပ်ရှားစွာ အော်ဟစ်လိုက်မိသေ
သည်။

ပိုင်ယီမင်က သဘောကျ ကျေနပ်စွာဖြင့် တဟားဟား
အော်ရယ်တော့သည်။

■



အခန်း (၇၄)

## ကောက်ကျစ်မှု ထိပ်ခေါင်

သူ့ကိုယ်သူ 'ဟူဝန်ဟူ' ဟုဆိုသည့် ပိုင်ယီမင်သည် မင်ရင်ကြွယ်ကိုကြည့်ပြီး တဟားဟား ရယ်မောနေဆဲပင်။

အတန်ကြာမှ မင်ရင်ကြွယ်ကို စိုက်ကြည့်ပြီး ပြောလာပြန်သည်။

'သူရဲကောင်းကြီး မင်၊ တကယ်တော့ ခင်ဗျားဟာ ကျုပ်ဆိုက်တဲ့ လက်ဘက်ရည်ကြမ်းကို တစ်ငုံလေးတောင် မသောက်သင့်ဘူးဗျ၊ ခုတော့. . . ဟဲဟဲ၊ ဟော့. . . မိန်လန်ကျင်း နှစ်ယောက်စလုံးသတော့'

ပိုင်ယီမင်အမိန့်ကြောင့် ပုံလျက်သား လဲကျနေသည့်

www.burmeseclassic.com

www.burmeseclassic.com



မိန်လန်ကျင်းနှင့် ရှောင်ချင်းတို့သည် ဖျတ်ခနဲ ခုန်ထလာသည်။

ထို့နောက် ဝမ်းမြောက်ဝမ်းသာဖြစ်နေသော မျက်လုံးများနှင့် မင်ရင်ကြွယ်ကို ဝိုင်းကြည့်လာကြတော့သည်။

မိန်လန်ကျင်းသည် မင်ရင်ကြွယ်ကို မချိမချဉ် ပြုံး၍ နေရာမှ-

'သူ့ရဲ့ကောင်းကြီး မင်၊ သိုင်းလောကဆိုတာ တကယ်တမ်းတော့ ကျဉ်းကျဉ်းကလေးပါ၊ ရေစက်မကုန်သေးတော့လည်း ပြန်ဆုံကြရပြန်ပြီရှင်၊ ဟင်းဟင်း. . .'

'ဟဲဟဲ. . . ခင်ဗျားတို့ အားလုံးဟာ ကောက်ကျစ်မှု အရာမှာ အင်မတန် ထက်မြက်တဲ့လူတွေပဲ၊ ချီးကျူးပါတယ် လုံမလေးမိန်၊ ချီးကျူးပါတယ်'

မင်ရင်ကြွယ်၏စကားသည် မိန်လန်ကျင်း၏ရင်ထဲ အေးမြသွားစေသည်။ မိန်လန်ကျင်းသည် ပိုင်ယီမင်ကို မျက်စ ပစ်ပြလိုက်ပြီး-

'ခုကိစ္စဟာ ကျွန်မတစ်ဒယောက်တည်းရဲ့ စဉ်းစားဆောင်ရွက်မှု မဟုတ်ပါဘူးရှင်၊ ဆရာကြီးပိုင်ရဲ့ ထူးချွန်ပြောင်မြောက်တဲ့ အစီအစဉ်တွေပါ'

'ယုံပါတယ် လုံမလေးမိန်၊ ပိုင်ယီမင်လို့ ခေါ်တဲ့ ဟူဝန်ဟူ ဟာ အင်မတန် ခေါင်းကောင်းတဲ့ပုဂ္ဂိုလ်ကြီးပါ၊ ဒါကြောင့်လည်း သူ့ရဲ့ကောင်း သခင်လေး ဝန်ရင်မော် ခံသွားရတာ ဖြစ်မှာပေါ့ ကောက်ကျစ်မှုထိပ်ခေါင် သိုင်းခေါင်းဆောင်တစ်ယောက်ပါပဲ



ဟဲဟဲ'

မင်ရင်ကြွယ်စကားကြောင့် ပိုင်ယီမင်ဟု အမည်ပြောင်းထားသည့် ဟူဝန်ဟူသည် ပခုံးနှစ်ဘက် တွန့်ပစ်လိုက်သည်။ ထို့နောက်. . .

လီယွင်ဟုန်ကို မေးငေါ့ပြပြီး ရှောင်ချင်းကို အမိန့်ပေးလိုက်သည်။

'ရှောင်ချင်း သူ့ကို ထိန်းချုပ်ထားလိုက်ပါ'

ပြောပြောဆိုဆို လီယွင်ဟုန်ကို ရှောင်ချင်းဆီ တွန်းပို့လိုက်သည်။

ရှောင်ချင်းမြန်သည်။ လီယွင်ဟုန်၏ လက်ကောက်ဝတ်ကို ဖျတ်ခနဲ ဖမ်းချုပ်ထားလိုက်သည်။

ထို့နောက် ဟူဝန်ဟူသည် ရှေ့တိုးပြီး မင်ရင်ကြွယ်ကို မေးတော့သည်။

'ကျုပ် သေသေချာချာ သိချင်တာတွေရှိတယ် မင်၊ ခင်ဗျား မှန်မှန်ကန်ကန် ဖြေပါ၊ ထန်းရှန်းဂိုဏ်းဟာ အင်မတန် အစွမ်းထက်တဲ့ဂိုဏ်းဖြစ်သလို ကျိုတုန်းချွင်ဟာလဲ အင်မတန်အစွမ်းထက်တဲ့ သိုင်းဆရာကြီးပါပဲ၊ အဲ. . . သူတို့ထက်ပိုပြီး စွမ်းတာကတော့ ခင်ဗျားပဲ၊ ဒီတော့ ခင်ဗျားမိတ်ဆွေ ဝန်ရင်မော် ခု ဘယ်မှာ ရှိနေသလဲ၊ ခင်ဗျားတို့တွေ သူ့ကို ဘယ်မှာ ထိန်းချုပ်ထားကြသလဲ၊ ဝှက်ထားကြသလဲ ဖြေပါ'

'ခင်ဗျား မေးခွန်းက အပိုမေးခွန်းပဲ၊ ကျိုကုန်းချွင်က

www.burmeseclassic.com

www.burmeseclassic.com



လူချင်လဲပြီး ယူသွားတယ်လေဗျာ၊ ဒါကို သိုင်းလောကတစ်ခုလုံး သိပြီးသားပဲဟာ'

'ကျို့ကုန်းချွင်ခေါ်သွားတဲ့ လူက အတုပဲဗျ၊ အစစ်မှ မဟုတ်တာ'

'အဲဒါ ဘယ်သူ ပြောတာလဲ၊ ခင်ဗျား ဘယ်သူ့ဆီက ကြားထားတာလဲ'

'ဒါ ခင်ဗျားအလုပ်မဟုတ်ပါဘူး၊ ကျို့ကုန်းချွင်ခေါ်သွားတဲ့ လူဟာ ဝန်ရင်မော်အတု၊ ဒါ သိပ်သေချာတယ်'

'ကျုပ် သိနေတာက ဝန်ရင်မော်ဟာ မီးလောင်ပြီး သေသွားပြီဗျ'

'အိုး . . . ခင်ဗျား မတွေ့တာတွေ ပြောနေတာပဲ ဝန်ရင်မော့်ဇနီး မေမုန့်ချူးသာ မီးလောင်သေတာဗျ၊ ဝန်ရင်မော် အတု မီးလောင်မသေသလို အစစ်လဲ မီးလောင်မသေခဲ့ပါဘူး'

'ကျုပ်က မီးလောင်တာကို ကိုယ်တွေ့မြင်ခဲ့ရတာဗျ၊ သူတို့ မသေဘူးလို့ ခင်ဗျားကို ဘယ်သူပြောသလဲ'

'သူများပြောမှ သိရမှာလား မင်၊ ကျုပ်က သူများတွေရဲ့ စကားကို မျက်စိမှိတ်ပြီး ယုံတတ်တဲ့ လူစားဟုတ်ပါဘူး၊ မီးလောင်ပြီး သေနေတဲ့လူတွေဟာ တစ်ခြားလူတွေပါ၊ ဝန်ရင်မော်အတု ကိုတောင် ကျို့ကုန်းချွင်က ကွယ်ထုတ်သွားခဲ့တာဗျ၊ အခုတော့ အဲဒီလူ ထန်းရှန်းဂိုဏ်းလက်ထဲမှာ ရှိနေတယ်'

'မဟုတ်ပါဘူးဗျာ၊ အဲဒီ ဝန်ရင်မော်အတုကို ထန်းရှန်း

www.burmeseclassic.com



ဂိုဏ်းက ပြန်လွှတ်လိုက်ပါပြီ'

ဟူဝန်ဟူသည် ခေါင်းကိုသာ တွင်တွင် ယမ်းခါပစ်လိုက်သည်။

'အဲဒီလူက တစ်ယောက်ဗျ၊ နောက်တစ်ယောက်ရှိသေးတယ်၊ ဝန်ရင်မော်အတုဟာ တစ်ယောက်ထဲ မဟုတ်ဘူး၊ နှစ်ယောက်၊ နောက်တစ်ယောက်ကိုတော့ ထန်းရှန်းဂိုဏ်းက အခုထိ ဖမ်းထားတယ်'

မင်ရင်ကြွယ် မျက်လုံးပြူးသွားသည်။

'ခင်ဗျား တကယ်ပြောနေတာလား ဟူဝန်ဟူ'

'တကယ်ပေါ့ဗျ၊ ညာပြောစရာ အကြောင်းမရှိပါဘူး၊ လွန်ခဲ့တဲ့လေးငါးရက်ကတောင် ထန်းရှန်းဂိုဏ်းက အဆင့်မြင့် သိုင်းသမားတွေ ဝန်ရင်မော်အစစ်ကို လိုက်ရှာနေသေးတာပဲ'

'ဒီလိုဆိုရင် ကျုပ်ကို ဝန်ရင်မော်အစစ်ကို ထိန်းချုပ်ထားသူလို့ ဘာဖြစ်လို့ ထင်နေတာလဲ'

'ထန်းရှန်းဂိုဏ်းက ဝန်ရင်မော် အတုကို နှစ်ကြိမ်တိုင်တိုင် ဖမ်းမိခဲ့လို့ပဲ၊ ကျို့ကုန်းချွင်လဲ ဒီကိစ္စကို ဝေခွဲမရအောင်ဖြစ်နေပြီ၊ ဒီတော့ ဝန်ရင်မော်အစစ်ကို ဖမ်းမမိသေးတာဟာ မင့်လက်ချက်ပဲပေါ့'

မင်ရင်ကြွယ်က အေးစက်စက်နှင့် ခေါင်းခါပြလိုက်သည်။

'ခင်ဗျားတို့ စဉ်းစားလို့မရတဲ့ အချက်တစ်ချက် ရှိသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်အချက်လဲ မင်'

'ဝန်ရင်မော်အစစ်ဟာ ခင်ဗျားတို့ လက်ထဲမှာ ရှိနေတယ်ဆိုတဲ့အချက်ပဲ'

'အိုး. . . ခင်ဗျားက ပြောင်းပြန်ချည်း တွေးခေါ်နေတာကိုး၊ ကျုပ်တို့လက်ထဲမှာ ရှိနေမှတော့ ခင်ဗျားကို အပင်ပန်းခံပြီး မေးနေပါ့မလားဗျာ၊ ပွင့်ပွင့်လင်းလင်းပြောရရင် ခင်ဗျားတို့ပဲ ဝန်ရင်မော် အစစ်လို့ ထင်တယ်'

မင်ရင်ကြယ်က ဟက်ခနဲရယ်ပြီး. . .

'ဒီလိုလား၊ ခင်ဗျားတို့ ဒီလိုထင်နေရင် ကျုပ်က ကျုပ်ကိုယ်ကို ဂုဏ်ယူလိုက်ပြီဗျာ. . . ဟားဟား'

ပိုင်ယီမင် အမည်ခံ ဟူဝန်ဟူသည် မင်ရင်ကြယ်ကို ကြည့်ပြီး မျက်မှောင်ကြုတ်သွားပြန်သည်။

'မခနဲ့ပါနဲ့ မင်၊ ဒီကိစ္စကို ကျုပ်တို့ လေးလေးနက်နက် စဉ်းစားခဲ့ပါတယ်၊ စဉ်းစားရင်း ဆက်စပ်ရင်း ခင်ဗျားမဟုတ်မှန်း သိလာရပြန်တယ်'

'ဘာဖြစ်လို့ မဟုတ်ရပြန်တာလဲ မိတ်ဆွေ'

'ဒီလိုပါ၊ ကျုပ်တို့အထက်က ထုတ်လုပ်ပေးခဲ့တဲ့ အဆိပ်ဟာ အင်မတန်ပြင်းထန်တဲ့ အဆိပ်ပါ၊ နှုတ်ခမ်းနဲ့ ထိမိရုံနဲ့ ပြင်းပြင်းထန်ထန် အဆိပ်တက်စေတဲ့ အဆိပ်ပါ၊ ဒီလိုအဆိပ်မျိုးပါတဲ့အရက်ကို ဝန်ရင်မော်က တစ်ခွက်လုံးကုန်အောင် သောက်ပစ်လိုက်တယ်ဆိုတော့ အဆိပ်မသင့်ဘူးလို့ ပြောစရာအကြောင်း မရှိတော့ဘူး'



'ဘယ်လို ပြောစရာ မရှိတာလဲ ဟူဝန်ဟူ'

'ရှင်ပါတယ်ဗျာ၊ ဝန်ရင်မော် ရူးသွားတာကို သိုင်းလောကသားတွေ ကိုယ်တွေ့မျက်မြင်ပါ'

'ဟုတ်တယ်၊ ခင်ဗျားတို့ရဲ့ အထောက်အထားဟာ ခိုင်လုံတဲ့ အထောက်အထားပါ၊ မှန်တယ် မှန်တယ်၊ ခင်ဗျားတို့တွေးတာ မှန်တယ်'

မင်ရင်ကြယ်က ပခုံးနှစ်ဘက်တွန့်ပြီး အားရပါးရ ပြောသည်။

'ကဲ. . . ကိစ္စတစ်ခုတော့ ရှင်းသွားပါပြီ၊ နောက်တစ်ခုက ခင်ဗျားလက်ထဲက ဝန်ရင်မော်အစစ်ကို ကျုပ်တို့ကို ထုတ်ပေးပါ'

မင်ရင်ကြယ်၏ မျက်ခုံးနှစ်ခုသည် နဖူးပေါ်မြင့်တက်သွားပြန်သည်။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇၅)

## သိုင်းမာယာ အကျဉ်းသား

'ခင်ဗျား ဘာတွေတောင်းနေတာလဲ'

'ဟဲဟဲ. . . သူရဲကောင်းမင်ဟာ ပွင့်လင်းတဲ့ လူတစ်ယောက်ပါ'

'ဟုတ်ပါတယ်၊ ကျုပ်ဘာမှ ထိန်ချန်မထားပါဘူး၊ ဒါပေမယ့် ခင်ဗျားတို့က လူမှားပြီး တောင်းဆိုနေတော့ အလကားပဲပေါ့'

'သူရဲကောင်းမင် ဘယ်လိုပြောလိုက်တာလဲ'

'ခင်ဗျားတို့ တောင်းဆိုသင့်တဲ့လူဟာ ကျို့ကုန်းချင်ဆိုတဲ့ လူဆီမှာပါ။ သူဟာ ထိပ်သီးသိုင်းသမားတစ်ယောက်ပါ၊ ပြီးတော့လဲ



ယန်ကျိုးမြို့မှာမြို့မျက်နှာဖုံးလို့ ဆိုရလောက်သူပါ။ သူ့အိမ်တော် အနေအထားကလဲ အနောက်ဘက်မှာဆို တောင်တန်းတွေချည်းပဲ၊ အရှေ့ဘက်ကျတော့လဲ ရေပြင်ချည်းပဲ၊ နောက်ဖာဆင့်မြင့် သိုင်းသမားတွေလဲ အများကြီးပဲ၊ ဒါတွေဟာ ကျုပ်တစ်ခေါက် ရောက်တုန်းက မြင်တွေ့ခဲ့တာတွေပါ။ ဒီလောက်ကြီးကျယ်တဲ့ ခြံဝင်းကြီးနဲ့ ပိုင်နက်နယ်မြေထဲမှာ ဝှက်ထားစရာနေရာတွေ အများကြီးပေါ့ဗျာ၊ ဘယ်နေရာမှာဆိုတာသာ မသိနိုင်တာပါ။ ဖြစ်နိုင်တာက ဝန်ရင်မော်ဟာ သူ့လက်ထဲမှာ၊ သူ့ပိုင်နက်ထဲမှာ ရှိနေမှာပါ'

ဟူဝန်ဟူသည် မျက်လုံးနှစ်ဘက်မှေးပြီး မျက်မှောင်ကြုတ်သွားသည်။

'ပြောပါမင်၊ ကျေးဇူးပြုပြီး ဆက်ပြောစမ်းပါ'

'ကျုပ်အနေနဲ့ ဝန်ရင်မော်ကို ဝှက်ထားတဲ့နေရာကို သိနေရင်တောင် ကျုပ်တစ်ယောက်ထဲ လှုပ်ရှားခေါ်ထုတ်လို့ ရနိုင်ပါ့မလား၊ ကျုပ်ရဲ့လှုပ်ရှားမှုကိုကော ကျို့ကုန်းချင်က မသိဘဲနေပါ့မလား'

'စိတ်ဝင်စားစရာပဲ၊ ဆက်ပြောစမ်းပါ'

'အဲဒီအချက်တွေဟာ ဝန်ရင်မော် ကျုပ်လက်ထဲမှာ မရှိကြောင်း သက်သေပြချက်တွေပဲ'

ဟူဝန်ဟူက ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။

'ကျုပ်အထက်ကလူတွေကလဲ တော်တော်လေးကို စဉ်းစားထားခဲ့ကြပါတယ်၊ ကျို့အိမ်တော်ထဲက ဝန်ရင်မော်

www.burmeseclassic.com

www.burmeseclassic.com



အစစ်ကို လူချင်းလဲထားပြီး ခေါ်ထုတ်ဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး။ ဒါပေမယ့် ဝန်ရင်မော် အပြင်ထွက်ပြီး လျှောက်သွားနေတဲ့အချိန်မှာ မင်ရင်ကြွယ်အနေနဲ့ လူစားထိုးပြီး ဖမ်းဆီးခေါ်ဆောင်သွားနိုင်ပါတယ်၊ အဲဒါ မဖြစ်နိုင်ဘူးလား မင်၊ ခင်ဗျားပဲ စဉ်းစားကြည့်စမ်းပါ'

'ဖြစ်နိုင်ပါတယ်၊ သိပ်ဖြစ်နိုင်တဲ့ကိစ္စပါပဲ၊ ဒါပေမယ့် ကျိူ့ကုန်းချွင်နဲ့ ဝန်ရင်မော်ဟာ သိပ်ရင်းနှီးကျွမ်းဝင်တဲ့လူတွေပါ၊ နောက်တစ်ချက်က ဝန်ရင်မော်ရဲ့ ဇနီးလည်း ရှိနေသေးတယ်၊ ဒီတော့ ဝန်ရင်မော်အတုဟာ ကျိူ့ကုန်းချွင်တို့ အိမ်တော်ထဲမှာ ဟန်ဆောင်ပြီး နေနေခဲ့တယ်ဆိုတော့ ဟဲဟဲ. . . တကယ်တော့ သူတို့ဟာ သိုင်းလောကတစ်ခုလုံးကို လိမ်လည်လှည့်စားနေတာပဲ၊ ဒါပေမယ့် ခင်ဗျားနဲ့ကျုပ်ကိုတော့ သူတို့ လိမ်ညာလို့ မရပါဘူး'

ဟူဝန်ဟူသည် အတန်ကြာအောင် မျက်မှောင်ကြုတ်သွားရာမှ. . .

'ခင်ဗျားပြောတာ နည်းလမ်းကျပါတယ် မင်၊ ဒါပေမယ့် ကျုပ်အာထက်က လူတွေက အဲဒီအချက်ကို မစဉ်းစားမိကြဘူးဗျ၊ ကဲ. . . သူရဲကောင်းကြီးမင်ရဲ့ ထင်မြင်ချက်ကို သိပါရစေလား'

မင်ရင်ကြွယ်သည် ဟူဝန်ဟူကို ဂရုမစိုက်တော့ဟန်နှင့် တဟဲဟဲ ရယ်ပစ်လိုက်တော့သည်။

ထို့နောက် သရော်သော အမူအရာနှင့်. . .

'ခုတော့ ကျုပ်လဲ ဘယ်လိုမှ မထင်မြင်တတ်တော့



ပါဘူးဗျာ'

'မိတ်ဆွေကြီးပဲ ပြောခဲ့တဲ့ဥစ္စာ၊ ကျိူ့ကုန်းချွင် ကိုယ်တိုင်တောင် အကြောင်းကြောင်း ဖြစ်နေတယ်ဆို'

'ဟုတ်တယ်လေ၊ ဒီကိစ္စက ကျိူ့ကုန်းချွင်ကိုယ်တိုင် ဝေခွဲမရအောင် ဖြစ်နေတဲ့ကိစ္စပဲ'

ဟူဝန်ဟူသည် အကြောင်းကြောင်းအမူအရာနှင့် မျက်လုံးပြူးနေပြန်တော့သည်။

'ဒီလိုဆိုရင် သူရဲကောင်းမင်ရဲ့ သဘောဆန္ဒက. . .'

'ကျုပ်လဲ ကျိူ့ကုန်းချွင်နေရာမှာ ရှိနေရင် ဝန်ခံမှာမဟုတ်ဘူး။ ခု သူလုပ်နေသလို အကြောင်းကြောင်း လုပ်နေမှာပဲ'

ဟူဝန်ဟူသည် အတော်ကြာအောင် ငြိမ်သက်သွားတော့သည်။

ထို့နောက် မျက်ခုံးနှစ်ဘက်ကို မြှင့်တင်လိုက်ပြီး. . .

'ကောင်းပြီ၊ ကျုပ်အာထက် လူတွေကို ဒီအတိုင်း အကြံပြုလိုက်မယ်'

'မဟုတ်သေးဘူးဗျ၊ ခင်ဗျားတို့ လောလောဆယ်လုပ်ရမှာက တွေ့ဆုံသင့်သူတစ်ယောက်ကို ရအောင်ရှာဖို့ပဲ'

'ဒါဖြင့် ဘယ်သူလဲ'

'ထန်းရှန်းဂိုဏ်းလက်ထဲကလူပဲ'

'အဲဒီဒုတိယလူကလဲ ဝန်ရင်မော်အတုပါဗျ'

'ဒါကို ကျုပ် ကြားပြီးပါပြီ၊ ဒါပေမယ့် အဲဒီလူ ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို ခင်ဗျား တွေ့မြင်ဖူးသလား'

'မြင်တော့ မမြင်ဖူးပါဘူး၊ ဒါပေမယ့် ထန်းရှန်းဂိုဏ်းချုပ်ကြီးက သူတို့ရဲ့ အဆင့်မြင့် သိုင်းသမားတွေကို စေလွှတ်ပြီး ကျို့ကုန်းချင်ဆီမှာ ဝန်ရင်မော်အစစ်ကို တောင်းဆိုခဲ့တာကတော့ တကယ့်ဖြစ်ရပ်ပါပဲ'

မင်ရင်ကြယ်သည် ဟူဝန်ဟူကို စိုက်ကြည့်လိုက်ပြီး စဉ်းစဉ်းစားစား ပြောသဘည်။

'အဲဒီအချက်ကိုကြည့်ရင် ထန်းရှန်းဂိုဏ်းက သိုင်းလောကသားတွေရဲ့ နားတွေ၊ မျက်လုံးတွေကို ပိတ်ပြီး အဖြစ်မှန်ကို ဖုံးကွယ်ဖို့ ကြိုးစားနေတာ ထင်ရှားတယ်'

'ခင်ဗျား ဆိုလိုတာက. . .'

'ဒီလိုပါ၊ ဘယ်လို သိုင်းသမား၊ ဘယ်လို သိုင်းဂိုဏ်းဖြစ်ဖြစ် အကြောင်းမရှိဘဲ အန္တရာယ်ကို ဖိတ်ခေါ်လေ့ မရှိဘူး ဟူဝန်ဟူ၊ ထန်းရှန်းဂိုဏ်းက ကျို့ကုန်းချင်တို့ကို သွားပြီးစတာဟာ သူတို့ရဲ့ လှည့်ကွက်ကောင်းတစ်ခုပါ၊ ဒါ ကျုပ် အမြင်လေ၊ ဒါကြောင့်ပဲ ကျို့ကုန်းချင်တို့က လူစုလူဝေးနဲ့ ထန်းရှန်းဂိုဏ်းသားတွေနောက် လိုက်ခဲ့တာပဲ၊ သူတို့ ထိပ်တိုက် တွေ့ဆုံတဲ့အခါကျတော့ ထန်းရှန်းဂိုဏ်းက ကျို့ကုန်းချင်ကိုပြန်ပြီး စွပ်စွဲတယ်၊ ဒီအချက်ဟာ သိုင်းလောကတစ်ခုလုံးနဲ့ ကျို့ကုန်းချင်ကော သိုင်းလောကသားတွေပါ အလိမ်အ ညာခံခဲ့ရတာပဲ၊ ဒါကြောင့်လဲ တကယ့်တရားခံကို မျက်ခြည်ပြတ်နေကြတာပဲ၊ ကျုပ်ပြောတာ ဟုတ်၊မဟုတ် စဉ်





စားကြည့်စမ်းပါ ဟူဝန်ဟူ'

ဟူဝန်ဟူသည် ဘာစကားမျှ မပြောတော့ဘဲ ငြိမ်ပြီးတွေးနေသည်။

အတန်ကြာမှ. . .

'မင် တွေးတာ ဖြစ်နိုင်ချက် ရှိပါတယ်၊ ကျုပ်အထက်က လူတွေကိုပြန်ပြီး တင်ပြလိုက်ပါမယ်၊ နှစ်ဘက်စလုံးနဲ့ တွေ့ဆုံပြီး ဝန်ရင်မော်ကို တောင်းဆိုဖို့လဲ အကြံပြုလိုက်ပါမယ်'

'ကောင်းပါတယ်၊ ခင်ဗျားလဲ အမြော်အမြင်ကြီးတဲ့လူ တစ်ယောက်ပါပဲ၊ ဒီလိုဆိုရင် ကျုပ်ကို ပြန်ခွင့်ပြုသင့်ပါပြီ၊ လက်လွှတ်သင့်ပါပြီ'

'ဟဲဟဲ. . . ခင်ဗျားက ဘယ်ပုံဘယ်နည်းနဲ့ ပြန်ချင်တာလဲ'

ဟူဝန်ဟူသည် အလွန်စုတ်ဆုပ်ဖွယ်ကောင်းသော အမူအရာနှင့် တဟဲဟဲ ရယ်တော့သည်။

မင်က မင်သေသေနှင့်. . .

'အဆိပ်ဖြေဆေးပေးပြီး ပြန်လွှတ်စေချင်ပါတယ်'

'ခင်ဗျားတော်တော်အပြောကောင်းတဲ့လူပဲ၊ မီထားတဲ့ ကျားဆိုးကိုအေးအေးဆေးဆေးနဲ့ တောထဲ ပြန်ပို့တဲ့ မုဆိုးဆိုတာ ရှိလို့လားဗျ၊ ကြားကော ကြားဖူးလို့လား'

'ဟဲဟဲ. . . ကျုပ်က ကျားဆိုးအဆင့်ကို ရောက်နေလို့ လားဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့ ခင်ဗျားတိုယ်ခင်ဗျား အသိဆုံးပေါ့၊ ကျုပ်သိတာကတော့ ခင်ဗျားဟာ သိုင်းပညာရည် မြင့်မားသလောက် မဆိုင်တာလဲ ဝင်စွက်တတ်တဲ့လူပဲ၊ ခင်ဗျားဟာ ကျုပ်အထက်တလူတွေအတွက်လဲ စိတ်ညစ်စရာကောင်းတဲ့ လူတစ်ယောက်ပါမိတ်ဆွေ'

'ဘာလဲ ကျုပ်သိုင်းလောကအကြောင်း စုံစမ်းထောက်လှမ်းနေတာကို မကျေမနပ် ဖြစ်နေတာလား'

'လောလောဆယ်မှာတော့ ခင်ဗျားဟာ ကျုပ်အထက်တလူရဲ့ မိန်းမချောရွေးချယ်ရေးကိစ္စကို ဝင်ပြီးနှောက်ယှက်နေတဲ့လူပဲ'

'အိုး ဒါက ခင်ဗျားတို့ရဲ့ တစ်ဘက်သတ် စွပ်စွဲချက်ပဲ၊ ယောကျ်ားကောင်း ယောကျ်ားမြတ်ဆိုတာ တင်ရှိနေတဲ့ကျေးဇူးကို မရရအောင် ပေးဆပ်စမြဲပါဗျ၊ ခုဆို ကျုပ်ရဲ့ကျေးဇူးရှင် သူရဲကောင်း ဝန်ရင်မော်ဟာ အရှူးဝေဒနာ စွဲကပ်ပြီး ဘဝပျက်နေတဲ့လူပါ၊ ဒါကို ကျုပ်က လက်ပိုက်ကြည့်နေရမှာလား'

'ခင်ဗျား ဒီကိစ္စနဲ့ပတ်သက်ပြီး မဆိုင်တာတွေ ဝင်စွက်ဖက်မယ့်သူပဲ'

'ကျုပ်က အဖြစ်မှန်ကို ဖုံးကွယ်ငြင်းဆိုတတ်တဲ့လူမျိုး မဟုတ်ပါဘူး'

'ဒါကြောင့်လဲ ခင်ဗျားကို ဒီအတိုင်း လွှတ်မထားဝံ့တာပေါ့ဗျာ'



'ဒီလိုဆိုရင် ကျုပ်ကို ဘယ်လိုအပြစ်ပေးမယ်ဆိုတာ သိပါရစေလား'

'သိရပါတယ် သိရပါတယ်၊ မင်းဟာ အလွန်အဆင့်မြင့်တဲ့ သိုင်းပညာရှင်တစ်ယောက်ပါ၊ ဒီတော့ ကျုပ်စိတ်ကြိုက် အပြစ်ပေးလို့ မဖြစ်ပါဘူး၊ အထက်က လူတွေဆီ ခေါ်သွားပြီး လိုအပ်သလို လုပ်ဖို့ တင်ပြရမှာပါ'

'ဒီလိုဆိုရင် ကျုပ်ရဲ့သွေးကြောတွေတို့ ပိတ်ပစ်လိုက်တော့'

'မလိုပါဘူးမင်း၊ ခင်ဗျားဟာ လက်ဘက်ရည်ကြမ်းထဲက အဆိပ်တွေ သင့်နေသူပါ၊ ဒါကြောင့် ခင်ဗျားမှာ အင်အားဆိုလို့ ကြက်တစ်ကောင်ကိုတောင် ဖမ်းနိုင်စွမ်း မရှိတော့ပါဘူး'

'အင်း. . . ဒီလိုဆိုရင် ကျုပ်လက်တွေကို ကြိုးတုပ်ထားဖို့တော့ လိုလိမ့်မယ်ထင်တယ်'

'ပိုတောင် မလိုအပ်တော့ပါဘူး မင်း'

'တကယ်လား ဟူဝန်ဟူ၊ ကျုပ်လမ်းခုလတ်က ထွက်ပြေးမှာ မစိုးရိမ်ဘူးလား'

ချန်ယီကွမ့်သည် ဟူဝန်ဟူကို ကြည့်လိုက်ပြီး ရှေ့ကို တိုးလာသည်။

သို့သော် ဟူဝန်ဟူက ချန်ယီကွမ့်ကို လှမ်းတားထားလိုက်သည်။

ထို့နောက် မင်းရင်ကြယ်ကိုကြည့်ပြီး. . .

'ပြေးရဲရင် ပြေးကြည့်ပါမင်း' ဟုပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်ရင်ကြယ်က ဟက်ခနဲ ရယ်လိုက်သည်။

'လွတ်လမ်း မရှိသေးဘဲ သေတွင်းထဲ ဝင်တိုးတဲ့လူ လောကမှာ မရှိပါဘူး ဟူဝန်ဟူ၊ အခွင့်သင့်ရင်တော့ စမ်းကြည့်မိမှာ အမှန်ပဲ. . . ဟဲဟဲ'

'စမ်းပါ စမ်းပါ၊ ခင်ဗျား စိတ်ကြိုက်စမ်းသပ်နိုင်ပါတယ်'

ဟူဝန်ဟူသည် အေးစက်စက်ပြောရင်း ရင်ခုန်ဖန်း ခေါ် ချန်ယီကွမ့်ကို လှမ်းပြောပြန်သည်။

'ချန်၊ ကျုပ်တို့ ခရီးဆက်ကြမယ်၊ လိုအပ်တာတွေ အသင့်ပြင်လိုက်ပါ'

ချန်ယီကွမ့်က 'ဟုတ်ကဲ့'ဟု ဆိုပြီး ရပ်နေရာမှ လှည့်ထွက်သွားသည်။ မင်က. . .

'ခင်ဗျားတို့က ဒီအဆောက်အအုံကြီးကို ဘယ်လိုလုပ်ထားခဲ့ကြမှာလဲ'

ဟူဝန်ဟူက. . .

'မလိုအပ်တာတွေဗျာ၊ လူတွေဟာ မွေးကတည်းက ဘာမှ ပါလာကြတဲ့လူတွေ မဟုတ်ပါဘူး၊ သေတော့လည်း အားလုံးကို စွန့်လွှတ်ခဲ့ကြရတာချည်းပါပဲ၊ ဘာများ မက်မောစရာရှိလို့လဲ ဒီအတိုင်းပစ်သွားရုံပေါ့'

'ဒီလိုဆိုတော့လဲ ခင်ဗျားတို့မှာ မက်မောမှုဆိုလို့ ဘာမှ မရှိသလိုပဲ၊ လေးစားပါတယ်ဗျာ၊ လေးစားပါတယ်'

'အလကား ချီးမွမ်းခန်း ဖွင့်မနေစမ်းပါနဲ့ဗျာ၊ ကဲ. . . ကြွပါ'



ကြွပါ'

'ကောင်းပါပြီ ဟူဝန်ဟူ'

မင်ရင်ကြယ်သည် ပြောပြောဆိုဆို ရှေ့ကိုတိုးသွားသည်။ ထိုစဉ် မိန်လိန်ကျင်းက သူ့ရှေ့ကို ဖျတ်ခနဲ ရောက်လာသည်။

'ကျွန်မနောက်က လိုက်ခဲ့ပါ မင်'

ပြောရင်း မင်ရင်ကြယ်၏လက်ကို သူမ၏ လက်ဖဝါး နုနုလေးနှင့် လှမ်းဆုပ်လိုက်သည်။

မင်ရင်ကြယ်က တွန့်ဆုတ်တွန့်ဆုတ် လုပ်ပစ်လိုက်ပြီး. . .

'ကျုပ်တို့ လက်ချင်းတွဲပြီးသွားဖို့ မသင့်ပါဘူး မိန်၊ ယောကျ်ားနဲ့မိန်းမဆိုတာ. . .'

'ဟင်းဟင်း. . . ကောက်ညှင်းက မစေး ဆန်ကြမ်းက စေးနေပြန်ပါပြီ၊ ကျွန်မဟာ သိုင်းလောကသားတစ်ယောက်ပါရှင်၊ ခုအချိန်ဟာ ယောကျ်ားရယ်၊ မိန်းမရယ် ခွဲခြားနေဖို့ မလိုပါဘူး၊ ခုလို တွဲပြီးသွားနေရင်း ရှင့်ကို ဝါးမစားပါဘူး၊ ကျွန်မတို့နှစ်ယောက် ခုလိုသွားနေရင် သဘောတူ ကြည်ဖြူသွားရင် ခွင့်မလွှတ်နိုင်သူ ရှိနေပါသေးတယ်'

မိန်လိန်ကျင်းသည် မူယာမာယာလုပ် ပြောနေရင်းက လီယွင်ဟုန်ကို လှမ်းကြည့်သည်။

ထိုနောက်. . .

'ဘာမှ မကျေမနပ် ဖြစ်မနေပါနဲ့ လီယွင်ဟုန်၊ ညည်းသူ့ကို

www.burmeseclassic.com

www.burmeseclassic.com



မေ့ပစ်လိုက်ပါ' ဟုပြောပြီး မင်းရင်ကြွယ့်လက်ကို ဆွဲကာ ခပ်တည်တည် လျှောက်ထွက်သွားတော့သည်။

ဟူဝန်ဟူသည် မိန်လိန်ကျင်း၏ အပြုအမူကို သဘောတွေ့သွားဟန်နှင့် တဟဲဟဲ ရယ်လိုက်သည်။

ထို့နောက်. . .

'သူရဲကောင်းမင်း၊ ခင်ဗျားရဲ့အပြုအမူဟာ တစ်ခြားလူတွေ မကျေနပ်စရာပဲဗျ' ဟု ခပ်ထေ့ထေ့ ပြောသည်။

မင်းရင်ကြွယ်က ခပ်ဆတ်ဆတ် ပြန်ပြောသည်။

'ကိစ္စမရှိပါဘူး ဟူဝန်ဟူ၊ ကျုပ်ဟာ မကြာခင် သေရမယ့်လူပါ၊ ချီးကျူးပါတယ်ဗျာ. . . ဟဲဟဲ'

မိန်လိန်ကျင်းကလည်း ဟူဝန်ဟူ နည်းတူ တခစ်ခစ် လိုက်ရယ်သည်။

သူတို့သည် ထေ့လိုက်ငေါ့လိုက် လျှောက်လာရာမှ ခြံဝင်းတံခါးပေါက်ဝသို့ ရောက်ရှိလာကြသည်။

တံခါးမကြီးအနီးတွင် မြင်းရထားတစ်စီး အသင့်ရှိနေသည်။

ချန်ယီကွမ် (ရင်ခုန်ဖန်း) နှင့်အတူ သိုင်းသမား နှစ်ယောက် ရပ်နေကြသည်။

သူတို့သည် မြင်းရထားကို ဝိုင်းရံထားဟန်နှင့် စောင့်နေခြင်းဖြစ်သည်။

ဟူဝန်ဟူသည် မြင်းရထားအနီး ရောက်သည်နှင့်

---



'ကဲ. . . သူရဲကောင်းကြီးမင်းနဲ့ လုံမလေးလီတို့ မြင်းရထားပေါ် တက်ပါ' ဟု ပြောသည်။

မင်းရင်ကြွယ်နှင့် လီယွင်ဟုန်သည် ဘာစကားမျှ မပြောဘဲ ငြိမ်နေသည်။

ထိုစဉ် မိန်လိန်ကျင်းနှင့် ရှောင်ချင်းက လီယွင်ဟုန်ကို မြင်းရထားပေါ် ဆွဲတင်သည်။ မင်းရင်ကြွယ်လည်း ခပ်အေးအေးအမူအရာနှင့် မြင်းရထားပေါ် တက်လိုက်တော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇၆)

### စန်းရှန်းရိပ်သာမှာ

ဟူဝန်ဟူသည် လိုအပ်သူများ မြင်းရထားထဲ ရောက်သည်နှင့် ရှေ့ကိုလျှောက်လာပြီး ခုန်တက်လိုက်သည်။

မြင်းရထားသည် အတော်အသင့် ကျယ်ဝန်းသော မြင်းရထားပင်။

ရထားအိမ်ထဲတွင် လှပသော ကော်ဇောများ ခင်းထားသည်ကို တွေ့ရသည်။

မိန်လန်ကျင်းသည် မင်ရင်ကြယ်ဘေးတွင် ပူးကပ် ထိုင်နေရင်းက ရင်ခွင်ထဲ တိုးဝင်မလို ဖြစ်နေသည်။

သူမ၏ကိုယ်သင်းနံ့သည် မင်ရင်ကြယ်၏ နှာခေါင်းထဲသို့



တိုးဝင်နေသည်။

သူမ၏ အိဖြိုးနူးညံ့သော အထိအတွေ့သည် မင်ရင်ကြယ်ကို အသက်ရှူမှားစေနိုင်စွမ်း ရှိနေသည်။

သို့သော် မင်ရင်ကြယ်က ထိုအာရုံများကို ဖြတ်တောက်ပစ်လိုက်သည်။

ထို့နောက်. . .

'ကျုပ်သေသွားလို့ ခင်ဗျားတို့ ဘာများ အကျိုးရှိမှာမို့လဲ၊ ကျုပ်ရဲ့ သေခြင်းနဲ့ရှင်ခြင်းဟာ ခင်ဗျားတို့အတွက် ဘာမှ တန်ဖိုးရှိမှာ မဟုတ်ပါဘူး'

မိန်လန်ကျင်းသည် မင်ရင်ကြယ်ကို ဖျတ်ခနဲ စိုက်ကြည့်လိုက်သည်။

'ရှင် ဘာတွေ လျှောက်ပြောနေတာလဲမင်၊ ကျွန်မက ရှင့်ကို သေခိုင်းပါ့မလားရှင်၊ ရှင်ဟာ နှမြောစရာကောင်းတဲ့ လူတစ်ယောက်ပါ'

မင်ရင်ကြယ်သည် တစ်စုံတစ်ရာပြောခြင်း မရှိဘဲ မျက်မှောင်ကြုတ်သွားပြန်သည်။

လီယွင်ဟုန်သည် မိန်လန်ကျင်း၏ အမူအရာကို ရွံမုန်း စက်ဆုပ်လှသဖြင့် မျက်နှာကို တစ်ဘက်သို့ လွှဲထားလိုက်သည်။

ထိုစဉ် ဟူဝန်ဟူ၏ 'သွားမယ်' ဟူသော အသံထွက်ပေါ်လာသည်။

မကြာမီ မြင်းရထားကြီး လှုပ်ခါသွားပြီး မြင်းခွာသံများ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသည်။

ထို့နောက် မြင်းရထားအိမ်တံခါးမှ ယင်းလိပ်တာများ ပြုတ်ကျလာသဖြင့် မြင်းရထားအတွင်းတွင် မည်းမှောင်သွားသည်။

မြင်းရထားသည် တစတစနှင့် အရှိန်ကောင်းလာသည်။ ဤတွင် မင်းရင်ကြွယ်က စကားစလာသည်။

'ခင်ဗျားတို့ ကျုပ်တို့ကို ဘယ်ခေါ်သွားကြမလို့လဲ'

ဟူဝန်ဟူက. . .

'ကျုပ်တို့ အထက်က လူတွေဆီကိုပေါ့ဗျာ'

'ဒေသအမည်ကကောဗျာ'

'ရောက်တဲ့အခါကျရင် သိပါလိမ့်မယ်'

မင်းရင်ကြွယ်သည် စောဒကတက်ခြင်း မပြုတော့ချေ။ မြောက်စူးစူးကို သွားနေသည်ဟုကား သိမြင်နေသည်။

စဉ်းစားလိုက်သောအခါ တာ့ဟုန်စန်း ဒေသသို့ ဦးတည်နေကြောင်း သိသာလာသည်။

နေ့ဝက်ကြာအောင်မောင်းပြီးသောအခါ အရှေ့ဘက်သို့ ချိုးလာသည်။

နောက်နေ့ဝက်အချိန်မျှ ကြာသောအခါ အနောက်စူးစူးသို့ မောင်းနေပြန်သည်။

မင်းရင်ကြွယ် သတိပြုမိလာသည်။

မြင်းရထား၏ ဦးတည်ချက်သည် တည်ငြိမ်ခြင်း မရှိချေ။ မင်းရင်ကြွယ်နှစ်ကြိမ်မျှ မျက်လုံးမှိတ်ပြီး လိုက်လာခဲ့သည်။



မျက်စိဖွင့်လိုက်သောအခါ. . .

မိန်လန်ကျင်းကို ရင်ခွင်ထဲ၌အိပ်ပျော်နေကြောင်း တွေ့ရသည်။

မြင်းရထားမောင်းနေပုံသည် ခရီးထွက်စကလို မဟုတ်တော့ ဘဲ နှေးကွေးနေသည်။

မြင်းခွာသံသည် တစ်ချက်ချင်း ဖြစ်နေသည်။

သိပ်မကြာပါ။ ဆူဆူညံညံ လူသံများကို ကြားလာရသည်။

ရုတ်တရက် ချန်ယီကွမ့်အသံ ပေါ်လာသည်။

'မြင်းတွေ ပင်ပန်းနေပြီ သခင်ကြီးဟူ'

'အလျင်က မူလနေရာမှာပဲ နားမယ်'

ဟူဝန်ဟူ၏ အသံပါ ဆက်ပြီး ပေါ်လာသည်။

မြင်းရထား ကွေ့သွားသည်ကို သတိပြုမိသည်။

သိပ်မကြာပါ။ မြင်းရထား ရပ်သွားသည်။

'ရောက်ပါပြီ သခင်ကြီး ဟူ၊ ဆင်းနိုင်ပါပြီ'

ချန်ယီကွမ့်၏ အသံပင်ဖြစ်သည်။

ဟူဝန်ဟူသည် မိန်လန်ကျင်းကို လှမ်းကြည့်ပြီး. . .

'ခဏနေဦး ငါ ဆင်းကြည့်ဦးမယ်' ဟုပြောသည်။

ထို့နောက် ဟူဝန်ဟူသည် ယင်းလိပ်တံခါးကို မတင်ပြီး မြင်းရထားပေါ်မှ ခုန်ဆင်းသွားသည်။

ဟိုဟိုသည်သည် ကြည့်လိုက်သောအခါ မီးထွန်းချိန်ပင် ရောက်နေပြီဖြစ်ကြောင်း သတိပြုမိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေရာသည် မြို့လယ်တစ်နေရာဖြစ်သည်။

မြို့သည် အလွန်စည်ကားသော မြို့ဖြစ်သည်။ ယောက်ယက်ခတ်အောင် သွားလာနေကြသူများသည် ငှက်ပျံမကျအောင် ဟိုးဝှေ့နေကြသည်။

မင်ရင်ကြယ်သည် အနီးတွင် ရှိနေသော မိန်လန်ကျင်းကို တိုးတိုးလေး မေးလိုက်သည်။

'မိန်လန်ကျင်း ကျုပ်တို့ ဘယ်ကိုရောက်နေတာလဲ'

မိန်လန်ကျင်းက ချော့မြူသော အပြုံးကိုပြုံးရင်း. . .

'သူ့ရဲ့ကောင်းမင်က ကျွန်မဆီက အကူအညီကိုတောင်းခံနေရပြီကိုး'

မင်ရင်ကြယ်သည် သူမကို ဂရုစိုက်ခြင်း မရှိချေ။

'မပြောချင်လဲ နေ၊ အောက်ရောက်ရင် သိမှာပဲ'

'ဒီလိုဆိုရင်လဲ အောက်ရောက်တဲ့အထိစောင့်ပေါ့ရှင်၊ ဘာပြုလို့ လာမေးနေသေးလဲ'

မင်ရင်ကြယ်တုံ့ပြန်ရန် ပါးစပ်ဟလိုက်စဉ်မှာပင် အပြင်မှ စကားသံ ထွက်ပေါ်လာသည်။

'မိန်လန်ကျင်း ဆင်းနိုင်ပြီ'

မိန်လန်ကျင်းက တုံ့ပြန်သံမပေးဘဲ မင်ရင်ကြယ်ကိုသာ ပြုံးထေ့ထေ့ အမူအရာနှင့် လှမ်းပြောသည်။

'သူ့ရဲ့ကောင်းမင် ရှင်မြင်းရထားပေါ်က ဆင်းပြီးရင် သိပ်ကြောက်သွားလိမ့်မယ်ရှင့်'



မင်ရင်ကြယ်သည် ဘာမျှမပြောဘဲ ဘုကြည့် ကြည့်လိုက်သည်။

သို့နှင့် မြင်းရထားပေါ်မှ ဆင်းလာခဲ့ကြသည်။

မင်ရင်ကြယ်သည် မြေပေါ်ခြေချမိသည်နှင့် ရင်ထိတ်ခနဲ ဖြစ်သွားသည်။

ရောက်နေသည်မှာ မြို့ကြီးပြကြီး မဟုတ်။

မင်ရင်ကြယ်သည် မျက်မှောင်ကြုတ်ပြီး စဉ်းစားမိလိုက်ပြန်သည်။

သူတို့ ဤနေရာကို ဘာကြောင့် ခေါ်လာကြလေသနည်း။

အတန်ကြာမှ ရှေ့တွင်ရှိနေသော ဟိုတယ်ကြီးကို အကဲခတ်လိုက်မိသည်။

ဟိုတယ် နဖူးစီးတွင် ရွှေစာလုံးနှင့် ရေးထိုးထားသော ဆိုင်းဘုတ်ကြီးကို မြင်ရသည်။

ဆိုင်းဘုတ်ပေါ်မှ စာလုံးများကား 'စန်းရှန်း တည်းခိုရိပ်သာ'ဟူသတည်း။

တည်းခိုရိပ်သာသည် သုံးခန်းတွဲရိပ်သာပင်ဖြစ်သည်။

'လက်စသတ်တော့ စန်းရှန်း ဒေသကိုရောက်နေတာကိုး'

မင်ရင်ကြယ်သည် တိုးတိုးလေး ရေရွတ်လိုက်မိတော့သည်။

'သူ့ရဲ့ကောင်းမင်၊ ဘာဘေးနေတာလဲ၊ သွားလေ. . . သွား'

မိန်လန်ကျင်းက မင်ရင်ကြယ်ကို တွန်းပြီး ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံး တည်းခိုရိပ်သာ တံခါးဝသို့ရောက်လာသည်။

ဟူဝန်ဟူနှင့် ချန်ယိတွမ့်တို့သည် တံခါးဝတွင်ရပ် စောင့်နေကြသည်။

မင်းရင်ကြွယ်သည် တွန့်ဆုတ်ခြင်းမရှိဘဲ တစ်လှမ်းချင်း လှမ်းသွားသည်။

မိန်လန်ကျင်းနှင့် ရှောင်ချင်းက လီယွင်ဟုန်ကိုတွဲပြီး နောက်မှ တပ်လိုက်လာသည်။

ထိုစဉ် ဟူဝန်ဟူက မိန်လန်ကျင်းကို လှမ်းပြောသည်။

'မိန် အရှေ့ဆောင် မအားဘူး၊ သူများတွေ ငှားထားတယ်၊ အနောက်ဆောင်ပဲ ရတယ်'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့'

မိန့်လန်ကျင်းသည် ခေါင်းညိတ်ပြီး ကနွဲ့ကလျှဟန်နှင့် လျှောက်ဝင်သွားသည်။

ထိုစဉ် တိုက်ဆိုင်လွန်းလှစွာ လည်တံရှည်ရှည်နှင့် အကျီဖြူဝတ် လူတစ်ယောက်ကို တွေ့ရသည်။ မင်းရင်ကြွယ်သည် ထိုလူ မိမိကို မှတ်မိသွားမည် စိုးသဖြင့် မျက်နှာလွှဲပစ်လိုက်သည်။

စင်စစ်ထို လည်တံရှည်ရှည်နှင့် အကျီဖြူစာပေသမားသည် မိမိကို မှတ်မိခြင်းရှိပုံ မရချေ။

အကယ်၍ ထိုလူသည် မင်းရင်ကြွယ်ကို မှတ်မိပါက ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမည်မှာ အမှန်တည်း။

■



အခန်း (၇၇)

## ရှေ့တစ်လှမ်း နောက်တစ်လှမ်း

ထိုလူသည် ဝင်လာသူများကို လိုက်ကြည့်နေရာမှ ရှောင်ချင်း၊ လီယွင်ဟုန်တို့နှင့် အကြည့်ချင်း ဆုံသွားသည်။

ထိုစဉ် မျက်နှာချင်းဆိုင်တွင်ရှိသော အဆောက်အအုံထဲမှ လူတစ်ယောက် ထွက်လာသည်။

ထိုလူသည် ဟုတ်ကြည်ရိပ်သာမှလူပင်ဖြစ်သည်။

မင်းရင်ကြွယ်သည် ထူးခြားသောအခြေအနေကြောင့် ဟူဝန်ဟူကိုသာ ဂရုစိုက်နေတော့သည်။

ထို့ကြောင့် မျက်နှာချင်းဆိုင် လမ်းပေါ်သို့မူ ဂရုပြု

www.burmeseclassic.com

www.burmeseclassic.com



နိုင်ခြင်း မရှိတော့ချေ။

ဟူဝန်ဟူတို့သည် တဖြည်းဖြည်းနှင့် အနောက်ဘက်အဆောင်သို့ ရောက်ရှိလာကြသည်၊

ထိုအဆောင်သည် နှစ်ဆောင်ပြိုင် ဆောက်ထားသော အဆောက်အအုံ တစ်ခုပင်။

ထိုအဆောက်အဦ၏ မျက်နှာချင်းဆိုင်တွင် လေးခန်းတွဲ အဆောက်အဦတစ်ခုလည်း ရှိနေသည်၊

သူတို့ အဆောင်ထဲသို့ ဝင်မိချိန်တွင် စားပွဲထိုးတစ်ယောက်က လက်ဘက်ရည်ကြမ်း လာချသည်၊

ထို့နောက် အားလုံးကို အကဲခတ်ဟန်နှင့် လိုက်ကြည့်ပြီး ပြုံးပြုံးရယ်ရယ် လုပ်ပြသည်။

ထို့နောက်. . .

'ဩော်. . . ကြွရောက်လာကြတဲ့ ဧည့်သည်တော်တွေထဲမှာ ဟူလူမျိုး ပုဂ္ဂိုလ်အရာရှိ ပါပါသလားခင်ဗျာ' ဟုမေးသည်။

မမျှော်လင့်သောအမေးကြောင့် ဟူဝန်ဟူ မျက်နှာပျက်သွားသည်။

သို့သော် ချက်ချင်း ဣန္ဒြေဆည်လိုက်ပြီး ဖျာဖျာသထဲ ပြန်ပြောသည်၊

'ကျုပ်ပဲ၊ ဘာကိစ္စရှိလို့လဲ'

စားပွဲထိုးသည် ခါးညွှတ်ပြီး ရိုသေလေးစားဟန် ပြလာသည်၊

'စောစောက လူတစ်ယောက်က စာ ပေးသွားလို့ပါ'

ဟူဝန်ဟူသည် သံသယမကင်းဟန်နှင့် မျက်မှောင်ကြုတ်ပြီး စာကိုဖွင့်ဖတ်သည်၊

ထို့နောက် စာရွက်ကို လုံးထွေးချေမွပြီး လွှင့်ပစ်လိုက်သည်။

'စားပွဲထိုး၊ ငွေကိုင်ကြီးကို ပြောလိုက်ပါ၊ ကျုပ်တို့မှာ အရေးကြီးကိစ္စတစ်ခု ရှိနေလို့ ခုပဲ ထွက်သွားကြပြီလို့'

ဟူဝန်ဟူသည် ပြောပြောဆိုဆိုနှင့် ထိုင်ရာမှ ထလိုက်သည်၊ ထို့နောက် သူ့လူများကို. . .

'ကဲ. . . သွားမယ်' ဟုပြောသည်၊

စားပွဲထိုးသည် ဘာကြောင့်ရယ်မသိ၊ အသားဆတ်ဆတ်တုန်အောင် တုန်လှုပ်နေတော့သည်။

ထို့နောက်. . .

'ဟုတ်ကဲ့ခင်ဗျ' ဟုဆိုပြီး နေရာမှ ထွက်သွားသည်၊

ချန်ယီကွမ့်သည် အလောတကြီးဖြစ်နေသည့် ဟူဝန်တူကို ကြည့်ပြီး နားမလည်ဟန်နှင့် မေးသည်။

'ဘာဖြစ်လို့လဲသခင်ကြီး ဟူ'

'ဘာမှ မဖြစ်ပါဘူး ချန်၊ ကျုပ်တို့ မှားပြီး ဝင်မိလို့ပါ၊ အရှေ့ဘက်ကအဆောင်မှာ သိုင်းသမားတွေ တင်းကြမ်းပြည့်နေတယ်'

ထိုစဉ် မိန်လန်ကျင်းက ဝင်ပြောသည်။

'ဒါများ အဆန်းလုပ်လို့ရှင်၊ သိုင်းလောကသားတွေ



www.burmeseclassic.com

www.burmeseclassic.com



ခြေချရာမှာ သိုင်းသမားတွေ ပြည့်နေတာ ဘာဆန်းလို့လဲရှင် မြင်းရထားပေါ်မှာချည်း ထိုင်နေရတာ ဘယ်လောက်ပျင်းစရာ ကောင်းသလဲ၊ ရုတ်တရက်ကြီး ပြန်ထွက်ရမယ်ဆိုတော့. . .'

ဟူဝန်ဟူ မကျေမနပ် ဖြစ်လာသည်။

'မိန်က သူတို့ကို ဘယ်သူတွေ မှတ်လို့လဲ၊ ဟိုလူကို ဘယ်သူက ခိုင်းလိုက်တယ်ဆိုတာ သိလို့လား'

မိန်လန်ကျင်းသည် စကားမျှပြန်မပြောနိုင်ဘဲ မျက်နှာပျက် သွားတော့သည်။

'အဲဒီစာက သခင်ကြီးဟူ. . .'

ချန်ယီကွမ့်သည် စကားဆုံးအောင် မပြောဘဲ ရပ်ပစ် လိုက်သည်။

ဟူဝန်ဟူ ဒေါသ ပိုထွက်လာသည်။

'မေးဖို့လိုသေးလို့လားကွ၊ မင်းတို့ တော်တော်လျှာရှည် တယ်'

ထို့နောက်. . .

'ဒါဖြင့် သွားကြမယ် သခင်ကြီးဟူ'

'အေးအေး၊ ခုနက ဆင်ရဲသားဟန်ဆောင်ထားတဲ့လူက ကျုပ်ကို သတိထားကြည့်သွားတယ်၊ ဒီတော့ ကျုပ်နောက်ကျနေလို့ မဖြစ်ဘူး၊ နောက်ကျသွားရင် သွားမရ လာမရ ဖြစ်နေမယ်'

ဟူဝန်ဟူသည် ချန်ယီကွမ့်ကို ရှင်းပြရင်း မင်ရင်ကြယ်တို့ လှမ်းပြောသည်။



'မင် ဟိုလူနဲ့ ခင်ဗျား သိကြတယ် မဟုတ်လား၊ ဒါကို ဘာဖြစ်လို့ မပြောတာလဲ'

ဟူဝန်ဟူ၏ အပြစ်တင်စကားကြောင့် မင်ရင်ကြယ်သည် တွေတွေကြီး လုပ်နေသည်။

အတန်ကြာမှ. . .

'ခင်ဗျား ဘယ်သူ့ကို ပြောနေတာလဲ၊ ကျုပ်ဘယ်သူ့ကိုမှ မမြင်မိဘူးဗျ'

'ဟဲဟဲ. . . တကယ်မြင်မမြင် ခင်ဗျား အသိဆုံးပါဗျာ၊ တန်ဆောင်မနေစမ်းပါနဲ့'

မင်ရင်ကြယ်သည် ဘာစကားမျှ ထပ်မပြောတော့ဘဲ သူ့လူများကိုသာ မျက်ရိပ်ပြပြီး အပြင်သို့ လျှောက်လာသည်။ တံခါးဝတစ်ခုသို့ရောက်သောအခါ သူတို့အားလုံး အလိုလို ရပ်တန့် သွားကြပြန်သည်။

မင်ရင်ကြယ်သည် အခြေအနေကို သဲသဲကွဲကွဲ မြင် တွေ့နေရသည်။ အနောက်ဆောင်ရှိရာသို့ လူလေးယောက် လျှောက်လာနေခြင်းပင်။

သူတို့သည် စီးမင်ရှန်း၊ ချန်ချင်းယင်းနှင့် ခရမ်းရောင် ဝတ်စုံဝတ် နယ်လှည့်စစ်ရေးမှူးနှစ်ဦးပင်ဖြစ်သည်။

ချန်ယီကွမ့်သည် ထိုလူများ ဝင်လာသည်နှင့် ခေါင်းငုံ့ပြီး နောက်ဆုတ်ပေးလိုက်သည်။

မရှောင်၍မဖြစ်၊ စီးမင်ရှန်းသည် ရင်ခုန်ဖမ်း (ခေါ်)

www.burmeseclassic.com

www.burmeseclassic.com



ချန်ယီကွမ့်ကို သိရှိထားသူပင်။

စီးမင်ရှန်းသည် နောက်ဆုတ်ရှောင်ပေးနေသည့် ရင်ခုန်ဖန်း ချန်ယီတွမ့်ကို ကွက်ခနဲ ကြည့်လိုက်ပြီး ချန်ချွန်ယင်းတို့နှင့် အတူ ရှေ့သို့ တိုးမြဲတိုးလာသည်။

ထို့နောက်. . .

■



## အခန်း (၇၈)

## ထိပ်တိုက်ရန်သူ

'ဘယ်လိုလဲ ဆရာကြီးတို့၊ ခုပဲရောက်ပြီး ခုပဲ ထွက်ခွာကြတော့မှာလားရှင့်' ဟုမေးတော့သည်။

ဟူဝန်ဟူသည် အတွေ့အကြုံ ရင့်ကျက်နေသူဖြစ်သည့်အတိုင်း ကျွန်ရေရှရပြန်ပြောသည်။

'မဟုတ်ပါဘူး မိန်းကလေးရဲ့၊ တစ်လမ်းလုံး ဘာမှ မစားရသေးလို့ ထမင်းသွားစားကြမလို့ပါ၊ မိန်းကလေးတို့ကကော'

'ကျွန်မတို့က အရှေ့ဆောင်မှာ တည်းနေကြတဲ့ ဧည့်သည်တွေပါ၊ ဆရာကြီးတို့နဲ့ ကျွန်မမိတ်ဆွေ အမျိုးသမီးတစ်ယောက် ပါလာသလားလို့ လာကြည့်တာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဩော်. . . ဩော်. . . မိန်းကလေး လွဲမှားနေတယ်ထင်တယ်၊ ကျုပ်တို့လူစုထဲမှာ မိန်းကလေးနဲ့ သိကျွမ်းသူတစ်ယောက်မှ မပါပါဘူး'

'ဆရာကြီးတို့ မိသားစုချည်းပဲလား'

'ဟုတ်ပါတယ် ဟုတ်ပါတယ် ကျုပ်တို့မိသားစုချည်းပါ'

ဟူဝန်ဟူ၏ မင်သေသေစကားကြောင့် စီးမင်ရှန်း ရယ်မောနေတော့သည်။

'ဟုတ်ရဲ့လား ဆရာကြီးရဲ့၊ ကျွန်မအထင်တော့ ဆရာကြီးတို့ မိသားစုတွေချည်း ဟုတ်မယ်မထင်ပါဘူး'

ဟူဝန်ဟူသည် ဘာမျှ မပြောနိုင်ဘဲ မျက်နှာပျက်သွားတော့သည်။

သို့သော် ချက်ချင်း ဣန္ဒြေဆည်လိုက်ပြီး. . .

'ဒါကြောင့် မိန်းကလေး လွဲမှားနေပြီလို့ ပြောတာပေါ့ကွယ်'

'ဟင်းဟင်း. . . ငြင်းမနေပါနဲ့ရှင်၊ တကယ်ရိုးသားရင် ကျွန်မကို ကြည့်ခွင့်ပြုပါလား'

ဟူဝန်ဟူသည် မည်သို့မျှ စကားမပြန်ဘဲ မျက်မှောင်ကြုတ်သွားလေတော့သည်။

ထိုစဉ် ချန်ချွန်းယင်းက ရုတ်တရက် ဝင်ပြောသည်။

'မိတ်ဆွေတို့ကလဲဗျာ အပေါက်ဝမှာပိတ်ပြီး ရပ်နေကြတော့ ကျုပ်တို့က အထဲကို ဘယ်လို ဝင်ကြရမှာလဲ၊ ဘာလဲ ခင်ဗျားတို့က ခင်ဗျားတို့နောက်ကလူတွေကို အမြင်မခံဝံ့လို့လား'





ချန်ချွန်းယင်း၏အမေးကြောင့် ဟူဝန်ဟူ အပြောရအဆိုရ ကြပ်သွားသည်။

ထို့နောက် ချောင်းဟန့်ပြီး. . .

'အဟမ်း. . . ဟမ်း. . . အမှန်အတိုင်းပြောရရင် ကျုပ်တို့ မိသားစုတွေပါဗျ'

'ဒါကတော့ မျက်နှာကိုမြင်မှ သေချာမယ့်ကိစ္စပါရှင်၊ ရှင်တို့ပြောတဲ့ အမှန်အတိုင်းဆိုတာ ယုံရတာမှ မဟုတ်ပဲ'

'မိန်းကလေးက ဖွတ်တရွတ်နိုင်လှချည်လားဗျာ'

'ကျွန်မက ဆရာကြီးတို့ကို ဂါရဝတရား ရှေ့ထားပြီး လာခဲ့တာပါရှင်'

'အိုး. . . ကျုပ်တို့နဲ့ မိန်းကလေးတို့ဟာ ဘာမှ ပတ်သက်ကြတာမှ မဟုတ်ပဲ'

'ဒီလိုဆိုရင် လမ်းဖယ်ပေးလေ၊ ကျွန်မတို့ အထဲကိုဝင်မယ်'

'ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ၊ မိန်းကလေးမှာ ဒီလိုလုပ်ခွင့် မရှိပါဘူး'

'ကျွန်မက လိုအပ်မှုကို အေးအေးဆေးဆေး တောင်းဆိုနေတာပါ၊ ကောင်းကောင်းမွန်မွန် လမ်းမဖယ်ပေးရင်တော့ ဖွတ်ဝင်ရမှာပဲ'

စီးမင်ရှန်း၏အသံသည် သိသိသာသာမာကျောလာသည်။ ဟူဝန်ဟူလည်း မျက်နှာကြော တင်းလာလေပြီ။

'ဒီလို ဖွတ်လုပ်လို့ ရမလား မိန်းကလေးရဲ့၊ ဒီဒေသဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ်ရဲ့ အာဏာအောက်က ဒေသပါ'

ချန်ချွန်ယင်းက ဟူဝန်ဟူတို့ကြည့်ပြီး မဲ့ပစ်လိုက်သည်။

'အေးအေးဆေးဆေး တောင်းဆိုနေတာကို အေးအေးဆေးဆေး လိုက်လျောလိုက်ပါ မိတ်ဆွေ၊ ပြဿနာဖြစ်ရင် အားလုံး ဤကွန်မြွမဲ့ကုန်ပါလိမ့်မယ်'

ဟူဝန်ဟူသည် ဒေါသထွက်လာပြီ ဖြစ်သဖြင့် စကား တစ်လုံးမျှ မပြောတော့ချေ။

စီးမင်ရှန်း၏မျက်လုံးအစုံသည် သိသိသာသာကြီး ဝင်း လက်တောက်ပြောင်လာသည်။

ရောက်ရှိနေသောနေရာမှ ပတ်ဝန်းကျင်တစ်ခုလုံးကို လှည့်ပတ်ကြည့်ရှုလိုက်သည်။

ထို့နောက် သူ၏တင်းမာသော အမူအရာသည် သိသိသာ သာကြီး ပြောင်းလဲသွားသည်။

'ကောင်းပါပြီရှင်၊ တွေ့ခွင့် မပေးချင်လဲ နေပါ။ ဒါပေမယ့် ကျွန်မ တောင်းဆိုချင်တာကိုတော့ ပြောပါဦးမယ်၊ ဖေးယွင်ရဲတိုက်က လီယွင်ဟုန်ကို ထားပစ်ခဲ့ပါ။ ကျွန်မတို့ တောင်းဆိုတာကို လိုက်လျောရင် ရှင်တို့ကို ဒီက အေးအေးဆေးဆေး ထွက်ခွာခွင့် ပြုလိုက်မယ်၊ ဒီလိုမှ မဟုတ်ရင်တော့. . .'

စီးမင်ရှန်းက စကားကို တစ်ဝက်တစ်ပျက် ဖြတ်ထား လိုက်၏။

ဟူဝန်ဟူ အလွန်ထိတ်လန့် တုန်လှုပ်သွားသည်။



'ဒါ ဒါ ကျုပ်တို့ မိသားစုတွေချည်းပါ မိန်းကလေး။ မိန်းကလေး လူမှားနေတာပါ'

စီးမင်ရှန်းသည် ဒေါသကြောင့် အသားများပင် တုန်လာ သည်။

ဖြူသောမျက်နှာသည် ဒေါသသွေးကြောင့် အနီရောင် လွှမ်းလာသည်။

'တိုတိုနဲ့လိုရင်းကို ပြောရရင် ရှင့်သဘောပဲ၊ ပြဿနာကို အေးအေးဆေးဆေး ဖြေရှင်းနိုင်လျက်သားနဲ့ မဖြေရှင်းဘဲနေ တာကတော့ ရှင့် ဆုံးဖြတ်ချက်ပါ'

ဟူဝန်ဟူသည် ဖုံးကွယ်ခြင်းငှာ မတတ်စွမ်းနိုင်တော့သဖြင့် ဝန်ခံခြင်း ပြုတော့သည်။

'ကျုပ်နောက်မှာ ဖေးယွင်ရဲတိုက်က လုံမလေး လီယွင်ဟုန် ရှိနေတာ အမှန်ပါပဲ၊ ခင်ဗျားတို့ ထန်းရှန်းဂိုဏ်းနဲ့ ဘယ်လိုများပတ် သက်နေသလဲဆိုတာသာ ပြောပါ'

'ဒါက ကျွန်မတို့ကိစ္စပါရှင်၊ ရှင်သိဖို့ မလိုပါဘူး'

ဟူဝန်ဟူသည် မထီလေးစားဟန်နှင့် တဟဲဟဲ ရယ်တော့ သည်။

'ဟဲဟဲ. . . မကြာခင်ကပဲ ခင်ဗျားတို့တွေ ထုံထိန်ရေကန် ကြီးက ကျွင်းစန်းတောင်ခြေမှာ လီချန်းလူကို ဖမ်းခဲ့တယ် မဟုတ်လား မိန်းကလေး'

'ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်သလဲ'

www.burmeseclassic.com



'ဟဲဟဲ. . . ခင်ဗျားက တော်တော်အပြောကောင်းတယ်ဟုတ်လား၊ ခင်ဗျားတို့က ဝန်ရင်မော်ကိုလဲ ဖမ်းတယ်၊ လီချန်းလူကိုလဲ ဖမ်းတယ်၊ အခုလဲ လုံမလေး လီယွင်ဟုန်ကို လိုချင်ပြန်ပြီ ခင်ဗျားတို့လုပ်ပုံက မလွန်လွန်းဘူးလား မိန်းကလေး'

စီးမင်ရှန်းသည် ဘာမျှ ပြန်မပြောဘဲ ဟူဝန်ဟူကို စိမ်းစိမ်းကြီး စိုက်ကြည့်လိုက်သည်။

ဟူဝန်ဟူက ဟက်ခနဲ ရယ်ပြီးဆက်ပြောသည်။

'မိန်းကလေးတို့က လီယွင်ဟုန်ကို အလိုရှိနေကြတာတိုး ဒီလိုဆိုရင်လဲ အပေးအယူ လုပ်လိုက်ရင် ဖြစ်ပါတယ်ဗျာ'

'ဘယ်လို အပေးအယူလဲ'

စီးမင်ရှန်းက ခပ်ဆတ်ဆတ် ပြန်မေးသည်။

ဟူဝန်ဟူက. . .

'ဒီလိုပါ ခင်ဗျားတို့လက်ထဲမှာရှိနေတဲ့ ဒုတိယမြောက် ဝန်ရင်မော်အတုနဲ့ လီယွင်ဟုန်ကို အလဲအလှယ်လုပ်ပါ၊ ဘယ့်နှယ်လဲ'

စီးမင်ရှန်း၏ မျက်ခုံးနှစ်ဘက်သည် အလိုလျောက်မြင့်တက်သွားတော့သည်။

'ရှင်က ဘာလုပ်ဦးမလို့လဲ'

'ဒါက ကျုပ်ကိစ္စပါ မိန်းကလေး သိဖို့မလိုပါဘူး'

စီးမင်ရှန်းသည် ဒေါသထောင်းခနဲ ထွက်လာပြန်သည်။

ထိုစဉ် ချန်ချွန်းယင်းက ကြားဖြတ်ဝင်ပြောသည်၊



'နေပါဦး၊ ခင်ဗျာက ဘယ်ဂိုဏ်းကလဲ၊ နာမည်က ဘယ်သူလဲ၊ ဘယ်သိုင်းဒေသက သိုင်းပညာရှင်လဲ'

'ကျုပ်က အညတရ သိုင်းသမားပါ၊ ခင်ဗျားလို လက်ရှစ်ဘက်နတ်ဆိုးလို့ ကျော်ကြားနေတဲ့လူနဲ့တော့ နှိုင်းယှဉ်လို့ မရသေးပါဘူး'

'ဟဲဟဲ. . . ခင်ဗျားက ကျုပ်တို့ သိနေတာကိုး'

'မဆန်းပါဘူး၊ လက်ရှစ်ဘက်နတ်ဆိုးဆိုတာ တစ်ချိန်တုန်းက သိုင်းလောကကို သိမ့်သိမ့်တုန်အောင် လှုပ်ခါနိုင်ခဲ့တဲ့လူပဲ၊ ဘယ်မသိပဲ ရှိပါ့မလဲ၊ ခုလဲ ထန်းရှန်းဂိုဏ်းက နယ်လှည့်စစ်ဆေးရေးမှူးချုပ် ဖြစ်နေတယ်ဆိုတာကိုပါ သိထားပါတယ်၊ ခင်ဗျားဟာ မသိသူ မရှိသလောက် ကျော်ကြားနေတဲ့ လူတစ်ယောက်ပါ'

ဟူဝန်ဟူ စကားကြောင့် ချန်ချွန်းယင်း ပြုံးသွားသည်။

ဟူဝန်ဟူသည် နှံ့စပ်သူတစ်ယောက်ပင်တည်း။

ခေတော့ ခေမည်မဟုတ်ချေ။

ချန်ချွန်းယင်းသည် အခြေအနေကို အကဲခတ်ပြီးသည်နှင့်

'ကျုပ်ကို သိတယ်ဆိုရင် အကောင်းဆုံးပဲ မိတ်ဆွေ၊ ဒီတော့ လုံမလေး လီယွင်ဟုန်ကို ထားခဲ့ပါ၊ ခုချိန်မှာ တိုက်ခိုက်မှု မဖြစ်ကြတာ အကောင်းဆုံးပဲ'

ဟူဝန်ဟူ ပခုံးနှစ်ဘက်တွန့်ပြီး ရယ်ပြသည်။

'ခင်ဗျားတို့က အကြမ်းဖက်ကြတော့မှာလား'

www.burmeseclassic.com

www.burmeseclassic.com



'အခြေအနေကို မှန်မှန်ကန်ကန် သဘောပေါက်တာ အကောင်းဆုံးပဲဗျ'

'ဟဲဟဲ. . . ပြောသလိုသာ ဖြစ်ကြစတမ်းဆိုရင် လောကကြီး ပြောင်းပြန်ဖြစ်သွားမှာပေါ့ဗျာ၊ ဟဲဟဲ. . . ပွင့်ပွင့်လင်းလင်း ပြောရရင် ကျုပ်တို့က လုံမလေး လီယွင်ဟုန်ကို သေလောက်တဲ့ သွေးကြောတွေကိုချည်း ရွေးပြီး ပိတ်ခေါ်ခဲ့တာဗျ၊ ဒီတော့ သူ့ကို အသက်ရှင်လျက် လိုချင်ရင် ဝန်ရင်မော်အတု ဒုတိယလူနဲ့ လဲမှသာ ဖြစ်လိမ့်မယ်၊ ခင်ဗျားတို့ အကြမ်းဖက်လို့တော့ ဘာမှ ရမှာမဟုတ်ဘူး၊ အကောင်းထက် အဆိုးသာ အဖတ်တင်လိမ့်မယ်'

'ခင်ဗျားတို့က လုံမလေး လီယွင်ဟုန်ကို တကယ်သတ်ကြမှာလား'

ချန်ချွန်းယင်းက မျက်လုံးပြူးပြီး မေးသည်။

ဟူဝန်ဟူက အေးစက်စက် ဖြေသည်။

'ဟုတ်တယ် လိုအပ်ရင် သတ်ရမယ်၊ ဒါပေမယ့် အဝေး အယူ တည့်ရင် မုံ့တစ်ပေါက် မစွန်းစေရဘူး'

'ကောင်းပြီ၊ ခင်ဗျားတို့ ဒီလိုခေါင်းမာနေရင် ဒီညတော့ ခင်ဗျားတို့အားလုံး သေရမယ့်ညပဲ'

'သိပ်လည်း ကြိမ်းဝါးမနေပါနဲ့လေ၊ ကျုပ်တို့နောက်မှာ လူတစ်ယောက် ရှိနေပါသေးတယ်၊ သူက လီယွင်ဟုန်ကို ထိရှင် ခေါင်းငုံ့နေမှာ မဟုတ်ဘူး'

'ဘယ်သူမို့လို့လဲဗျ၊ တဆိတ် သိပါရစေလား'



'သူ့ရဲကောင်းကြီးမင်ရင်ကြွယ်ပါ၊ ခင်ဗျား သူ့ကို သိမှာပါ'

'ဘာ. . . သူ့ရဲကောင်းမင် ဟုတ်လား၊ သူက ခုဘယ်မှာလဲ'

ချန်ချွန်းယင်းက တအံ့တဩ မေးတော့သည်။

'ဟုတ်တယ် သူ့ရဲကောင်းမင်ပဲ၊ သူ ကျုပ်နောက်က အခန်းထဲမှာ ရှိနေပါတယ်'

'ကျုပ် မယုံဘူး'

ချန်ချွန်းယင်းသည် စိတ်လှုပ်ရှားစွာနှင့် ရှေ့ကိုတစ်လှမ်းတိုးသွားသည်။

'အေးအေးဆေးဆေးနေပါ မိတ်ဆွေ၊ ဇွတ်မလုပ်ချင်စမ်းပါနဲ့'

ဟူဝန်ဟူက ချန်ချွန်းယင်းကို ခပ်အေးအေး တားမြစ်သည်။

ထို့နောက် စီးမင်ရှန်းကို လှမ်းကြည့်ပြီး. . .

'မိန်းကလေး၊ ခင်ဗျားရဲ့သဘောထားကို ပြောပါ'

'ရှင်ပြောတာကို ကျွန်မ မယုံသေးဘူး'

'မယုံရင် ယုံအောင် ပြပါ့မယ်ဗျာ၊ သေသေချာချာသာ ကြည့်ကြပါ'

ဟူဝန်ဟူကို ပြောပြောဆိုဆို ဘေးသို့အနည်းငယ် ဖယ်ပေးသည်။

စီးမင်ရှန်းနှင့် ချန်ချွန်းယင်းသည် ဟူဝန်ဟူ ပြောသည့်အတိုင်း ဟုတ်မဟုတ် စိတ်ဇောကြီးစွာ လှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သူရဲကောင်းမင် ရှေ့ကို နည်းနည်းတိုးခဲ့ပါ'

ဟုဝန်ဟူ၏ အသံအဆုံးမှာပင် မင်ရင်ကြွယ်ကို တွေ့ရတော့သည်။

■



## အခန်း (၇၉)

## တန်ဖိုးမဲ့သူ ဘယ်သူ

မင်ရင်ကြွယ်သည် မျက်မှောင်ကြုတ်ပြီး ငြိမ်သက်နေဆဲရှိသည်။

မိန်လန်ကျင်းသည် မင်ရင်ကြွယ်၏ လက်တစ်ဘက်ကို ဆွဲကိုင်ပြီး အလွန်ကြင်နာယုယသည့် ဟန်မူရာများ ပြသနေသည်။

စီးမင်ရှန်းကော ချန်ချွန်ယင်းပါ မင်ရင်ကြွယ်ကိုကြည့်ကြီး အလွန်အံ့အားသင့်နေကြသည်။

အတန်ကြာမှ စီးမင်ရှန်းသည် မလေးမခန့်ဟန်နှင့် လှမ်းမေးသည်။

'ရှင်ဟာ သူရဲကောင်းမင် အမှန်ပဲလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် စီးမင်ရှုန်း ကျုပ် မင်ရင်ကြယ်ပါ'

စီးမင်ရှုန်းသည် မမျှော်လင့်သောစကားကြောင့် ရင်တဒိန်းဒိန်း ခုန်လာတော့သည်။

ချန်ချွန်းယင်းသည် အရုပ်တစ်ရုပ်လို ငိုင်ငိုင်ကြီး ဖြစ်နေ၏။

မင်ရင်ကြယ်ကို ကြည့်ပြီး လွှတ်ခနဲ မေးလိုက်သည်။

'ဘာကြောင့် ခုလိုဖြစ်နေတာလဲ မင်'

'ဟဲဟဲ. . . ကျုပ် တိုက်ကျွေးတဲ့ လက်ဘက်ရည်ကြမ်းကို သောက်ခဲ့လို့ပေါ့ဗျာ'

ဟွာဝန်ဟူက အောင်နိုင်သူ၏အသံနှင့် ခပ်သောသော ဝင်ဖြေသည်။ ချန်ချွန်းယင်းက တုန်ခနဲ ဖြစ်သွားပြီး ဒေါသ ထောင်းခနဲ ထွက်လာသည်။

'ခင်ဗျား အဆိပ်ခတ်ခဲ့တယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ ခင်ဗျား အခုလို အမြင်ထူး ရနေတာကို အများကြီး လေးစားပါတယ်'

ချန်ချွန်းယင်းသည် ဟွာဝန်ဟူကို သတ်ဖြတ်ပစ်ချင်စိတ်များ တဖွားဖွား ပေါ်ပေါက်လာသည်။

စီးမင်ရှုန်း၏ ဖြူနုသောမျက်နှာသည် သွေးရောင်သမ်းလာချေပြီ။

မင်ရင်ကြယ်သည် အခြေအနေ ဆိုးရွားလာမည်ကို ရိပ်မိနေသဖြင့် စကားစ ရှာရတော့သည်။ ထိုစဉ် ချန်ချွန်းယင်းက



ခပ်မာမာ လှမ်းမေးပြန်သည်။

'နေပါဦး ခင်ဗျားက ဘယ်သူလဲ၊ ဘာဖြစ်လို့ ဒီလို လုပ်ခဲ့ရတာလဲ'

မင်ရင်ကြယ်က ကြားဖြတ်ပြီး ဖြေသည်။

'သူ့နာမည်က ဟွာဝန်ဟူ၊ ယန်ကျိုးက ထိပ်တန်းဟိုတယ် ပိုင်ရှင် ရင်ခုန်ဖန်း လို့ခေါ်တဲ့ ချန်ယီကွမ့်ရဲ့ဆရာဆိုရင် မမှားဘူး။ ဝန်ရင်မော် အဆိပ်ခတ်ခံရတဲ့ကိစ္စနဲ့ နောက်ပိုင်း အရှုပ်အထွေးရဲ့ တရားခံဟာ သူတို့လူစုပဲ၊ အဓိက တရားခံက သူတို့အထက်တလူ တစ်ယောက်ပဲ'

'ဩော်. . . ဩော်. . . သူတို့က တေးသည်မ မန်မန်ရဲ့ ဒေါက်တိုင်တွေကိုး၊ ဟင်းဟင်း'

စီးမင်ရှုန်းက ခနဲ့သံနှင့် ဝင်ပြောလာသည်။

မိန်လန်ကျင်းက အမြင်ကပ်စရာကောင်းသော အမူအရာနှင့် မချိုမချဉ် ပြုံးပြသည်။

'ပြောပါ စီးမင်၊ ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းပြောပါ'

'ခုလို တွေ့ရတာကို ကျွန်မ အံ့သြမိပါတယ်၊ ကျွန်မက ရင်ခုန်ဖန်းကော ရှင်ပါ သေပြီလို့ ကြားထားလို့ပါ'

'ရှင်တို့ သေစေချင်တဲ့ ကျွန်မတို့ဟာ အင်မတန် သက်ဆိုးရှည်တဲ့လူတွေပါ၊ ကျွန်မတို့က သေရာက ရှင်နိုင်စွမ်းရှိတဲ့ သူတွေပါရှင်၊ ဟင်းဟင်း. . ဘာလဲ ရှင်က ကျွန်မ ခုလို ရှင်နေတာကို မတွေ့ချင်ဘူးလား ၊ကျွန်မ မရှိလဲ ရည်းစားလုဘက်တွေဟာ အပြိုင်ရှိ

www.burmeseclassic.com

www.burmeseclassic.com

နေမှာပါရှင် . . . ဟင်းဟင်း'

စီးမင်ရှန်းသည် အရှက်ကင်းမဲ့လှသော မိန်လန်ကျင်း စကားကြောင့် မျက်နှာကြီး နီရဲလာတော့သည်။

ထိုစဉ် မင်ရင်ကြယ်က သတိလှမ်းပေးသည်။

'စီးမင်၊ ခင်ဗျားက ဒီလို မိန်းကလေးမျိုးနဲ့ ဘာဖြစ်လို့ ရန်ဖြစ်ချင်နေတာလဲ'

စီးမင်ရှန်းသည် မင်ရင်ကြယ်၏ ဆိုလိုချက်ကို သဘော ပေါက်သွားသဖြင့် ကိုယ်ရှိန်ပြန်သတ်လိုက်သည်။

'ဩော် . . . ဟုတ်ကဲ့၊ ခုလိုပြောတာကို ကျေးဇူးတင်ပါ တယ်ရှင်'

မိန်လန်ကျင်းသည် မကျေမနပ်ဖြစ်ပြီး မင်ရင်ကြယ်တို့ မျက်စောင်းလှမ်းထိုးတော့သည်။

'ရှင်တော်တော်ဆိုးတဲ့လူပဲ၊ လူတွေဟာ အဟောင်းထက် အသစ်ကိုသာ ခင်မင်တွယ်တာတတ်ကြတာပါရှင့်၊ ခုတော့ ရှင်က အသစ်ကိုပစ်ပြီး အဟောင်းကို ခင်ချင်နေတာကိုး၊ အံ့ပါရှင် အံ့ပါ'

သူမ၏စကားသည် စီးမင်ရှန်း၏အရှိုက်ကို တည့်တည့်ကြီး ထိသွားသည်။

စီးမင်ရှန်းသည် အရှက်ကြီး ရှက်လာသဖြင့် နှုတ်ခမ်း တလှုပ်လှုပ် ဖြစ်နေတော့သည်။

ဤတွင် မင်ရင်ကြယ်က သတိလှမ်းပေးပြန်သည်။

'စီးမင်၊ ကိုယ့်ကိုယ်ကို ယဉ်ကျေးသိမ်မွေ့တဲ့ မိကောင်းဖခင်



သမီးတစ်ယောက်ဖြစ်ကြောင်း မေ့မပစ်ပါနဲ့'

မင်ရင်ကြယ်၏စကားသည် မိန်လန်ကျင်း၏ အသည်းကို ဓားနှင့် ထိုးလိုက်သကဲ့သို့ အခံရခက်သွားစေသည်။

သူမ၏ အရှက်ကင်းမဲ့သော မျက်နှာသည် သိသိသာသာ ကြီး နီရဲလာသည်။

အသား တဆတ်ဆတ် တုန်လာသည်။

'ပြောရက်လှချည်လား သူရဲကောင်းမင်၊ ပြောပါ ပြောပါ၊ ကျွန်မဟာ ရှင်ပြောသလို နွံအိုင်ထဲ ရောက်ခဲ့မိသူကိုး၊ ကျွန်မဘဝ ဟာ ရိုးသားချင်လျက်နဲ့ ကြွေလွင့်ပျက်စီးခဲ့ရတဲ့ဘဝပါ၊ ဒီတော့ ကျွန်မဘဝမှာ ရှက်ရွံ့နေစရာ ဘာမှ မရှိတော့ပါဘူးရှင်'

မိန်လန်ကျင်းသည် ကြေကွဲစွာဖြင့် ပြောရင်း အမူအရာ ပြောင်းပြီး လေးနက်တည်ကြည်လာသည်။

မင်ရင်ကြယ်သည် မိန်လန်ကျင်း၏ အားနည်းချက်များကို ဆုပ်ကိုင်မိပြီဖြစ်သဖြင့် စည်းရုံးခြင်း ပြုတော့သည်။

'အရေးကြီးတာက စိတ်နှလုံးသန့်ရှင်းပြီး မြင့်မြတ်တဲ့ စိတ်ဓာတ်ရှိဖို့ပဲ မိန်၊ လူ့ဘဝမှာ ဒီအချက်ဟာ အရေးအကြီးဆုံးပဲ၊ မြင့်မြတ်ခိုင်မာတဲ့စိတ်ဓာတ်ရှိသူအတွက် ညစ်ညမ်းတဲ့ပတ်ဝန်း ကျင်ဟာ သာမညကိစ္စပါ၊ ခင်ဗျားဟာ ပျော့ညံ့စိတ်ကြောင့် ဒုက္ခ ရောက်နေတာပါ၊ အဲဒီ စိတ်ဓာတ်ကိုသာ ပြုပြင်လိုက်ရင် တန်ဖိုး ကြီးတဲ့မိန်းမဘဝကို ပြောင်းလဲလာမှာပါ မိန်'

မင်ရင်ကြယ်၏စကားသည် မိန်လန်ကျင်း၏ နှလုံးသားသို့

www.burmeseclassic.com

www.burmeseclassic.com



သို့ စူးစူးနစ်နစ်ကြီး ဝင်သွားသည်။

မိန်လန်ကျင်းသည် ဖော်ပြမစွမ်းသော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရသဖြင့် သက်ပြင်းတစ်ချက် ယင်းခနဲ ချလိုက်သည်။

ထိုစဉ် ဟူဝန်ဟူက ရယ်ကျဲကျဲလုပ်ပြီး လှမ်းပြောသည်။

'သူ့ရဲကောင်းမင်က မိန်လန်ကျင်းကို စိတ်ပြောင်းအောင် စည်းရုံးလို့ဆော်နေတာကိုး၊ ဒီလိုလုပ်လို့ ရစတမ်းဆိုရင် လောကကြီး ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားမှာပေါ့ဗျာ. . . ဟဲဟဲ၊ မိုးလွန်မှ ထွန်ချတာဟာ အကျိုးမရှိတဲ့အလုပ်ပါ မင်'

မင်ရင်ကြွယ်က ဟူဝန်ဟူ၏စကားတို ဂရုမစိုက်ချေ။

မိန်လန်ကျင်းကိုသာ ဂရုဏာသက်ဟန်နှင့် လှမ်းကြည့်သည်။

'ဘဝဆိုတာ ပင်လယ်ပြင်ထဲ ခရီးထွက်ရသလို ကြမ်းတမ်း ခက်ထန်မှုတွေနဲ့ တွေ့ကြုံရစမြဲပါ မိန်၊ ဒါပေမယ့် ပင်လယ်ပြင်ရဲ့ သာယာမှု ဆိုတာလဲ ရှိစမြဲပါ၊ လူဆိုတာ အမှားကိုမြင်လို့ အမှန် ကိုပြင်ရင် တန်ဖိုးကြီးလာစမြဲပါ၊ လူသတ်သမားတစ်ယောက်ဟာ သူ့လက်ထဲက လူသတ်ဓားကို လွှတ်ချပြီး သန့်ရှင်းတဲ့ စိတ်နှလုံးကို မွေးမြူပြီး လေ့ကျင့်ရင် ဘုရားတောင် ဖြစ်နိုင်ပါတယ်၊ အမှားကို မြင်ပြီး အမှန်ပြင်သူအတွက် နောက်ကျတယ်လို့ မရှိပါဘူး လူတစ်ယောက်အတွက် အရေးကြီးတာက မိမိခေါင်းထဲက မကောင်းမှုဒုစရိုက်အတွေးအခေါ်တွေကို မောင်းနှင်ထုတ်ပြီး ကောင်းမြတ်တဲ့ကောင်းမှု အတွေးအခေါ်တွေကို မွေးမြူနိုင်ဖို့သာ



အရေးကြီးတာပါ၊ ဒီနေရာမှာ မိမိကိုယ်တိုင်က ကောင်းမှုကုသိုလ်ကို ဘယ်လောက်မက်မောခုံမင်သလဲဆိုတဲ့ အချက်ဟာ အဓိက အကျ ဆုံးပဲ'

မင်ရင်ကြွယ်သည် စကားဖြတ်ပြီး မိန်လန်ကျင်းကို လှမ်းကြည့်သည်။

မိန်လန်ကျင်းသည် ငြိမ်ပြီး ငိုင်နေသည်။

ဟူဝန်ဟူသည် မင်ရင်ကြွယ်ကိုတစ်လှည့် မိန်လန်ကျင်းကို တစ်လှည့် ကြည့်လိုက်ပြီး တဟဲဟဲ ရယ်တော့သည်။

'ခင်ဗျားက ဘုရားဖြစ်မယ့် အုတ်နီခဲကို တရားဟော နေတာကိုး၊ ကောင်းပါတယ် ကောင်းပါတယ်၊ သူ့အမှားတွေကို ခင်ဗျားပဲ ပြုပြင်လမ်းညွှန်နိုင်လိမ့်မယ် ထင်ပါတယ်. . . ဟဲဟဲ'

မင်ရင်ကြွယ်သည် ဟူဝန်ဟူကို မကျေမနပ် လှမ်း ကြည့်တော့သည်။

စီးမင်ရှန်းသည် အခြေအနေအလုံးစုံကို အကဲမပြတ် စောင့်ကြည့်ပြီး အကြံထုတ်နေသည်။

မင်ရင်ကြွယ်သည် ဟူဝန်ဟူကို မကျေမနပ်ဖြစ်နေသဖြင့် ခပ်မာမာ လှမ်းမေးသည်။

'ဟူဝန်ဟူ၊ ခင်ဗျား ဘာလုပ်မယ် စိတ်ကူးနေသလဲ'

'ဟဲဟဲ . . . အစကတော့ ခင်ဗျားတို့ကို ကျုပ်အထက်လူ တွေဆီ ခေါ်သွားဖို့ပဲ၊ ခုတော့ အစီအစဉ် ပြောင်းရမလို ဖြစ်နေပြီ'

'ဘယ်လို ပြောင်းမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'လူ့အလဲအလှယ် လုပ်ဖို့ပဲ၊ ကျုပ်က ခင်ဗျားနဲ့ လီယွင်ဟုန်တို့ ဒုတိယ ဝန်ရင်မော်အတုနဲ့ လဲမလားလို့'

ဟုဝန်ဟူသည် မင်ရင်ကြယ်ကို ပြောရင်း စီးမင်ရှန်းကို လှည့်ပြောသည်။

'စီးမင်. . . ကျုပ်ပြောတာကို ဘယ်လိုသဘောရသလဲ၊ ခင်ဗျားတို့ မရှုံးပါဘူးဗျ'

'ဟင်းဟင်း. . . ရှင်က ကျွန်မကို ရှင်ပြောတဲ့အတိုင်း လိုက်လုပ်မယ် ထင်နေသလား. . . ဟင်းဟင်း'

'ဒါကတော့ ခင်ဗျားတို့ သဘောပါဗျာ၊ အတင်း အဓမ္မ လုပ်မယ်ဆိုရင်လဲ ခင်ဗျားတို့အနေနဲ့ မင်ရင်ကြယ်ကိုတော့ အဆုံးရှုံးမခံပါဘူး'

'ရှင့်စကားက ဘာစကားလဲ၊ ကျွန်မနဲ့ မင်ရင်ကြယ်ဟာ ဘာမှ ပတ်သက်ကြတာ မဟုတ်ဘူး၊ တစ်ချိန်က ရန်သူတောင် ဖြစ်ခဲ့ဖူးတာရှင့်'

'ခင်ဗျားပြောတာ ဟုတ်ပါလိမ့်မယ် စီးမင်၊ ခုချိန်မှာတော့ သူ့ရဲကောင်းမင် ဆိုတဲ့လူဟာ ကြက်ဖတစ်ကောင်ကိုတောင် မိအောင် ဖမ်းနိုင်စွမ်း မရှိတော့ပါဘူး၊ သူ့အခြေအနေဟာ သိုင်းသမားတစ်ယောက်ရဲ့ လက်ညှိုးဒဏ်ကိုတောင် ခံနိုင်တော့တာ မဟုတ်ဘူး'

စီးမင်ရှန်းသည် မင်ရင်ကြယ်ကို ကြည့်ပြီး မျက်စိမျက်နှာပျက် ဖြစ်သွားတော့သည်။



ထို့နောက် စိုးရိမ်ထိတ်လန့်သောအသံနှင့်-

'သူပြောတာ တကယ်လား သူ့ရဲကောင်းမင်'

မင်ရင်ကြယ်က ဝေဒနာ ခံစားနေရဟန်နှင့် -

'တကယ်ပေါ့ဗျာ၊ ဓါကြောင့်မို့ သူတို့ခေါ်ရာ လိုက်နေရတာပေါ့၊ သူတို့စော်ကားသမျှ ခေါင်းငုံ့ခံနေရတာပေါ့'

ဟုဝန်ဟူသည် အလွန်သဘောကျသွားဟန်နှင့် တဟဲဟဲ ရယ်တော့သည်။

ထို့နောက် စီးမင်ရှန်းကို လှမ်းမေးသည်။

'ကျုပ်ပြောတာကို ဘယ်လိုသဘောရသလဲ စီးမင်'

စီးမင်ရှန်းက သက်ပြင်းရှိုက်ပြီး ပြောသည်။

'ကျွန်မအနေနဲ့ ဂိုဏ်းချုပ်ကြီးကို အစီရင်ခံရလိမ့်ဦးမယ်၊ ကျွန်မက ဂိုဏ်းချုပ်ကြီးရဲ့ ဆုံးဖြတ်ချက်ကို နာခံရမယ့်လူပါ'

'ကောင်းပါတယ်၊ အထက်လူကြီးရဲ့ ခွင့်ပြုချက်အရ လုပ်တာ အကောင်းဆုံးပဲ၊ ဒီတော့ သွားဖို့လာဖို့ အချိန် ဘယ်လောက်ကြာမလဲ'

'မြန်ရင် သုံးရက် ကြာရင် ငါးရက်'

'ကောင်းပြီ၊ ကျုပ်ငါးရက်ပြည့်တဲ့အထိ စောင့်မယ်၊ ငါးရက်က ကျော်ရင်တော့ သူ့ရဲကောင်းမင်ကို တစ်သက်လုံး မမြင်တွေ့ရတော့ဘူးလို့ မှတ်လိုက်ပါရစေ'

'ဒါက ရှင်တို့ကိစ္စပါ၊ ကျွန်မကတော့ လူချင်းလဲဖို့ကိစ္စကို အစွမ်းကုန် တိုက်တွန်းမှာပဲ၊ ဒီရက်အတွင်းမှာ ရှင်တို့လက်ထဲက

www.burmeseclassic.com

www.burmeseclassic.com



လူနှစ်ယောက်ကို မှဲ့တစ်ပေါက်မစွန်းအောင်တော့ ရှင်တို့ တာဝန်ယူရမယ်၊ ဒီလိုမှ မဟုတ်ရင် ဆုံးရှုံးမှုတစ်စုံတစ်ရာအတွက် ဆယ်ပြန်ဆယ်ဆ လျော်ကြေးပေးရမယ်'

'ဟဲဟဲ . . . ဒီကိစ္စကို ကျုပ် တာဝန်ယူပါတယ်၊ မင်းရဲ့ တန်ဖိုးကို ကျုပ် နားလည်ပါတယ်'

'ကောင်းပြီ၊ ဒီလိုဆိုရင် ရှင်တို့ကို ဘယ်မှာလိုက်ရှာရမလဲ'

'ဒီအနောက်ဆောင်ထဲမှာပဲ ရှိနေပါ့မယ်၊ ခင်ဗျားတို့ရဲ့ အဆင့်မြင့်သိုင်းသမားတွေနဲ့ စောင့်ကြည့်နေပါ'

'ကောင်းပြီ၊ ရှင်စကားကို ရှင် တည်ပါ'

စီးမင်းရှန်းသည် မင်းရင်ကြွယ်ကို လှမ်းကြည့်လိုက်ပြီးသည်နှင့် ချာခနဲ လှည့်ထွက်သွားသည်။

ချန်ချွန်းယင်းလည်း ဘာစကားမျှ မပြောတော့ဘဲ ခရမ်းရောင်အကျီဝတ်နှစ်ယောက်ကို ခေါ်ပြီး စီးမင်းရှန်းနောက် လိုက်သွားသည်။

ဟူဝန်ဟူသည် စီးမင်းရှန်းတို့လူစုကိုကြည့်ပြီး တဟဲဟဲ ရယ်တော့သည်။

× × ×

ထို့နောက် . . .

'ဟဲဟဲ . . . ဒီမိန်းကလေးက မင်းကို တော်တော်ကြင်နာသွားပဲ'

မင်းရင်ကြွယ်သည် ဟူဝန်ဟူစကားကြောင့် ဆတ်ခနဲ



ဖြစ်သွားသည်။

'ဘာပြောတာလဲ ဟူဝန်ဟူ၊ ခင်ဗျား အမြင်မှားနေတယ်၊ ကျုပ်နဲ့သူက မိတ်ဆွေမဟုတ်ဘူးဗျ၊ ရန်သူ ရန်သူ'

'ဘာပဲဖြစ်ဖြစ်လေ၊ သူကတော့ ခင်ဗျားအပေါ် စိတ်ကောင်းထားနေတာ အမှန်ပဲ . . . ဟဲဟဲ'

'ခင်ဗျားအမြင်တွေ တော်တော်မှားနေတယ် ဟူဝန်ဟူ'

'ဘာကို ပြောတာလဲမင်း'

'ခင်ဗျားတို့ လူချင်းလဲမယ့်ကိစ္စပေါ့ဗျာ၊ ထန်းရှန်းဂိုဏ်းနဲ့ ဝန်ရင်မော်အတုဟာ အသုံးတည့်တာ မဟုတ်ဘူးဗျ၊ ဒီတော့ ခင်ဗျားတောင်းဆိုတဲ့အတိုင်း ဝန်ရင်မော်အတုနဲ့ ကျုပ်တို့နှစ်ယောက်ကို မငြင်းဘဲ လဲကြမှာပေါ့ဗျ'

'ကျုပ်ကတော့ ဒီလို မထင်ဘူး၊ ဝန်ရင်မော်အတုဟာ သူတို့အတွက် ခင်ဗျားတို့နှစ်ယောက်ထက်ပိုပြီး လိုအပ်တဲ့လူပဲ'

'ခင်ဗျားစကားကို ကျုပ် မယုံဘူး ဟူဝန်ဟူ'

'မယုံရင် စောင့်ကြည့်ပေါ့ဗျာ'

'ထားပါလေ၊ နှစ်ယောက်နဲ့ တစ်ယောက် လဲမယ်ဆိုတော့ ခင်ဗျား မနာဘူးလား'

'မနာပါဘူး၊ လီယွင်ဟုန်ဟာ သူတို့အတွက် အသုံးတည့်ကောင်း တည့်နိုင်ပေမယ့် သူရဲကောင်းမင်ကတော့ သူတို့အတွက် အသုံးတည့်မယ့်လူ မဟုတ်ပါဘူး'

'ဟဲဟဲ . . . ဒါကကျုပ်ကိစ္စပါဗျာ၊ ခင်ဗျားအလုပ် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး'

ဟူဝန်ဟူသည် ဘာစကားမျှ မပြောဘဲ ပါးစပ်ပိတ်ပြီး ငြိမ်နေတော့သည်။

မင်းရင်ကြယ်က ဆက်ပြောသည်။

'နေပါဦး၊ ခင်ဗျားက ကျုပ်ကို ခင်ဗျားအထက်လူတွေဆီ မပို့တော့ဘူးလား'

'ဝန်ရင်မော်အတုကို ရတော့မှာမို့ မလိုအပ်တော့ ပါဘူးဗျာ. . . ဟဲဟဲ'

'ခင်ဗျားမှာ ဒီအထိ ဆုံးဖြတ်ခွင့် ရှိနေသလား'

'မရှိဘဲ လုပ်ပါ့မလားဗျာ'

'ဒါဟာ စောစောကပဲ ခင်ဗျားအထက်ကလူက တိတိကျကျ ညွှန်ကြားလိုက်လို့ ဖြစ်မှာပါ'

ဟူဝန်ဟူသည် ရင်ထဲထိတ်ခနဲ ဖြစ်သွားပြီး မျက်နှာပျက်သွားတော့သည်။

သည်ကြားထဲက ဣန္ဒြေဆည်လိုက်ပြီး. . .

'ခင်ဗျား အတွေးအခေါ်ကောင်းပါတယ်၊ ခင်ဗျား ပြောတာ ဟုတ်ပါတယ်၊ ရန်ကို အတတ်နိုင်ဆုံးရှောင်၊ ရှောင်လို့ မရရင် ဒီနည်းကို သုံးတဲ့၊ ဒါကျုပ်အထက်က ညွှန်ကြားချက်ပဲ'

'ဩော်. . . ဩော်. . . ဒါပေမယ့် ခင်ဗျားအထက်တလူဆီမှာ တိကျတဲ့ဆုံးဖြတ်ချက်တစ်ခုတော့ ရှိနေဦးမှာ သေချာပါတယ် ဟူဝန်ဟူ'



'ဟုတ်ပါတယ်၊ အဲဒါက လီယွင်ဟုန်ကို သိမ်းပိုက်ချင်တဲ့ ကိစ္စပဲ၊ ဒါပေမယ့် မရှောင်မလွဲသာရင် ဘယ်လောက်တိကျတဲ့ အစီအစဉ်ပဲဖြစ်ဖြစ် ပြောင်းလဲပစ်ရမှာပေါ့ဗျာ၊ ကျုပ်အထက်လူက ဝန်ရင်မော်အတုကိုလဲ သံသယ ရှိနေတာဗျ'

'ဝန်ရင်မော်အစစ်လို့ ယူဆနေတာလား'

'ဟုတ်တယ်'

'တကယ်တော့ ဝန်ရင်မော်အတုဟာ ကျို့ကုန်းချွင်ရဲ့ လက်အောက်ငယ်သားတစ်ယောက်ပါဗျာ၊ သူ့ပညာ အဆင့်မြင့်ပေမယ့် တကယ့် ဝန်ရင်မော်လောက် အစွမ်းမထက်ပါဘူး'

'ခင်ဗျား ဒီလိုပြောနေတာဟာ ဝန်ရင်မော်အတု ဘယ်သူဆိုတာကို သေသေချာချာ မသိသေးလို့ပါဗျာ'

'ဘာလဲ၊ အဲဒီ ဝန်ရင်မော်အတုဟာ ကျို့ကုန်းချွင်ရဲ့ တပည့် မဟုတ်ဘူးလား'

ဟူဝန်ဟူသည် ဘာမျှမပြောတော့ဘဲ ပါးစပ်ပိတ်နေတော့သည်။

မင်းရင်ကြယ်ကသာ. . .

'ဒါဖြင့် ဘယ်သူလဲ၊ အဲဒီလူ ဘယ်သူဖြစ်နိုင်သလဲ၊ သူ ဘယ်သူလဲ' ဟု ရေရွတ်လိုက်တော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

## သွေးတာဝန်

ထိုအချိန်မှာပင် အရှေ့ဆောင်ရှိ အခန်းတစ်ခန်းမှ မီးများလင်းထိန်လာသည်။

မီးရောင်အောက်၌ ကြေးရောင်အကျီဝတ်ထားသည့် လူနှစ်ယောက်ကို မြင်ရသည်၊ ပိန်ပိန်အဘိုးအိုနှင့် ဝဝအဘိုးအိုတို့ပင်ဖြစ်သည်။

သူတို့သည် ခန့်ညားသော ကုလားထိုင်ကြီးများပေါ်တွင် ထိုင်နေလျက်ရှိသည်၊ သူတို့အနားတွင် အနက်ဝတ်စုံနှင့် မော်လင်ကိုပါ တွေ့ရသည်။

သူတို့ထက် တစ်ဆင့်နိမ့်သည့် ကုလားထိုင်တွင်မူ စိုးမင်



ရှန်း ထိုင်နေသည်၊ သူမသည် ဘေးတွင်ထိုင်နေခြင်းဖြစ်သည်။

လက်ရှစ်ဘက် ချန်ချွန်းယင်းနှင့် အဝါဝတ် စည်းကမ်းထိန်းရှစ်ယောက်ကိုကား မတွေ့ရချေ။

သူတို့သည် အတန်ကြာအောင် ငြိမ်သက်နေပြီးမှ ဝဝအဘိုးအိုက စကားစသည်၊

'ကဲ. . . ငါ့ညီ ဒီကိစ္စကို ဘယ်လိုလုပ်ချင်သလဲ'

ပိန်ပိန်အဘိုးအိုးက အေးတိအေးစက်လုပ်နေရာမှ. . .

'နောက်ပေါက်လူငယ်တစ်ယောက်အတွက် ကျုပ်တို့ ဝင်မပါသင့်ဘူးထင်တယ် အစ်ကိုကြီး'

'ဘယ်လိုပြောလိုက်တာလဲ အဘိုးပိန်ရဲ့၊ ဒီလူက ကျွန်တော့်မိတ်ဆွေကြီးပါ၊ ဒါကြောင့်မို့. . .'

အနက်ဝတ်လူငယ်မော်လင်က စကားကို တစ်ပိုင်းတစ်စနှင့် ဖြတ်ပစ်လိုက်သည်။

ပိန်ပိန်အဘိုးအိုက မော်လင့်ကို အေးစက်စက်နှင့် စိုက်ကြည့်သည်၊

'မင်း ဘာဖြစ်လို့ ကြောင့်ကျနေရတာလဲ၊ မင်းအဖေါ် ရှန်းပြောတာ မကြားဘူးလား၊ ဟိုလူငယ်က တကယ်အဆိပ်သင့်နေတဲ့လူ မဟုတ်ဘူးကွ၊ သူက ဟိုကောင်တွေကို ပညာပါပါနဲ့ တစ်ပတ်ပြန်ရိုက်နေတာကွ၊ ဒါဟာ အခွင့်အရေးကို ရသလိုယူပြီး ဝန်ရင်မော်ကို အဆိပ်ခတ်ခဲ့တဲ့လူတွေကို စောင့်ဖမ်းဖို့ ကြိုးစားတာပဲ၊ မင်း သူ့အတွက် ပူစရာမလိုဘူးကွ'

www.burmeseclassic.com

www.burmeseclassic.com



'အဘိုးပိန်ကလဲဗျာ၊ ဟွဝန်ဟူဆိုတဲ့လူကတောင် လူချင်း လဲချင်တယ်လို့ တောင်းဆိုနေတဲ့ဟာ'

'ငါ သိပါတယ်ကွ၊ ငါကမှ မလဲချင်တာ'

'ဒီလိုဆိုရင် ဟွဝန်ဟူက. . .'

'သူ ဘာလုပ်နိုင်မှာလဲ ဝရှစိုက်စရာ မှတ်လို့'၊

'သူတို့က မင်ကို ဘာမှမလုပ်ပေမယ့် လီယွင်ဟုန်ဆိုတဲ့ မိန်းမတိုကော. . .'

'ဇို. . . ဟိုသူငယ်ရှိနေမှတော့ အဲဒီမိန်းကလေးကိုလဲ ဘာလုပ်ရဲမှာလဲ'

မော်လင်သည် ဘာပြောရမှန်း မသိတော့သဖြင့် နှုတ်ပိတ်ပြီး ငြိမ်နေတော့သည်။

တစ်ချိန်လုံးငြိမ်နေသည့် ပိန်ပိန်အဘိုးကြီးကို လှမ်းကြည့်ပြီး မဝံ့မရဲ မေးပြန်သည်။

'ဒီလိုဆိုရင် လူချင်းမလဲတော့ဘူးလား အဘိုးပိန်'

'ငါ့သဘောကတော့ မလဲချင်ဘူး၊ မိန်းတလေး သဘောတကော'

'ကျွန်မလဲ မလဲသင့်ဘူးလို့ ယူဆပါတယ်'

'အဖေါ်ရှန်း ဘယ်လို ပြောလိုက်တာလဲ'

မော်လင်က သဘောမကျဟန်နှင့် လှမ်းမေးသည်။

စီးမင်ရှန်းက ခပ်တည်တည် ပြောသည်။

'တို့အစီအစဉ်ကို လတ်ခဲ့ပါ မော်လင်၊ တို့အနေနဲ့ ဟွဝန်ဟူ



တောင်းဆိုသလို လူချင်း လဲလိုက်မယ်ဆိုရင် အစိက တရားခံတို ဖမ်းနိုင်ဖို့ကိစ္စကြီး အစပျောက်သွားလိမ့်မယ် မော်လင်၊ အဲ. . . ငါတို့ သိထားသလောက်တော့ ဝန်ရင်မော်အတုဟာ တို့ုတုန်းချွင်ရဲ့ တပည့်တစ်ယောက်ပဲ၊ သိုင်းပညာအဆင့်လဲ သိပ်မြင့်မားလှတာ မဟုတ်ဘူး၊ ဒါပေမယ့် ဟွဝန်ဟူက သူ့ကို သိပ်အလိုရှိနေတယ်၊ အဲဒါကြောင့် နှစ်ယောက်နဲ့တစ်ယောက် လဲမယ်လို့ တောင်းဆိုတာပေါ့၊ ဒါတွေကို ဆက်စပ်ကြည့်ရင် ဝန်ရင်မော်အစစ်ရှိတဲ့နေရာ ကို သူတို့ သိနေပုံပဲ၊ ခုလို လူချင်းလဲမယ်ဆိုတာဟာ သူတို့ရဲ့ ယုံ့ရှုံ့ဖုက်ချက်တစ်ခုခုပဲ၊ ဝန်ရင်မော်အတုဟာ သူတို့အတွက် သိပ် အရေးကြီးနေပြီ'

'ဟုတ်တယ် ဟုတ်တယ်၊ လုံမလေးစီးမင်နဲ့ ကျုပ်အမြင် ထပ်တူထပ်မျှပဲ'

ပိန်ပိန်အဘိုးကြီးက လက်ဝါးချင်းပွတ်ပြီး အားရပါးရ ဝင်ပြောသည်။

စီးမင်ရှန်းသည် ခေါင်းညိတ်ပြီး အဘိုးဝကြီးကို လှမ်းမေးပြန်သည်။

'အဘိုးဝတကော လူချင်း လဲလှယ်ချင်ပါသလား'

'အေး. . . ငါကတော့ လဲချင်တယ်'

'ကျွန်မကတော့ မသင့်ဘူးလို့ ယူဆပါတယ် အဘိုးဝ'

'ညည်းအမြင်ကို ပြောပါ'

'အဘိုးဝပြောခဲ့သလို လုံမလေး လီယွင်ဟုန်ကိုပဲ ယူပြီး

www.burmeseclassic.com

www.burmeseclassic.com



မင်ရင်ကြယ်ကို ချန်ထားမယ်ဆိုရင် သူတို့သံသယ ဝင်သွားပါလိမ့်မယ်'

အဘိုးဝကြီးသည် သဘောပေါက်လာဟန်နှင့် ခေါင်းညိတ်ပြတော့သည်။

စီးမင်ရှန်းက ဆက်ပြောသည်။

'ကျွန်မတို့ အနေနဲ့ လီယွင်ဟုန် တစ်ယောက်ထဲနဲ့ လဲရင် တွက်ခြေမကိုက်ပါဘူးရှင်'

'အိုး. . . လီယွင်ဟုန်ဆိုတာ ဖေယွင်ရဲတိုက်သခင်ကြီး လီချန်းလူရဲ့သမီးကွယ့်၊ နှယ်နှယ်ရရ မဟုတ်ဘူး၊ သူနဲ့ လဲယူတာတောင် တွက်ခြေမကိုက်သေးဘူးလား'

'ဟင်းဟင်း. . . တကယ်လို့ ဝန်ရင်မော်အတုဟာ ဝန်ရင်မော်အစစ်ရှိတဲ့နေရာကို သိထားရင်တော့ ကောင်းတာပေါ့ရှင်'

အဘိုးဝကြီးက ခပ်ဆတ်ဆတ် လှမ်းပြောသည်။

'အဲဒီ ဝန်ရင်မော်အတု အဘိုးကြီးက တကယ်မသိရင်ကော. . .'

'ကျွန်မအထင်တော့ သိဖို့များပါတယ်ရှင်'

'အချိန် ရှိပါသေးတယ်လေ၊ ငါးရက်ဆိုတာ နည်းတဲ့အချိန်မဟုတ်ပါဘူး၊ ခိုလွှတ်ပြီး စာရေး မေးလိုက်မယ်၊ အဲဒီတော့မှ ဟိုအဘိုးကြီး တကယ်သိ၊မသိ သေချာမယ်၊ ဂိုဏ်းချုပ်ကြီးရဲ့ ဆုံးဖြတ်ချက်ကိုလဲ ရမယ်၊ အဲဒါ အကောင်းဆုံးပဲ'

'ကျုပ်ကတော့ အတင်းဝင်လုချင်တယ်'



အဘိုးပိန်ကြီး၏စကားကြောင့် စီးမင်ရှန်း မျက်လုံးပြူးသွားသည်။

'မလုပ်ပါနဲ့ အဘိုးပိန်၊ မလုပ်ပါနဲ့ အဲဒီလိုလုပ်ရင် သူ့ရဲ့ကောင်းမင်ရဲ့ ရည်ရွယ်ချက်တွေကော ကျွန်မတို့ရဲ့ လိုအပ်ချက်တွေပါ ပျက်ကုန်ပါလိမ့်မယ်'

'ဩော်. . . အဲဒီသူငယ်က ညည်းအတွက် ဒီလောက်တောင် အရေးကြီးနေလို့လား'

မမျှော်လင့်သောစကားကြောင့် စီးမင်ရှန်း၏ မျက်နှာရဲခနဲ ဖြစ်သွားသည်။

'အဲဒီလို မဟုတ်ပါဘူး အဘိုးပိန်၊ ကျွန်မတို့ဂိုဏ်းရဲ့ အကျိုးကို ဦးထိပ်ထားပြီး ပြောနေတာပါ'

'ရှင်းစမ်းပါဦး လုံမလေး'

'ဟိုအဘိုးအိုနဲ့ ဝန်ရင်မော်ဟာ တစ်စုံတစ်ရာ ပတ်သက်နေလိမ့်မယ်လို့ ကျွန်မ ယူဆမိပါတယ်'

'ဒါဖြင့် ဘယ်လိုလုပ်မယ် စဉ်းစားထားသလဲ'

'ဝန်ရင်မော်ကို ရရင် သူ့ရှေ့ ခေါ်သွားပြီး ပြမယ်၊ သူတို့ပြောတာကို နားထောင်မယ်'

'ညည်းစိတ်ကူးကလဲ အရူးတစ်ယောက်က မှန်မှန်ကန်ကန် ဘာပြောနိုင်မှာမို့လဲ'

'အဲဒါထားပါ၊ အရေးကြီးတာက မင်ရင်ကြယ်ရဲ့ လိုအပ်ချက်ကို ကျွန်မတို့ ကူညီဖို့လိုတယ်၊ ဝန်ရင်မော်အတုအ

www.burmeseclassic.com



အဆိပ်ဖြေဆေးကိုရဖို့ အရေးကြီးတယ်မဟုတ်လား၊ မင်ရင်ကြယ်သာ ဝန်ရင်မော်အတွက် အဆိပ်ဖြေဆေးကို ရရှိလာရင် ပြဿနာအားလုံး ပြေလည်လာပါလိမ့်မယ်'

'ညည်းစိတ်ကူးကတော့ ဟုတ်သလိုလိုပဲ၊ ဝန်ရင်မော်သာ ပကတိအတိုင်း ပြန်ကောင်းသွားရင် ငါတို့က သူ့ကို ဂိုဏ်းချုပ်ဆီ ပို့လို့ရပါတော့မလား'

စီးမင်ရှန်းသည် မျက်မှောင်ကြုတ်ပြီး ငြိမ်ကျသွားသည်၊

တစ်စုံတစ်ရာကို စဉ်းစားပြီးမှ စကားပြန်စသည်၊

'ကျွန်မ ဒီကိစ္စ ပြေလည်အောင် အစွမ်းကုန်ကြိုးစားပေးပါ့မယ်ရှင်'

'တကယ်ပြောတာလား မိန်းကလေး၊ ဒါဖြင့် ညည်းမှာ ပိုင်ကွက် ရှိနေပြီပေါ့ ဟုတ်လား'

'ကျွန်မပြောချင်တာက ကျွန်မတာဝန်ကိုကျေပွန်အောင် မထမ်းဆောင်နိုင်ခဲ့ရင် ဂိုဏ်းကပေးတဲ့ အပြစ်ဒဏ်ကို ကြည်ကြည်ဖြူဖြူ ခံယူပါ့မယ် အဘိုးပိန်'

'မိန်းကလေးက ဒီအတိုင်း ဆုံးဖြတ်သလား'

'ဟုတ်ပါတယ် အဘိုးပိန်'

အဘိုးပိန်က သဘောကျစွာ တဟားဟားရယ်သည်၊

ထို့နောက်. . .

'ကောင်းပြီ မိန်းကလေး ကောင်းပြီ၊ ညည်းဆန္ဒပြည့်အောင်တို့ အစွမ်းကုန် ကူညီပေးမယ်'



'ကျေးဇူးတင်တယ် အဘိုးပိန်၊ သိပ်ကျေးဇူးတင်တယ်'

'အရမ်းကျေးဇူးတင်မနေနဲ့ မိန်းကလေး၊ ခုကိစ္စတစ်ချက်ကလေး လွဲချော်သွားတာနဲ့ အသက်ပါ ပါသွားနိုင်တယ်၊ ဒီလိုမှ မဟုတ်ရင် ဘဝတစ်လျှောက်လုံး ဒုက္ခရောက်သွားနိုင်တယ်၊ ခေါင်းအေးအေးနဲ့ စဉ်းစဉ်းစားစား ဆင်ဆင်ခြင်ခြင်လုပ်မှဖြစ်မှာ'

'အဘိုးပိန်ရဲ့စကားကို ဦးထိပ်ထားပါတယ် အဘိုးပိန်'

'နေပါစေ နေပါစေ၊ နောက်ဆုံးကျတော့ အဘိုးဝ ဆန္ဒအတိုင်း ဖြစ်သွားမယ့်ကိစ္စပဲ၊ ဒီတော့. . .'

ငြိမ်ပြီးပါးစပ်ပိတ်နေသည့် အဘိုးဝကိုကြည့်ပြီး မကျေမနပ်ဟန်နှင့်ပြောသည်၊

အဘိုးဝက ခေါင်းကို တယမ်းယမ်း လုပ်လိုက်ပြီး. . .

'အင်း. . . ဒီတစ်ခါကိစ္စမှာ စိတ်ကောင်းထားပြီး ငြိမ်နေမိတာ မလွယ်ပါလား၊ ဘာပဲဖြစ်ဖြစ်လေ တို့ရည်ရွယ်ချက်အတိုင်း အောင်မြင်အောင်တော့ ပညာပြရတော့မှာပဲ'

စီးမင်ရှန်းသည် တက်တက်ကြွကြွဖြစ်လာသည့် အဘိုးဝကိုကြည့်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်လာသည်၊

'ကျေးဇူးတင်ပါတယ် အဘိုးဝ၊ အဘိုးဝနဲ့ အဘိုးပိန်တို့ရဲ့ ကျေးဇူးကို ကျွန်မတစ်သက် ဘယ်တော့မှ မမေ့ပါဘူး'

'အင်း. . . ဒီလိုလုပ်ရဲကိုင်ရဲ တာဝန်ယူရဲလို့လဲ ဂိုဏ်းက ညည်းကို အရေးထားတာပဲ၊ ကောင်းတယ် ကောင်းတယ်၊ ဟားဟားတဲ. . . သွားတော့ မိန်းကလေး သွားတော့'

www.burmeseclassic.com

www.burmeseclassic.com



အဘိုးဝက အားရပါးရ ရယ်မောပြီး လက်ယမ်းပြတော့သည်။

စီးမင်းရှန်းသည် သူတို့နှစ်ယောက်ကို ဦးညွှတ်လိုက်ပြီး နောက်ဆုတ်သွားသည်။

ထို့နောက် အဆောင်ထဲမှ ထွက်ပြီး လက်အောက်ငယ်သားများကို ညွှန်ကြားလိုက်သည်။

ထို့နောက် သွေးခင်းသောလမ်းပေါ်မှ တာဝန်နှင့် ဝတ္တရားများကို ရဲရဲရင့်ရင့် ထမ်းဆောင်ရန် ခြေလှမ်းပြင်လိုက်လေသတည်း။

■



## အခန်း (၁၁)

## အထီးကျန်သေနာ

မော်လင်သည် သူ့မနောက်မှ ထက်ကြပ်မကွာ လိုက်လာသည်။

'အဒေါ်ရှန်း'

စီးမင်ရှန်းသည် ခေါ်သံကြောင့် နောက်သို့ ဖျတ်ခနဲ လှည့်ကြည့်သည်။

'မော်လင် . . . ဘာဖြစ်လို့ လိုက်လာတာလဲ'

'မေးစရာရှိလို့ပါ အဒေါ်ရှန်း'

'ဘာမေးမလို့လဲ၊ ပြော ပြော'

'ကျွန်တော် ဇဝေဇဝါဖြစ်နေတယ် အဒေါ်ရှန်း။ အဒေါ်ရှန်း ရည်ရွယ်တာ ဘယ်သူ့အတွက်လဲ'

'ဘာကိုပြောတာလဲ၊ ရှင်းအောင် ပြောစမ်းပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဪ. . . အဒေါ်ရှန်း ရည်ရွယ်ချက်က သူ့ရဲကောင်းမင်းအတွက်လား၊ သခင်လေး ဝန်ရင်မော်အတွက်လား ဆိုတာ မရှင်းလို့ပါ'

စီးမင်းရှန်းသည် မျက်မှောင်ကြုတ်ပြီး ငြိမ်သက်သွားသည်။

'အင်း. . . ခုလို မေးလာတော့ ဘာဖြေရမှန်းတောင် မသိတော့ဘူး မော်လင်'

'ဒါဖြင့် နှစ်ယောက်စလုံးအတွက်ပေါ့၊ ဟုတ်လား'

'မင်း တွေ့ကရာ မပြောနဲ့'

စီးမင်းရှန်းသည် ရှက်ရှက်နှင့် အသံ မာလာသည်။ မော်လင်၏ အနှောင့်အသွား မလွတ်သောစကားကြောင့် ရင်ထဲဖိုလှိုက်သွားသည်။

အတန်ကြာမှ လှုပ်ရှားနေသော စိတ်ကို ထိန်းသိမ်းလိုက်ပြီး မော်လင် ကျေနပ်စေရန် ထိန်းထိန်းသိမ်းသိမ်း ပြောသည်။

'မဟုတ်မှလွဲရော၊ သူတို့နှစ်ယောက်ဟာ တစ်ယောက်တည်း ဖြစ်လိမ့်မယ်ထင်တယ် မော်လင်'

မော်လင်က စီးမင်းရှန်းကို ပြုံးစေ့စေ့ကြည့်ရင်း-

'အဒေါ်ရှန်း ဘာဆိုလိုတာလဲ၊ သူ့ရဲကောင်းကြီး မင်းရင်ကြယ်ဟာ'

မော်လင်တ စကားကို ဆုံးအောင် မပြောချေ။ သူ့စကားလွန်သွားမှာ၊ စီးမင်ရှန်း စိတ်ဆိုးသွားမှာ စိုးရိမ်နေပုံရသည်။

စီးမင်ရှန်းက. . . .



'ငါ့ စိတ်အထင်ကို ပြောတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းရင်ကြယ်ရဲ့ ပြောပုံဆိုပုံတွေ၊ လှုပ်ရှားနေထိုင်ပုံတွေဟာ ဝန်ရင်မော်နဲ့ တထေရာတည်း တူနေတယ်လို့ ငါထင်တယ်၊ ခန္ဓာကိုယ်အနေအထားနဲ့ လက်နှစ်ဘက်လှုပ်ရှားပုံ အမူအရာတွေကလဲ တော်တော်တူတယ်'

'အင်း. . . အဒေါ်ရှန်း ပြောသလို ဟုတ်တာတော့ အမှန်ပဲ၊ ဒါပေမယ့် မျက်နှာချင်းက တူကြတာမှ မဟုတ်ဘဲ အဒေါ်ရှန်းရဲ့'

'မင်း ပြောတာလည်း ဟုတ်ပါတယ်၊ ပြီးတော့ ဝန်ရင်မော်က ရူးနေတဲ့လူ၊ မင်းရင်ကြယ်က အကောင်း'

'ဟုတ်တယ်၊ ဝန်ရင်မော် အဆိပ်ခတ်ခံရတာတ ကြာပြီပဲ၊ သူ့မှာ ကုမရတဲ့ရောဂါ ရနေတာကိုလဲ သိုင်းလောကကြီးတစ်ခုလုံး အသိပဲ'

စီးမင်းရှန်းက မျက်လုံးကို မှေးစင်းပြီး စဉ်းစားသည်။

အတန်ကြာမှ ခေါင်းယမ်းပြီး ပြောလာသည်။

'မင်း စဉ်းစားသလို ငါလဲ စဉ်းစားမိတာပဲ၊ သူတို့နှစ်ယောက်ကို တစ်ယောက်တည်း မဟုတ်မှန်းလဲ သဘောပေါက်နေတယ်၊ ဒါကြားထဲက သူတို့နှစ်ယောက်ကို တစ်ယောက်တည်းလို့ ထင်နေပြန်တယ်၊ ငါ့ကိုယ် ငါလည်း ဘာဖြစ်လို့ ဒီလိုထင်နေမြင်နေသလဲဆိုတာ စဉ်းစားလို့မရဘူး'

မော်လင်သည် စီးမင်းရှန်း၏ ခံစားမှု ဝေဒနာကို ထပ်ဖြည်း

www.burmeseclassic.com



ပြည့် သဘောပေါက်လာသည်။

စီးမင်းရှုန်းသည် ဝန်ရင်မော်ကို သံယောဇဉ် တွယ်နေသူ၊ သည်တော့ ပြဿနာတိုင်းကို တွေးရာ၌ ဆန္ဒစွဲက ပါစမြဲ ဖြစ်နေသည်။

တပြစ်မြင်၍ မဖြစ်၊ နားခံသာအောင် ပြောရသည်။

'အင်း. . . အခြေအနေက အဒေါ်ရှုန်းအတွက် ရွေးချယ်ရ ခက်နေပုံပဲ၊ ကျွန်တော် အဒေါ်ရှုန်းကို ကိုယ်ချင်းစာပါတယ်ဗျာ'

စီးမင်းရှုန်း မျက်နှာမဲ့သွားပြန်သည်။

'ငါ ခံစားနေရတာကတစ်မျိုးပါ မော်လင်'

'ကျွန်တော် သိပါတယ် အဒေါ်ရှုန်းရယ်၊ အဒေါ်ရှုန်းက မင်ရင်ကြယ်နဲ့ ဝန်ရင်မော်ကို တစ်ယောက်တည်း ဖြစ်စေချင်နေတာပါ၊ လက်တွေ့က တစ်ယောက်တည်း မဟုတ်ဘဲ နှစ်ယောက် ဖြစ်နေတော့. . .'

'လက်တွေ့ အခြေအနေကို ငါသိပါတယ် မော်လင်၊ နှစ်ယောက်ဟာ နှစ်ယောက်ပဲ၊ တစ်ယောက်တည်း ဖြစ်စေချင်လို့လဲ ရတာ မဟုတ်ဘူး'

'ဟုတ်ပါတယ်၊ ဒါပေမယ့် အဒေါ်ရှုန်း ဝေခွဲမရ ဖြစ်နေတယ် မဟုတ်လား၊ ဘယ်သူ့ကိုမှ ပစ်ပယ်လို့မရဘဲ ဖြစ်နေတယ် မဟုတ်လား'

'ဒီလိုလဲ မဟုတ်သေးဘူး မော်လင်'

'ဒါဖြင့် ဘယ်လိုလဲ'



'ငါ့စိတ်ထဲမှာတော့. . . . .'

စီးမင်းရှုန်းသည် စကားဖြတ်ပြီး တွေသွားပြန်သည်။

အတန်ကြာမှ. . .

'နေပါဦး၊ မင်းက ဘာဖြစ်လို့ ဒီမေးခွန်းတွေ မေးနေတာလဲ'

'အဒေါ်ရှုန်းက ကျွန်တော့်စိတ်ကို ဇဝေဇဝါ ဖြစ်အောင် လုပ်နေတာကိုးဗျ'

စီးမင်းရှုန်းသည် ဘာပြောရမှန်း မသိတော့ဘဲ စိတ်ရှုပ်နေတော့သည်။

ထို့ကြောင့် သက်ပြင်း တဟင်းဟင်းချလိုက်ပြီး-

'ဒီအကြောင်းတွေကို မပြောဘဲနေလို့ မရဘူးလား မော်လင်'

မော်လင်က သူ့အဒေါ်ရှုန်း၏ ခံစားမှုကို နားလည်စာနာ ဟန်နှင့်-

'ဒီလိုပါ အဒေါ်ရှုန်း၊ အဒေါ်ရှုန်းဟာ ကျွန်တော့်ကို နားအလည်ဆုံး၊ အချစ်ခင်ဆုံး၊ အသိတတ်ဆုံး၊ ဂရုအစိုက်ဆုံးလူ တစ်ယောက်ပါ၊ ဒါကြောင့် ကျွန်တော်ကလည်း အဒေါ်ရှုန်းကို စာနာစိတ်နဲ့ ဂရုစိုက်ခဲ့ပါတယ်၊ အဒေါ်ရှုန်းရဲ့ ချစ်ဝေဒနာ ခံစားရမှုတွေကိုလည်း သဘောပေါက် နားလည်ပြီး စာနာနေမိပါတယ်။ ဒီကိစ္စတွေကို နေ့စဉ်နဲ့အမျှ မြင်တွေ့သိရှိနေရလို့ပဲလေ၊ အဒေါ်ရှုန်းရဲ့ဝေဒနာတွေကို လက်မိုက်ကြည့်မနေရက်တော့ဘူး၊ ဒါကြောင့် . . .'

www.burmeseclassic.com

www.burmeseclassic.com



မော်လင်သည် စကားမဆက်ဘဲ ငြိမ်သက်သွားပြန်သည်။

စီးမင်းရှန်းသည် ရှိုးသားလှသော မော်လင်ကိုကြည့်ပြီး. .

'အင်း. . . ဘာလိုလိုနဲ့ မင်းလည်း လူကြီးဖြစ်လာပြီ မော်လင်'

မော်လင်က ဟက်ခနဲရယ်ပြီး ကလေးဆန်ဆန်ပြန်ပြော၏။

'လူပဲ အဒေါ်ရှန်းရယ်၊ မကြီးပြင်းဘဲ ဘယ်နေပါ့မလဲ'

'ဟင်း. . . ဟင်း'

'ကဲ၊ ငါရှင်းရှင်းပြောမယ်၊ ငါ့ဘဝအဖော်ကို ရွေးပါလို့ ဆိုရင် ငါ့အသည်းနှလုံးက သူရဲကောင်းမင်တို့ နောက်ကျသွားပြီလို့ ပြောလိမ့်မယ် မော်လင်၊ အဲဒါ ငါ့ရင်ထဲကစကားပဲ'

မော်လင်သည် ဘာစကားမျှ မပြောနိုင်တော့ဘဲ စီးမင်ရှန်းကိုသာ ငေးကြည့်နေမိတော့သည်။

အတန်ကြာမှ. . .

'ကျွန်တော် ပြောချင်သေးတယ် အဒေါ်ရှန်း'

'ဘာပြောချင်တာလဲ မော်လင်'

'ကျွန်တော် သူရဲကောင်းမင်အတွက် အသနားခံပါရစေလား'

'ဆက်ပြောပါဦး'

'ယန်ကျိုးမြို့က ထိပ်တန်းဟိုတယ်မှာ တွေ့ခဲ့ရတဲ့ ဝန်ရင်မော်ဟာ အရူးတစ်ယောက်ပါ အဒေါ်ရှန်း။ ဘယ်လိုမှ ကုလို့မရ



တော့တဲ့အရူးပါ၊ ရုပ်ကတော့ လက်ဖျားခါရလောက်အောင် ချောတာ အမှန်ပဲ၊ ဒီအချက်ပဲ သူရဲကောင်းမင်နဲ့ တူတယ်၊ ကျန်တာတွေကတော့ သူရဲကောင်းမင်ထက်သာတာ မရှိပါဘူးဗျာ. . .'

'ဒါက မင်းအမြင်ပဲ မော်လင်'

'ကျွန်တော်က ယောကျာ်းလေး ဖြစ်နေလို့ပါ၊ အဒေါ်ရှန်းရဲ့၊ မိန်းကလေးသာ ဖြစ်ကြည့်ပါလား။ ခုလို အခြေအနေမျိုးမှာ သူရဲကောင်းမင်ကိုသာ ရွေးချယ်မှာပဲ'

စီးမင်းရှန်းသည် မော်လင့်စကားကို မချေပနိုင်တော့ဘဲ ငူငူကြီး ဖြစ်သွားသည်။

အတန်ကြာမှ ရှက်ကိုးရှက်တန်းဖြစ်ပြီး ခပ်ရမ်းရမ်း ပြောတော့သည်။

'ပေါက်ကရတွေ ပြောမနေစမ်းနဲ့၊ ခုကိစ္စဟာ ပေါ့ပေါ့ တန်တန် ပြောလို့ ဖြစ်တာမဟုတ်ဘူး၊ ရှုးပေါ်ပေါ်လုပ်မနေနဲ့၊ မေတ္တာတရားဆိုတာ ခုစိုက်ခုသီး ခုပွင့် ဖြစ်နိုင်တာမဟုတ်ဘူး'

မော်လင်က သူမစကားကို ဂရုစိုက်ခြင်း မပြုတော့ချေ။

'ဒါကတော့ အဒေါ်ရှန်းစိတ်နဲ့ အဒေါ်ရှန်း ကိုယ်ပဲ၊ အဒေါ်ရှန်းက သိုင်းလောကကြီးတစ်ခုလုံးမှာ ပြိုင်စံရှားတဲ့ အမျိုးသမီး သိုင်းသမားတစ်ယောက်ပဲ၊ ပြောရရင် တစ်ခေတ်မှာ တစ်ယောက်လို့ဆိုရတဲ့ အမျိုးသမီးပဲ၊ မာနကြီးသလောက် သိက္ခာလည်းကြီးတယ်၊ ယောကျာ်းတိုင်းကို ဖွတ်တွေ၊ ဆန်ကွဲတွေလို့ ထင်နေတာလည်း အမှန်ပဲ၊ ဒါကြောင့်လည်း သိုင်းလောကသား

www.burmeseclassic.com

www.burmeseclassic.com

တွေက တီးတိုး ဘွဲ့ပေးခဲ့ကြတာ၊ ဘာတဲ့ 'ရေခဲသူဇာ လှမျက်နှာ'တဲ့၊ မှန်တယ်၊ အဒေါ်ရှန်းဟာ လူတကာ တီးတိုးပြောရလောက်အောင် ချောပြီး မာနကြီးလွန်းတဲ့ အဒေါ်ရှန်းပဲ'

မော်လင့်စကားကြောင့် စီးမင်ရှန်းသည် သိမ့်သိမ့်တုန်အောင် ရယ်မောမိတော့သည်။

ထို့နောက်. . . .

'ဝန်ရင်မော်ဟာ သိုင်းလောကတစ်ခုလုံးမှာ အတော်ဆုံး အချောဆုံး၊ စိတ်သဘောထား အကောင်းဆုံး လူတစ်ယောက်ပါ မော်လင်၊ သူ့အရည်အချင်းကို မီသူ တစ်ယောက်မှ မရှိသေးပါဘူး၊ ဒါကြောင့်လဲ သူ ရှုံးသွားပေမယ့် ငါ့ရင်ထဲမှာတော့ တမ်းတမ်းတတ စွဲမြဲနေတုန်းပဲ'

စီးမင်ရှန်းသည် တုန်ယင်လှိုက်လှဲ့စွာပြောယင်း မျက်ရည်များ ဝဲလာတော့သည်။

မော်လင်သည် စီးမင်ရှန်းကိုကြည့်ပြီး၊ နှုတ်ခမ်းထလှုပ်လှုပ် ဖြစ်လာသည်။

'အဒေါ်ရှန်းပြောတာ မှန်တယ်၊ ဒါကြောင့်လဲ ကျွန်တော် အဒေါ်ရှန်းကို သနားနေတာပဲ၊ အဒေါ်ရှန်းရဲ့ ခံစားချက်တွေကိုလည်း သူ့ကို သိစေချင်ပါတယ်ဗျာ'

'မော်လင်၊ မင်း ဘာတွေလျှောက်ပြောနေတာလဲ'

'ကျွန်တော်လည်း ရင်ထဲရှိသလို ပြောလိုက်တာပဲ အဒေါ်ရှန်း'



'ဒီအကြောင်းတွေကိုပြောရင် မေမေကြီးကို သတိရလာပြန်တယ်ဗျာ၊ သတိရတော့လဲ အပြစ်တင်ချင်မိပြန်ရော'

'ဟင်း. . . မပြောသင့်တာတွေ ပြောနေပြန်ပါပြီ၊ ဂိုဏ်းချုပ်ကြီးကို ဒီလိုမပြောသင့်ဘူး မော်လင်'

စီးမင်ရှန်းက ဟိုဟိုသည်သည် လှည့်ကြည့်ပြီး ထိတ်ထိတ်ပျာပျာ ပြောသည်။

မော်လင်က စီးမင်းရှန်း၏ ထိတ်လန့်မှုကို ဂရုမစိုက်ပြန်ချေ။

'ဟုတ်တယ် အဒေါ်ရှန်း၊ ဇီးပန်းချောင်ဆိုတာ ကျွန်တော့်အတွက်တော့ သီးခြားကမ္ဘာလေးတစ်ခုပဲ၊ အဲဒီမှာ ရှိတဲ့ယောက်ျားတွေဟာ လယ်ထွန်ကြ၊ စပါးစိုက်ကြနဲ့ အေးအေးဆေးဆေး လုပ်ကိုင်နေကြတာ၊ မိန်းမတွေဆိုလည်း ပိုင်းငင်ကြ၊ ရက်ကန်း ရက်ကြနဲ့ ကိုယ့်အလုပ်ကိုယ် အေးအေးဆေးဆေး လုပ်နေတဲ့လူတွေချည်းပဲ။

ဒီလို အခြေအနေမျိုးမှာ မေမေကြီးက သူတစ်ပါး လျှို့ဝှက်ချက်ကို လုယူလာတယ်ဆိုတော့ ဟင်း. . . ဒါဟာ ဘာသဘောလဲ အဒေါ်ရှန်း၊ အေးဆေးမှုကို မအေးဆေးအောင် လုပ်လိုက်တာနဲ့ မတူဘူးလား၊ ပြောတာကတော့ သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးချင်လို့၊ သိုင်းလောကသားတွေကို ညီညွတ်စည်းလုံးစေချင်လို့တဲ့။

ဒါ သူ့ အကြောင်းပြချက်ပါ။ ဒီ အကြောင်းပြချက်နဲ့ပဲ အသေးစိတ် အစီအစဉ် ရေးဆွဲပြီး ဆောင်ရွက်ခဲ့တာပဲ၊ ဒါပေမယ့် မေမေကြီးရဲ့ ရည်ရွယ်ချက်တွေ မအောင်မြင်ခဲ့ဘူး မဟုတ်လား၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်မို့ ဝန်ရင်မော်ကို ဖမ်းဆီးခဲ့တာပေါ့၊ ဒီအချက်ဟာ သူ့တွက်ထားသလို သိုင်းလောကတစ်ခုလုံးကို တုန်လှုပ်စေခဲ့တာ လက်တွေ့ပဲ၊ ဒါကြောင့်လဲ မလိုအပ်တဲ့ သွေးမြေကျမှုတွေ ဖြစ်ပွားနေတာပေါ့'

'မင်း အပြစ်မတင်သင့်ဘူး မော်လင်၊ မကျေမနပ် ဖြစ်စရာလည်း မလိုဘူး၊ ဒါတွေဟာ ဂိုဏ်းချုပ်ကြီးရဲ့ ထိပ်တန်း ဆုံးဖြတ်ချက်'

'ဩော်. . . အခေါ်ရှန်းက မေမေကြီးလုပ်သမျှ ထောက်ခံတယ်ပေါ့'

'ငါက သူ့လက်အောက်ငယ်သားပဲ မော်လင်၊ ဘာမေးစရာ လိုသေးလို့လဲ'

'လက်အောက်ငယ်သား၊ လက်အောက်ငယ်သား၊ ဟင်း. . လက်အောက်ငယ်သားတဲ့လားဗျာ၊ ဒီစကားလုံးဟာ ကျွန်တော့်အဖို့တော့ အင်မတန် နားခါးစေတဲ့ စကားလုံးပဲ၊ မေမေကြီးဟာ သိုင်းလောကကို အုပ်စိုးဖို့ ကြံစည်နေတာပါ၊ ဒါ လောဘကြီးတာပဲ၊ ဒီလောဘကြောင့် သားအရင်းကိုတောင် ဝရှုစိုက်ရမှန်း မသိတော့ဘူး၊ ဒီအတွက်ကြောင့် သားအရင်းကိုတောင် မထွေးပိုက်အားတော့ဘူး၊ တွေးရင်လေ. . . တွေးရင်. . . .'

မော်လင်သည် အထီးကျန်ခံစားမှုကို ဖွင့်အန်ရင်း စကားဖြတ်သွားတော့သည်။

စီးမင်ရှန်း မျက်လုံးပြူးလာသည်။

○



မျက်နှာတွင် ဒေါသရောင်သမ်းလာသည်။

'မော်လင်. . . . မင်းစကားကို အရမ်းအရမ်း မပြောနဲ့'

'ပြောတယ်ဗျာ၊ ပြောတော့ ဘာဖြစ်သလဲ၊ ကျွန်တော်က ဟုတ်တာကို ပြောနေတာ၊ မေမေကြီးက ကျွန်တော့်ကို သား ရယ်ဆိုပြီး ဘယ်တုန်းကများ ကြင်ကြင်နာနာ ဂရုစိုက်ခဲ့လို့လဲ၊ ခုတစ်လောမှာ အဆောင်ထဲကိုတောင် ဝင်ခွင့်မပေးတော့ဘူး။

အလျင်တုန်းကတော့ လေးငါးကြိမ်လောက် ဝင်တွေ့ခဲ့ဖူးပါတယ်၊ ဒီလောက်နဲ့ လုံလောက်မလား၊ သားနဲ့အမေ ဆက်ဆံရေးဆိုတာ ဒါပဲလား၊ မေမေကြီး လုပ်နေပုံက တစ်နေ့ထက်တစ်နေ့ မျက်နှာလွှဲ ခဲပစ်လုပ်နေတာပဲ၊ အမိရဲ့ အေးမြတဲ့ တုန္ဒိုင်းမရှုတဲ့ မေတ္တာဆိုတာ ဘယ်မှာလဲ။

တကယ်တော့ မေမေကြီးဟာ ဂိုဏ်းချုပ်ကြီး မဖြစ်သင့်ဘူး၊ ကျွန်တော်လည်း ဂိုဏ်းချုပ်သခင်လေး မဖြစ်သင့်ဘူး၊ လုပ်လဲ မလုပ်ချင်ဘူး၊ လွတ်လပ်တဲ့ သာမန်လူတွေလို သားရယ် အမေရယ်ဆိုပြီး ထွေးထွေးပိုက်ပိုက် ယုယုယယနဲ့ ကြီးပြင်းလာချင်တာ ကျွန်တော့်ဆန္ဒပဲ၊ ခုတော့ဗျာ. . . . ဟင်း. . . .'

မော်လင်သည် စိတ်မောလူမောဖြစ်လာသဖြင့် သက်ပြင်းကိုသာ ဟင်းခနဲ ချလိုက်မိတော့သည်။

စီးမင်းရှန်းသည် မော်လင်၏ မေတ္တာငတ်မှုကို စာနာထောက်ထားမိလာသဖြင့် ငြိမ်ပြီး တွေဝေသွားသည်။

အတန်ကြာမှ အေးစက်စက် ပြောလာသည်။

○

www.burmeseclassic.com

www.burmeseclassic.com



'အင်း. . . .မင်းလည်း အထီးကျန် ဝေဒနာကို တော်တော်ခံစားနေရတာကိုး၊ ဒါပေမယ့် မေမေကြီးကိုတော့ အထင်မမှားသင့်ဘူး မော်လင်၊ မေမေကြီးဟာ သာမန်အမျိုးသမီးတစ်ယောက် မဟုတ်သလို မင်းလဲ သာမန်လူငယ်တစ်ယောက် မဟုတ်ပါဘူး၊ ဒီအချက်ကို မင်းခေါင်းထဲမှာ လေးလေးနက်နက် ထည့်သွင်းထားချင်တယ် မော်လင်'

'ဒါကို ကျွန်တော် သိတယ် အဒေါ်ရှန်း၊ ရှေးခေတ်ကတည်းက ပေါ်ထွန်းခဲ့တဲ့ အမျိုးသမီး သူရဲကောင်းတွေအကြောင်းလည်း ကျွန်တော် ကြားဖူးပါတယ်၊ သူတို့ဘဝတွေကိုလည်း လေ့လာမိပါတယ်၊ ဒါပေမယ့် သားအရင်းကို ဂရုမစိုက်ပဲ၊ ပစ်ထားတဲ့ အမျိုးသမီး သူရဲတောင်းရယ်လို့တော့ တစ်ယောက်မှ မကြားဖူးသေးပါဘူး'

မော်လင်သည် ဖျောင်းဖျလေ ကမ်းတက်လေ ဖြစ်နေသည်။

'တကယ်တော့ မေမေကြီးဟာ မင်း ထင်သလို မဟုတ်ပါဘူးကွယ်၊ ကြီးလေးတဲ့ တာဝန်ဝတ္တရားတွေကြောင့် အဒေါ်ရှန်းကို ရာထူး တာဝန်ပေးပြီး မင်းကို ပြုစုစောင့်ရှောက်ခိုင်းထားတာပါ။ မိခင်မေတ္တာဆိုတာ အတိုင်းအဆ မရှိအောင် နက်ရှိုင်းလှတယ် မော်လင်၊ ဒါကြောင့်လဲ မင်းနဲ့ငါ ရင်အုပ်မကွာ ရှိနေကြတာပဲ'

မော်လင်သည် စီးမင်းရှန်းစကားကို တဟဲဟဲ ရယ်ပစ်လိုက်သည်။



'ကျွန်တော်ပြောမယ်၊ အဒေါ်ရှန်း စိတ်တော့မဆိုးရဘူး၊ မိခင်မေတ္တာဆိုတာ ဘာနဲ့မှ အစားထိုးလို့မရဘူးလို့ လူတိုင်းပြောတာချည်းပါ၊ ဒါကို ပမာထားပြီး ကျွန်တော့်ကို အနိုင်ယူကြတာချည်းပဲ၊ ဒီကိစ္စကို အပိုစကားတွေနဲ့ ဆင်ခြင်ပေးမနေနဲ့တော့ဗျာ'

စီးမင်းရှန်းသည် ရင်ထဲ ထိတ်ကနဲဖြစ်သွားပြီး ကြေကွဲသလို ဖြစ်သွားတော့သည်။

မော်လင်သည် မိခင်မေတ္တာ ငတ်နေသူပါတကား။

မိခင်၏ အကြင်နာ၊ အယုအယများ ကင်းကွာနေသဖြင့် ဒေါသပေါက်ကွဲနေသူပါတကား။

xxx

စီးမင်းရှန်းသည် အခြေအနေကို သဘောပေါက်နေသဖြင့် ချိုချိုသာသာ နွေးနွေးထွေးထွေး ပြောရပြန်တော့သည်။

'မော်လင်. . . မင်း ငါ့ကိုစိတ်ဆင်းရဲအောင် ပြောနေတာလားကွယ်'

'ကျွန်တော့်မှာ အဒေါ်ရှန်းကို စိတ်ဆင်းရဲစေလိုတဲ့ ဆန္ဒ ဘယ်တုန်းကမှ မရှိခဲ့ပါဘူးဗျ၊ အဒေါ်ရှန်းကလည်း ကျွန်တော် ဘာပြောပြော ဘယ်တော့မှ စိတ်မဆိုးဘူးလို့ ကျွန်တော်သိထားပါတယ်၊ ပြီးတော့ ကျွန်တော်ပြောတာတွေဟာလည်း အရှိကို အရှိအတိုင်း အမှန်ကိုအမှန်အတိုင်း ပြောနေတာပါ'

စီးမင်းရှန်းသည် မော်လင်ကို ကြည့်ပြီး သက်ပြင်း ဟင်းခနဲ

www.burmeseclassic.com

www.burmeseclassic.com



ချလိုက်သည်။

'ကဲ ကဲ . . ဒါတွေ ပြောမနေနဲ့တော့ မော်လင်၊ တချို့ကိစ္စတွေဟာ ငါ့အနေနဲ့ ထုတ်ပြောလို့ မဖြစ်တာတွေကွယ်၊ ဒါကို မင်း သဘောပေါက်ထားစေချင်ပါတယ်'

'သဘောပေါက်ပါတယ် အဒေါ်ရှန်း၊ ကျွန်တော့်မှာ ထပ်ပြော စရာအကြောင်း ဘာမှမရှိတော့ပါဘူး၊ ကျွန်တော် အခြေအနေကို အဒေါ်ရှန်း သဘောပေါက်ယင် ပြီးတာပါပဲ'

'ကဲ ကဲ. . . အချိန်မရှိဘူး၊ သွားကြစို့'

စီးမင်ရှန်းသည် မော်လင့်လက်ကိုဆွဲပြီး ခပ်သုတ်သုတ် လျှောက်ထွက်ခဲ့တော့သည်။

■



## အခန်း ၈၂

## လျှို့ဝှက်အစီအစဉ်

သန်းခေါင်ကျော်၍ သုံးချက်ပင် တီးသွားခဲ့ချေပြီ။

တည်းခိုရိပ်သာကြီးသည် အမှောင်ထုအောက်၌ တိတ်ဆိတ် ငြိမ်သက်နေဆဲတည်း။

ရုတ်တရက် မည်းမည်းသဏ္ဌာန် တစ်ခုသည် ဝိုးခနဲ ခုန်ပျံပြီး အနောက်ခြံဝင်းထဲသို့ ကျရောက်လာလေ၏။

ထိုအရာသည် အနက်ဝတ်ထားပြီး မျက်နှာဖုံးစွပ် တပ်ဆင်ထားသည့် လူတစ်ယောက်ပင် ဖြစ်သည်။

ထိုလူသည် အရပ်မြင့်ပြီး မျက်လုံးရောင်သည် ကြယ်ရောင် လို တဖျတ်ဖျတ် တောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် ခိုးကြောင်ခိုးဝှက် ဝင်လာသူ ဖြစ်သော်လည်း ကြောက်ရွံ့စိုးထိတ်ဟန် စိုးစဉ်းမျှ မရှိချေ။

ထိုလူသည် ခြံဝင်းထဲတွင် ခြေစုံရပ်မိသည်နှင့် ပတ်ဝန်းကျင်ကို ဖျတ်ခနဲ အကဲခတ်လိုက်သည်။

ထိုနောက် ကြိုတင်စီစဉ်ထားသည့်အတိုင်း လျှို့ဝှက်ဆက်သွယ်မှု ဖြစ်ဟန်ရှိသည့် စကားဝှက်ကို ရေရွတ်လိုက်သည်။

'နေပြည်တော် မျက်နှာ မိန်းမချော'

ထိုအသံကြောင့် အမှောင်ရိပ်ခိုပြီး စောင့်ကြပ်နေကြသည့် (ထန်ရှန်းဂိုဏ်းမှ) အဝါဝတ်နှစ်ယောက်သည် ထိတ်လန့်တုန်လှုပ်သွားကြသည်။

သူတို့နှစ်ယောက်သည် စည်းကမ်းထိန်းနှစ်ယောက်ပင် ဖြစ်သည်။

သူတို့သည် တစ်ဘက်လူ၏ ဆက်သွယ်မှုကို စကားဝှက်နှင့်ပင် ပြန်ပြီး တုံ့ပြန်လိုက်ကြသည်။

'စကြာဝဠာမယ် ဖြစ်ပါတယ်၊ မိတ်ဆွေက'

အဝါဝတ်နှစ်ယောက် တုံ့ပြန်သံ မဆုံးမီမှာပင် မျက်နှာဖုံးစွပ်နှင့်လူသည် အနောက်ဆောင်အတွင်းသို့ လှစ်ခနဲ ရောက်ရှိသွားလေသည်။

ထိုအခါကျမှ အဝါဝတ်စည်းကမ်းထိန်းနှစ်ယောက်လည်း အမှောင်ရိပ်မှ ထွက်ခွာခဲ့ကြတော့သည်။

မျက်နှာလုံး စွပ်နှင့်လူသည် ထိုအခါကျမှ အဝါဝတ်နှစ်ယောက်အား ပစ္စည်းတစ်ခုကို ဝှေ့ယမ်းပြသလာသည်။



ထိုနောက် ထိုပစ္စည်းကို ချက်ချင်းပြန်သိမ်းလိုက်သည်။

အဝါဝတ်နှစ်ယောက်သည် မျက်လုံးပြူးပြီး ကြည့်နေရာမှ. .

'ဪ. . . ခင်ဗျားက' ဟု ရေရွတ်လိုက်သည်။

မျက်နှာဖုံးစွပ်က-

'ကဲ. . . ဘေးဖယ်နေကြစမ်း'

ဟုဆိုပြီး လက်တစ်ဘက်ကို ယမ်းခါလိုက်ပြန်သည်။

အဝါဝတ်နှစ်ယောက်သည် 'ဟုတ်ကဲ့ပါ ခင်ဗျာ' ဟုဆိုပြီး ဦးညွှတ်ဂါရဝပြုကာ ဘေးတစ်ဘက်တစ်ချက်ဆီသို့ ဖျတ်ခနဲ ခုန်ထွက်သွားကြသည်။

မြန်သည်။ နှစ်ယောက်စလုံး အရှေ့ဆောင်ဘက်သို့ ရောက်ရှိသွားကြပေပြီ။

အကျီနက် မျက်နှာဖုံးစွပ်သည် သူတို့ကို ဂရုမပြုတော့။

အနောက်ဆောင် တံခါးပေါက်ကို ကျော်ပြီး အတွင်းသို့ ဝင်လာခဲ့တော့သည်။

ထိုနောက် ဘေးဘက်တွင်ရှိသော ခြံဝင်းတံတိုင်းအနီးသို့ ဖျတ်ခနဲ ခုန်ပျံပြီး တိုးကပ်သွားပြန်သည်။

ထိုမှ ခြံတံတိုင်း တစ်လျှောက်အတိုင်း လှစ်ခနဲ လှစ်ခနဲ ပြေးခဲ့ပြန်တော့သည်။

မကြာပါ. . . သစ်ရွက် သစ်ခက်များ ဖားဖားဝေနေ

www.burmeseclassic.com

www.burmeseclassic.com



သည့် သစ်ပင်ကြီးတပင် အနီးသို့ ရောက်ရှိသွားသည်။

ထိုအခါ. . . သစ်ပင်အောက်တွင် မတ်မတ်ကြီး ရပ်နေသည့် လူတစ်ယောက်ကို တွေ့ရတော့သည်။

ထိုလူသည် အခြားသူမဟုတ်၊ ဟူဝန်ဟူပင် ဖြစ်သည်။

ဟူဝန်ဟူသည် အကျီနက် မျက်နှာဖုံးစွပ်ကို မြင်သည်နှင့် ဖျာဖျာသလဲ ဦးညွတ်ဂါရဝပြုတော့သည်။

'သခင်ကြီး'

'ဟုတ်ပါတယ်၊ သခင်ကြီး အမိန့်ရှိလိုက်လို့ ကျုပ် ရောက်လာတာပါ'

အကျီနက် မျက်နှာဖုံးစွပ်တလည်း လေးလေးစားစား ပြန်ပြောသည်။

ဟူဝန်ဟူက-

'လေးငါးရက်ကြာမှ အဖြေရပါလိမ့်မယ်'

'ဟုတ်လား'

'ဟုတ်ပါတယ်၊ စီးမင်ရှန်းက သူတို့ ဂိုဏ်းချုပ်ကြီးရဲ့ ညွှန်ကြားချက်ကို ရယူရဦးမှာမို့ပါ'

'ကောင်းပြီ၊ သခင်ကြီး အမိန့်ရှိလိုက်တာကတော့ လူချင်းလဲလှယ်ဖို့ကိစ္စကို မဖြစ်ဖြစ်အောင် လုပ်ရမယ်တဲ့၊ လိုအပ်ယင် သူတို့ဂိုဏ်းချုပ်ကလေး မော်လင်ကိုတောင် ဖမ်းဆီးထားရမယ်တဲ့၊ ဒီလိုနည်းနဲ့ပဲ ဝန်ရင်မော်အတုကို မရရအောင် လဲယူရမယ်တဲ့'

'ဟုတ်ကဲ့၊ အမိန့်အတိုင်း ဆောင်ရွက်ပေးပါ့မယ်၊ ဒါပေမဲ့



လွယ်လွယ်နဲ့တော့ အောင်မြင်မယ်မဟုတ်ဘူး၊ သူတို့ဘက်မှာလဲ အဆင့်မြင့် သိုင်းပညာရှင်တွေ အများကြီး ရှိနေတယ်'

ဟူဝန်ဟူက တာဝန်ယူ ကတိပြုပြီးသည်နှင့် အခက်အခဲကို မြန်မြန်ဆန်ဆန် တင်ပြသည်။

အကျီနက် မျက်နှာဖုံးစွပ်က. . . .

'ဒါကို ခင်ဗျားခေါင်းထဲ ထည့်ထားဖို့မလိုဘူး၊ အရေးသိပ်ကြီးရင် ခင်ဗျားကိုလည်း ရပ်ဆိုင်းခိုင်းမှာ မဟုတ်ဘူး၊ သိချင်တာက မင်ရင်ကြယ်ဆိုတဲ့လူဟာ အတွင်းအားတွေ တကယ်ပျက်စီးနေပြီလား'

'အင်း. . . သူ့ရဲ့အတွင်းအားတွေ လျော့နည်းဖြီးကမောက်ကမ ဖြစ်မနေရင် ခုလို ခေါင်းငုံ့ပြီး သည်းခံနေမှာ မဟုတ်ဘူးလို့ ယူဆပါတယ်'

'ဟဲ ဟဲ. . . ကျုပ်တို့ အထက်က သခင်ကြီးကတော့ သူတို့ ဟန်ဆောင်နေတယ်လို့ ယူဆနေတယ်ဗျ'

'ဟန်ဆောင်နေတယ် ဟုတ်လား'

'ဟူဝန်ဟူက မရှင်းလင်းသေးဘူးလားဗျာ'

'ဟုတ်. . . ဟုတ်ကဲ့၊ ကျုပ်သဘောပေါက်ပါတယ်၊ ရှင်းလဲ ရှင်းလင်းပါတယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်အသက်ကို ပေးဝံ့ပါတယ်။

ပြောသာပြောသည် ဟူဝန်ဟူသည် တုန်တုန်ယင်ယင်ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ သခင်ကြီးဟူး၊ ကျုပ်တို့ သခင်ကြီး မိန့်ကြားလိုက်တာကတော့ ထန်းရှန်းဂိုဏ်းကို လုံးဝပျက်ပြုန်းသွားအောင် ချေမှုန်းပြပါမယ်တဲ့၊ ဒီကိစ္စအတွက် လူချင်း မလဲခင်ကတည်းက ကြိုတင်ပြီး စီစဉ်ဆောင်ရွက်ထားပါတဲ့'

'ဟုတ်ကဲ့၊ အမိန့်အတိုင်း ဆောင်ရွက်ထားပါ့မယ်တဲ့'

'ဒါပဲ၊ ကျုပ်သွားမယ်၊ ကျုပ်ထပ်ပြီး ပြောချင်တာက အနောက်ဆောင် ပတ်ဝန်းကျင်မှာ ထန်းရှန်းဂိုဏ်းက အဆင့်မြင့် သိုင်းသမားတွေ ခြေရာချင်းထပ်အောင် စောင့်ကြပ်နေကြပြီ၊ ဒါကြောင့် အစစအရာရာ သတိကြီးကြီးထားပြီး နေပါ'

'ဟုတ်ကဲ့၊ စိတ်ချပါ သခင်ကြီး'

'ကောင်းပြီ၊ ကဲ. . . သွားမယ်'

အနက်ဝတ်မျက်နှာဖုံးစွပ်သည် စကားဆုံးသည်နှင့် ရပ်နေရာမှ ရိပ်ခနဲ ခုန်ပျံထွက်သွားသည်။

မကြာမီ ထိုလူသည် အမှောင်ထုထဲသို့ ဝင်ပြီး လုံးဝပျောက်ကွယ်သွားတော့သည်။

ဟူဝန်ဟူသည် ထိုနေရာတွင် ရပ်မနေတော့၊

မိမိတည်းခိုနေသည့် အခန်းရှိရာသို့ လှစ်ခနဲလှစ်ခနဲ ပြေးထွက်လာခဲ့တော့သည်။



# အခန်း (၈၃)

## ကျိုအိမ်ထဲက သူညို

ထိုအချိန်၌ အကျီနက် မျက်နှာဖုံးစွပ်သည် အရှေ့ဆောင် အနောက်ဘက်တွင်ရှိသော မြေကွက်လပ်အနီးသို့ ရောက်ရှိနေသည်၊

ထိုမြေကွက်လပ်တွင် ပိန်ပိန်အဘိုးကြီးနှင့် ဝဝအဘိုးကြီးသည်လည်း ပခုံးချင်းယှဉ်ပြီး ရပ်နေကြသည်၊

အနက်ဝတ် မျက်နှာဖုံးစွပ်သည် ခြေစုံရပ်နေရာမှ မြေကွက်လပ်တွင်းသို့ ဖျတ်ခနဲ ခုန်ဝင်လိုက်သည်၊

ထိုနောက် အဘိုးကြီးနှစ်ယောက် ရှေ့တွင် မားမားမတ် ရပ်လိုက်သည်၊

www.burmeseclassic.com



တပြိုင်နက်တည်းတွင် အဘိုးကြီးနှစ်ယောက်၏ အရိပ်အကဲကိုပါ လျှပ်ပြက်သလို အကဲခတ်လိုက်သည်။

ထို့နောက် လက်သီးဆုပ်ပြီး ဦးညွှတ်လိုက်သည်။

'ဆရာကြီးတို့ကို ဂါရဝပြုပါတယ်ခင်ဗျား'

အဘိုးပိန်နှင့် အဘိုးဝတို့ကလည်း အကျီနက် မျက်နှာဖုံးစွပ်ကို ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်ကြသည်။

ထို့နောက် သူတို့အချင်းချင်း လှမ်းကြည့်ပြီး ခေါင်းညိတ်လိုက်ကြသည်။

အဘိုးဝက စမေးသည်။

'နေပါဦး၊ မင်းက ဒီကို ဘာလာလုပ်တာလဲ'

'ကိစ္စရှိလို့ပါခင်ဗျာ'

ကျိုးနွံသောအသံ ဖြစ်သည်။

'ဘာကိစ္စလဲ. . . ပြော'

ဘိုးဝအသံက ခပ်မာမာ။

အကျီနက် မျက်နှာဖုံးစွပ်၏ စကားမဆုံးမီမှာပင် အဘိုးဝက ဖြတ်ပြောသည်။

'ဒီကိစ္စကို ဂိုဏ်းချုပ်ဆီ တင်ပြထားတုန်းပဲ'

'ဒီလိုဆိုယင် ကျွန်တော်တို့ဘက်က လူချင်းမလဲဘဲနေဖို့ တင်ပြပေးပါဦး ဆရာကြီး'

'ဘာဖြစ်လို့လဲကွ. . .'

အဘိုးဝက ခပ်မာမာ မေးသည်။



အကျီနက် မျက်နှာဖုံးစွပ်က စဉ်းစဉ်းစားစားလုပ်ပြီး တစ်လုံးချင်းဖြေသည်။

'ဒီလိုပါဆရာကြီး၊ ကျို့ကုံးချင်က ဒုတိယ ဝန်ရင်မော်အတုဟာ သခင်လေး ဝန်ရင်မော်ရဲ့ မိတ်ရင်းဆွေရင်းဖြစ်တဲ့ မျက်နှာတစ်ထောင် တစ်ကိုယ်တော် စည်သည်ကြီးလို့ ပြောပါတယ်၊ ဝန်ရင်မော်ရှိနေတဲ့ နေရာကိုလဲ သူတစ်ယောက်ပဲ သိတယ်လို့ ပြောပါတယ်၊ ဒါကြောင့်. . .'

'ဪ. . . လက်စသတ်တော့ အဲဒီလူဟာ လိန်ကူးချိ မဟုတ်လား'

'ဟုတ်ပါတယ်၊ လိန်ကူးချိ ဆိုတဲ့လူပါပဲ အဘိုးဝ'

'ဒါဖြင့် အဲဒီလိန်ကူးချိက သူကိုယ်သူ ကျို့ကုံးချင်ရဲ့လူလို့ ဘာဖြစ်လို့ ပြောနေသလဲ'

'ဝန်ရင်မော် ဘယ်မှာ ရှိနေတယ်ဆိုတာကို မပြောချင်လို့ ဖြစ်မှာပေါ့ အဘိုးဝရဲ့၊ ဒါကြောင့် အမှန်အတိုင်း ဝန်မခံတာပေါ့. . .'

'ကောင်းပြီ၊ နောက်ထပ် ဘာပြောစရာ ရှိသေးသလဲ'

'အနောက်ဆောင်က ပုဂ္ဂိုလ်တွေက လူချင်း မလဲလှယ်ဖြစ်ရင် ဂိုဏ်းချုပ်ကလေး သခင်လေး မော်လင်ကို တန်ဆာခံ လုပ်ဖို့ ကြိုးစားပါလိမ့်မယ်၊ ဒီသတင်းဟာ ခိုင်လုံတဲ့သတင်းပါ'

'ကောင်းပြီ၊ တို့စောင့်ကြည့်နေမယ်၊ သူတို့ ဘယ်လောက်ရဲသလဲဆိုတာ'

www.burmeseclassic.com

www.burmeseclassic.com



အဘိုးဝသည် ငြိမ်ပြီး မျက်မှောင်ကြုတ်သွားသည်။

ထို့နောက် အင်္ကျီနက် မျက်နှာဖုံးစွပ်ကို စိုက်ကြည့်သည်။

အတန်ကြာမှ. . . .

'နေပါဦး၊ မင်းက ကျို့ကုံးချွင်ရဲ့လူ ဘယ်လိုဖြစ်သွားခဲ့တာလဲ'

'အထက်အမိန့်နဲ့ လူချင်းလဲပြီး ရောနေရတာပါ'

'နေပါဦး၊ ကျို့ကုံးချွင်ဟာ ဝန်ရင်မော်ကို ဒုက္ခပေးခဲ့သူ မဟုတ်လားတွ'

'မဟုတ်ပါဘူးခင်ဗျ၊ ဝန်ရင်မော်ကို ဒုက္ခပေးသူဟာ တခြားတစ်ယောက်ပါ'

'ဒါဖြင့်. . . . ဝန်ရင်မော်ကို ဒုက္ခပေးသူ ဘယ်သူဆိုတာ မင်း သိသလား'

'အခြားလူတစ်ယောက်လို့သာ သိပါတယ်၊ ဘယ်သူဘယ်ဝါရယ်လို့တော့ သိမထားပါဘူး'

'မင်းက. . . . တို့ကို ညာဝံ့သလား'

အဘိုးဝ၏ အသံသည် သိသိသာသာ ခက်ထန်မာကျောလာသည်။

အင်္ကျီနက် မျက်နှာဖုံးစွပ်က အေးစက်စက်ပြန်ပြောသည်။

'ကျွန်တော် မညာဝံ့ပါဘူး ခင်ဗျ'

'ဒါဖြင့်. . . . အဲဒီလူ ဘယ်သူဆိုတာ ပြော'

'ကျွန်တော် တကယ်မသိတာပါ ဆရာကြီး'



ဤတွင် ငြိမ်နေသော အဘိုးပိန်ပါ ဒေါသထွက်လာတော့သည်။

အဘိုးဝ ရှုးရှုးရှားရှားဖြစ်လာသော အဘိုးပိန်ကို လှမ်းထိန်းလိုက်သည်။

'ဒေါသမကြီးနဲ့ ငါ့ညီ၊ သူ တကယ်မသိလို့ မသိဘူး ပြောတာပါ'

အဘိုးပိန်သည် မကျေနပ်သော်လည်း ကိုယ်ရှိန်ပြန်သတ်လိုက်သည်။

ထို့နောက် အင်္ကျီနက်နှာဖုံးစွပ်ကို စိုက်ကြည့်ပြီး. . .

'ဒီလိုဆိုရင် ကျို့ကုံးချွင်ဆီမှာ သူလျှို ဝင်လုပ်နေတာ ဘာအကျိုးရှိသလဲ'

'ကျွန်တော့်ကို ဂိုဏ်းချုပ်ကြီးက တိတိကျကျ ညွှန်ကြားထားလို့ပါ၊ သိထားတာ့ကို အရမ်းမပြောရဘူးတဲ့'

'ဘာ. . . မင်း ဘယ်လိုပြောလိုက်တာလဲ၊ ဂိုဏ်းချုပ်ကြီးကို အကာအကွယ်ယူပြီး တို့ကို အနိုင်ယူတာလား'

'မ. . . မဟုတ်ရပါဘူးခင်ဗျာ၊ ကျွန်တော့်မှာ ဒီသဘောမျိုး မရှိမျှဘူး'

'ဒါဖြင့်. . . တို့ ညီအစ်ကိုမှာ တိကျတဲ့သတင်းကို ကြားနာနိုင်တဲ့အခွင့်အရေး မရှိလို့လား'

အဘိုးပိန်စကားကြောင့် အင်္ကျီနက်ဝတ် မျက်နှာဖုံးစွပ် အကြပ်ရိုက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



နဖူးတွင်ပင် ဇောချွေးများ စို့လာနေချေပြီ။

'ဒီ. . . ဒီလိုလဲ မဟုတ်ရပါဘူး ခင်ဗျာ'

'ဂိုဏ်းချုပ်ကြီးရဲ့ ပြင်းထန်တဲ့အမိန့်ကြောင့်ပါ'

အဘိုးပိန်သည် အေးအေးဆေးဆေး တင်ပြနေကာမှ ဒေါသ ပိုကြီးလာတော့သည်။

အဘိုးဝသည် အဘိုးပိန်၏ ဒေါသကို ရိပ်မိနေသဖြင့် ကမန်းကတန်း တားမြစ်ပြီး အေးအေးဆေးဆေး ပြောသည်။

'ဒေါသ ကြီးမနေစမ်းပါနဲ့ ညီရယ်၊ သူမှာလဲ ကြီးလေးတဲ့ တာဝန်နဲ့ပါ၊ ဂိုဏ်းချုပ်ကြီးကိုယ်တိုင်က ပြင်းပြင်းထန်ထန် အမိန့် ထုတ်ထားတယ်ဆိုတော့ ထုတ်ပြောလို့ ဘယ်ဖြစ်ပါ့မလဲ၊ သူမပြောဘဲ နေတာကိုက ဂိုဏ်းရဲ့စည်းကမ်းကို ထိန်းသိမ်းနေတာပါ၊ ဂိုဏ်း အကျိုးကို ဦးထိပ်ထားနေတာပါ၊ တို့လဲ ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ရဦး မှာပဲဟာ၊ အဲဒီတော့မှ မေးကြည့်ကြတာပေါ့'

အဘိုးပိန်သည် မည်သို့မျှ စောဒက မတက်တော့ပဲ သက် ပြင်းချပြီး ငြိမ်သက်သွားတော့သည်။

အကျီနက်ဝတ် မျက်နှာဖုံးစွပ်လည်း ခုမှ အသက်ရှူချောင် သွားတော့သည်။

အဘိုးဝသည် ဆိုးရွားသော အခြေအနေကို ထိန်းသိမ်း လိုက်သည်နှင့် အကျီနက်ဝတ် မျက်နှာဖုံးစွပ်ကို လှမ်းပြော တော့သည်။

'ကဲ. . . ပြောစရာကုန်ရင် မင်း သွားနိုင်ပြီ'



အကျီနက်ဝတ် မျက်နှာဖုံးစွပ်က ဦးညွှတ် ဂါရဝ ပြုပြီး. . .

'ဟုတ်ကဲ့ ခင်ဗျ၊ ကျွန်တော့်မှာ တင်ပြစရာလေး နည်းနည်း ရှိနေပါသေးတယ်၊ ကျွန်တော့် ကျိုးအိမ်တော်မှာ သူလျှိုလုပ်နေတဲ့ ကိစ္စတို စီးမင်ရှန်းနဲ့ ဂိုဏ်းချုပ်သခင်လေး မော်လင်တို့ မသိပါစေနဲ့ ခင်ဗျာ'

အဘိုးကြီးနှစ်ယောက်သည် မျက်မှောင်ကြုတ်သွားကြပြီး

'ဟေ. . . ဘာဖြစ်လို့လဲကွ' ဟု မေးလာသည်။

အကျီနက်ဝတ် မျက်နှာဖုံးစွပ်က ဟိုဟိုသည်သည် လှည့် ကြည့်လိုက်ပြီး ခပ်တိုးတိုးဖြေသည်။

'သူတို့ သိထားရင် စီးမင်ရှန်းအနေနဲ့ မတော်တဆ မင်ရင်ကြယ်ကို ပြောလိုက်မိရင် ကျွန်တော်တို့ အရေးတော်ကြီး ပျက်စီးသွားမှာကိုးလို့ပါ'

အဘိုးပိန်သည် ယခုမှ ပြုံးလာသည်။

'ဟုတ်တယ်. . . ၊ မင်း အမြင် မဆိုးဘူး၊ ဒါနဲ့ သခင်လေး မော်လင်အနေနဲ့ စီးမင်ရှန်းနဲ့ အတူတူနေတာဟာ ဘာဖြစ်လို့လဲဆို တာ မင်း သိသလား'

'မသိပါဘူး ခင်ဗျ၊ သခင်လေး မော်လင်နဲ့ စီးမင်ရှန်းတို့ အတူတူနေနေကြတာဟာ အလျင်ကတည်းက နေနေကြတာပဲဟာ'

'အေးအေး၊ ဒါပါပဲကွာ၊ ဒီကိစ္စကို ငါ သဘောပေါက် ပါတယ်၊ ကဲ. . . မင်းသွားတော့'

www.burmeseclassic.com

www.burmeseclassic.com



အဘိုးဝက သူ့အတွေးနှင့်သူပြောပြီး လက်တစ်ဖက်ကို ဝှေ့ယမ်းပြလိုက်သည်။

အကျီနက် မျက်နှာဖုံးစွပ်သည် ဘာစကားမျှ ထပ်မပြောတော့ဘဲ ဖျတ်ခနဲ ဖျတ်ခနဲ ခုန်ပျံလိုက်ပြီး တရကြမ်း ပြေးထွက်သွားတော့သည်။

■

*စာစဉ် (၅) ပြီး၏။*

*စာစဉ် (၆) ကို ဆက်လက်ဖတ်ရှုပါရန်*

*- တက္ကသိုလ်နေလင်းအောင်*

www.burmeseclassic.com